# နိဗ္ဗာနသုတ္တသင်္ဂဟ


နိကာယ်ငါးရပ်မှ နိဗ္ဗာန်နှင့်ဆိုင်ရာ
ဘုရားဟော သုတ်ပါဠိတော်များကို စုပေါင်း၍

**အရှင်အာဒိစ္စဝံသ-ဆရာတော်**

ဖွင့်ဆိုတော်မူသည်

---

ရန်ကုန်မြို့
အရှင်အာဒိစ္စဝံသကျောင်းတိုက်
နာယကချုပ်ဆရာတော် - အရှင်ပညာဇောတ
ကြည့်ကြပ်ရိုက်နှိပ်သည်



ကျမ်းပေါင်း ၄၀၀ - ကျော် ပြုစုခဲ့သော

အရှင်အာဒိစ္စဝံသ ဆရာတော်

# နိဗ္ဗာနသုတ္တသင်္ဂဟ

၄၅–ဝါ ကာလပတ်လုံး ဗုဒ္ဓဘုရားရှင်၏ နိဗ္ဗာန် ဆိုင်ရာ
ပါဠိတော်များကို နိကာယ်ငါးရပ်မှ ထုတ်နှုတ် စုစည်း၍
အဖွင့် သံဂြဟနာ နိသျ နှင့် တကွ

## အရှင်အာဒိစ္စဝံသ ဆရာတော်

ဖွင့်ဆို–ပြုစုတော်မူသည်

---

ရန်ကုန်မြို့
အရှင်အာဒိစ္စဝံသကျောင်းတိုက်
နာယကချုပ် ဆရာတော် အရှင်ပညာဇောတ
ကြည့်ကြပ် - ရိုက်နှိပ်သည်

MINGALA 381—A

ပဌမအကြိမ်   ရိုက်နှိပ်ခြင်း

၁၉၆၃—ခုနှစ်   ဖေဖော်ဝါရီလ

ဆရာတော် အရှင်ပညာဇောတ အတွက်

ဦးကြီးခင် ယာယီမှတ်ပုံတင်အမှတ် ( ၀၄၆၆ နှင့် ၀၅၃၅ )

တာဝန်ခံ ပုံနှိပ် ထုတ်ဝေသည်။

မင်္ဂလာပိဋကပုံနှိပ်တိုက်

၁၃၊ ၉၇—လမ်း၊ ဗင်္ဂါလီစု၊ ကန်တော်လေးစာတိုက်၊

ရန်ကုန်မြို့။

# မာတိကာ


| | | |
|---|---|---|
| | ကျမ်းပလ္လင် .... .... | ဏ |
| | ဂန္ထာရမ္ဘော .... .... | ဓ |
| ၁။ | ဗာဟိယသုတ္တံ .... .... | ၁ |
| ၂။ | ဆဠာယတနသုတ္တံ .... .... | ၁၄ |
| ၃။ | အဇာတသုတ္တံ .... .... | ၂၂ |
| ၄။ | အနိဿိတသုတ္တံ .... .... | ၃၂ |
| ၅။ | အယောဃနသုတ္တံ .... .... | ၃၈ |
| ၆။ | ဝိညာဏနိရောဓသုတ္တံ .... .... | ၄၁ |
| ၇။ | လောကဿန္တသုတ္တံ .... .... | ၄၆ |
| ၈။ | ပဒီပေါပမသုတ္တံ .... .... | ၅၄ |
| ၉။ | ပပဉ္စနိရောဓသုတ္တံ .... .... | ၅၉ |
| ၁၀။ | ဒုက္ခဿန္တသုတ္တံ .... .... | ၆၄ |
| ၁၁။ | အဂတိဒိသာသုတ္တံ .... .... | ၇၃ |
| ၁၂။ | နိဗ္ဗာနသုခသုတ္တံ .... .... | ၇၆ |
| ၁၃။ | သန္တပ္ပဏီတသုတ္တံ .... .... | ၈၁ |

# မာတိကာ


| | | | | |
|---|---|---|---|---|
| ၁၄။ | သန္တုပ္ပဏိကာသညသုတ္တံ | .... | .... | ၉၂ |
| ၁၅။ | သင်္ခါရူပသမသုတ္တံ | .... | .... | ၉၆ |
| ၁၆။ | ဝိဝေက သုတ္တံ | .... | .... | ၉၉ |
| ၁၇။ | အမာရဝိသယသုတ္တံ | .... | .... | ၁၀၃ |
| ၁၈။ | ပဇ္ဇောတနိဗ္ဗာနသုတ္တံ | .... | .... | ၁၀၇ |
| ၁၉။ | တဏှက္ခယသုတ္တံ | .... | .... | ၁၁၁ |
| ၂၀။ | ရာဂဝိနယသုတ္တံ | .... | .... | ၁၁၆ |
| ၂၁။ | အနုပါဒါပရိနိဗ္ဗာနသုတ္တံ | .... | .... | ၁၁၈ |
| | နိဂမနံ | .... | .... | ၁၂၂ |

# ကျမ်းပလွင်

( ၁ )

"နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရလိုပါ၏" ဟူသော ကြိုကာသ အဆုံးက စကားကို ဗုဒ္ဓဘာသာဝင်တိုင်း အလွတ် ရနေကြသည်၊ နေ့စဉ် ဘုရားရှိခိုးတိုင်း ဆုတောင်းနေကြသော အများသုံး အဘိုးခန် တရပ်လည်း ဖြစ်သည်။

သို့သော် ပါးစပ်က ဆုတောင်းသလို နိဗ္ဗာန် ရရာ ရကြောင်း အလုပ် ( ပဋိပတ် ) ကိုကော ဆုတောင်းနေသူ မှန်သမျှ လုပ်နေကြပါသလား....။

စင်စစ် နိဗ္ဗာန်ကား ဆုတောင်းနေရုံမျှနှင့် ရစကောင်းသော အရာ မဟုတ်ပေ။

ငွေ လိုချင်ပါက ပါးစပ်မှ ငွေ လိုချင်ပါသည် ဟု ပြောနေရုံနှင့် ငွေ မရနိုင်သကဲ့သို့ နိဗ္ဗာန်ကို လိုချင်ပါကလည်း နိဗ္ဗာန် ရရာ ရကြောင်း အလုပ် ( ပဋိပတ် ) ကို တကယ် လုပ်မှ နိဗ္ဗာန်ကို တကယ် ရနိုင်မည် ဖြစ်သည်။

ထို့ကြောင့်လည်း ဤ "နိဗ္ဗာနသုတ္တသင်္ဂဟကျမ်း" ၏ ဂန္ထာရမ္ဘ၌ ကျမ်းဆရာ ဖြစ်သူ အရှင်အာဒိစ္စဝံသ ဆရာတော်က "လုပ်ငန်း သဘော အားဖြင့် ယခု အချိန်၌ သူသည် နိဗ္ဗာန်ကို လိုချင်သူ မဟုတ်သေး" ဟု အတိအလင်း ရေးထားသည်ကို တွေ့ကြရပေလိမ့်မည်။

"ဗုဒ္ဓဘာသာဝင်တိုင်းက နိဗ္ဗာန်ကို ဆုတောင်း ဆုယူ ပြုကာ လိုချင်သည် ဟု ပြောနေကြပါလျက် အရှင်အာဒိစ္စဝံသ လို နိကာယ်ငါးရပ် ပိဋကတို့ကို အကြိမ်ကြိမ် ချပို့ မွှေနှောက် ချောက်ချား နေသော ဆရာတော်ကြီး တပါးက အဘယ့်ကြောင့် နိဗ္ဗာန်ကို မလိုချင်ရသလဲ" ဟု မေးချင်သူများကလည်း မေးချင်ကြပေလိမ့်မည်။

"အရှင်အာဒိစ္စဝံသလို ဆရာတော်ကြီး တပါးက နိဗ္ဗာန် မလိုချင်သေးဘူး ဆိုတဲ့ စကားဟာ တယ်ပြီး ပဟေဠိ ဆန်နေပါကလား....၊ ဘယ်လို မြှုပ်ကွက်တွေနဲ့ ပြောတဲ့ စကားလဲ" ဟု သိချင်သူများကလည်း သိချင်ကြပေလိမ့်မည်။

"၁၂၉၆ — ခုနှစ်ထုတ် ဘိက္ခုနိသာသနောပဒေသကျမ်း စာမျက်နှာ ၂၄— နှင့် ၂၆—တွင် ဤကဲ့သို့ ပဟေဠိဆန်ဆန် စကားဖြင့် ဂွင်းထောင် ဖမ်းခဲ့ဖူး၍က ကျော့ကွင်းကို ကျော့ကွင်းမှန်း မသိသူများသည် ကျော့ကွင်းတွင် အမိခံရကာ အကြီး အကျယ် ...က်ကျခဲ့ဘူးပါလျက် ဤကျမ်းတွင်လည်း ပဟေဠိဆန်ဆန် စကားများကို အဘယ် မည်ရွယ်ချက်နှင့် သုံးစွဲ ရေးသား နေပြန်ပါသနည်း" ဟု တခါ

သေဘာ့၏ ပျဉ်ဘိုး နားလည်သူများကလည်း တွေးတော ထိပ်လန့်ကောင်း ထိပ်လန့်ကြပေလိမ့်မည်။

မည်သို့ပင် ဖြစ်စေ နိဗ္ဗာန်ကို လိုချင်သူများ အဘို့ "နိဗ္ဗာန် ဟူသည် တကယ် အလုပ် လုပ်မှ ရနိုင်ပါကလား" ဟု သဘောပေါက်စေလိုခြင်း, နိဗ္ဗာန်ရောက်ကြောင်း ပဋိပတ် လုပ်ငန်းကို ဇောက်ချ လုပ်ကိုင်ရေးတွင် ပိုမို၍ အလေး အနက် ဖြစ်စေလိုခြင်း ဟူသော ရည်ရွယ်ချက်များသည် ပဟေဠိ ဆန်လှသော ထို အရှင်အာဒိစ္စဝံသ ဆရာတော် စကား၏ မြုပ်ကွက်ထဲမှ အဓိပ္ပါယ်များ ပင် ဖြစ်ပေသည်။

နိဗ္ဗာန် ရောက်ကြောင်း လမ်းကြောင်း ( မဂ္ဂ ) ပေါ်တွင် တကယ့် အလုပ်စခန်း (ပဋိပတ်) ကို ဇောက်ချ မလုပ်ကိုင်ဘဲ ပါးစပ်က သာ နိဗ္ဗာန်ကို ဆုတောင်းနေသူ များကား မီဂါတန် – ၅၀ ငရဲပုန်းကို ဖောက်ခွဲယင်း က်မ္ဘာ့ငြိမ်းချမ်းရေးကို ကြွေးကြော်နေခြင်း ကဲ့သို့ သာ ဖြစ်နေပေလိမ့်မည်။

"နိဗ္ဗာန်ကို မလိုချင်သေး" ဟု အတိအာ ်း ထုတ်ဖော် ပြောဆိုရဲသူများမှာ ကျွန်ုပ်တို့ သိရသလော ် ိုလျှင် ယခု ပစ္စက္ခ မျက်မှောက်ခေတ်၌ နှစ်ဦး ရှိေ ါ ကဦးမှာ ရာမာခရစ်ရှနာ အသင်းကြီးမှ ဝိဝေကာ နှ ်၍ တဦး မှာ အထက်က ရေးခဲ့သည့် အတိုင်း အရှင်အာဒိစ္စဝံသ ဆရာ တော်တို့ ဖြစ်ကြသည်။

"ကိုယ် တဦးတည်း၏ အကျိုး ( အတ္တဟိတ ) အတွက်

နိဗ္ဗာန်ကို ယူရခြင်းထက် ကမ္ဘာသူ ကမ္ဘာသားတို့၏ အကျိုး (ဇရဟိတ) အတွက် မဟာအဝိစိငရဲကို ကျရောက်ရခြင်းက မြတ်သေးသည်၊ ထို့ကြောင့် နိဗ္ဗာန် မလိုချင်သေး” ဟု ဆရာကာနန္ဒသည် အတိအလင်း ထုတ်ဖော် ပြောဆိုခဲ့သူ ဖြစ်သည်။

ဤပုဂ္ဂိုလ်ကြီး နှစ်ဦး ကဲ့သို့ ပင် လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်ကလည်း နိဗ္ဗာန်ကို မလိုချင်သူ တဦး ပေါ်ပေါက်ခဲ့ဘူးသေးသည်၊ ထိုသူမှာ ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်က သုမေဓာ ရှင်ရသေ့ ပင် ဖြစ်သည်၊ “ငါယောက် တည်းတည်း နိဗ္ဗာန်သို့ ကူးသွား ရခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း” စသည်ဖြင့် ထုတ်ဖော် ငြင်းပယ်ကာ သုမေဓာ ရှင်ရသေ့သည် လက်တော်သို့ ရောက်လုဆဲဆဲဖြစ်သော နိဗ္ဗာန်ကို စွန့်လွှတ်ခဲ့သူ ဖြစ်ပေသည်။

× × ×

( ၂ )

ယခု အချိန်၌ နိဗ္ဗာန် ရရောက်ရေး အတွက် ဝိပဿနာ လုပ်ငန်း ( ပဋိပတ်ကျင့်စဉ်များ ) ကို လုပ်ကိုင်သူများ တိုးတက် များပြားစွာ ပေါ်ပေါက်လာခြင်း, ဝိပဿနာကို အလယ် ကျင့်ပါက သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ အဆင့် အထိ ယခု အချိန်၌ ဖြစ်နိုင်သေးသည် ဟု ဆိုသောပေါက်သူများ ပေါ်ပေါက်လာခြင်း တို့မှာ ဗုဒ္ဓ

# ကျမ်းပလွှင်

သာသနာတော်အတွက် စင်စစ် အမှန်တရား ပေါ်ထွက်၍ ကျွန်ုပ်တို့ အနေနှင့် လက်ကမ်း ကြိုဆိုရမည် ပင် ဖြစ်သည်။

မြန်မာနိုင်ငံ သာသနာဝင်၌ နိဗ္ဗာန်ကို ပါးစပ်မှ အူ တောင်းနေသော ခေတ်မှ ရှေ့သို့ တဆင့် တိုးတက် လာ ခြင်း ဟု လည်း ဆိုရပေလိမ့်မည်။

"သာသနာ ၂၅၀၀–ကျော်၍ ဝိမုတ္တိယုဂခေတ် ဆန်းလာ သဖြင့် ဤကဲ့သို့ ပဋိပတ်လုပ်ငန်းများ ပြန်လည် ထွန်းကား လာခြင်း ဖြစ်သည်" ဟု ဆိုသူများကလည်း ဆိုလာကြ သည်။

ကျွန်ုပ်တို့ကား သာသနာ ၅၀၀၀ သမားများ မဟုတ် ဘဲ "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟာရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ" ဟူသော ဘုရားစကားမှ တရွေးသား လျော့၍ ခံယူချက် မရှိနိုင်ခဲ့သူ များ ဖြစ်သည့် အတိုင်း ဝိမုတ္တိယုဂခေတ် ဆန်းသည်၊ မဆန်း သည်ကို အပထား၍ နိဗ္ဗာန် ရောက်ကြောင်း လုပ်ငန်း ( ပဋိပတ် ) ကို တကယ် ကျင့်ပါက ဘယ်အချိန်မှာ မဆို နိဗ္ဗာန်ကို ရနိုင်သည် ဟု တထစ်ချ ယုံကြည်ထားသူ များ ဖြစ်ရာ ဤစာအုပ်ကို ဖတ်ရှု လေ့လာသူများကိုလည်း ကျွန်ုပ်တို့၏ ယုံကြည်ချက် အတိုင်း ပင် ယုံကြည်ရန် တိုက် တွန်းလိုပေသည်။

သို့သော် အားမရနိုင်စရာ ကောင်းသော် "ဟာကွက်" တခုကို တွေ့နေရပြန်သည်၊ ထိုဟာကွက်မှာ ပရိယာတ်

ပဋိပတ် ၂–ဘက် စွယ်စုံရသော ပုဂ္ဂိုလ်များမှ တပါး ပရိယတ်သက်သက် သမား နှင့် ပဋိပတ်သက်သက် သမား ၂–ဦးတို့ တဦး နှင့် တဦး မသင့်ကြခြင်း ပင် ဖြစ်သည်။

များသော အားဖြင့် ထိုသူ နှစ်ဦးတို့၏ တဦးကို တဦး အထင်မကြီးနိုင်ကြခြင်း, မလေးစားနိုင်ကြခြင်းမှာ ကြီးမား သော ခွတ်ယွင်းချက် ပင် ဖြစ်သည်။

"ငါ သာလျှင် အလွန်အလွန် ရှိသည်" ဟု နှစ်ဦး နှစ်ဝ လုံး အထင်ကြီးနေသမျှ ထိုသူ နှစ်ဦးတို့သည် သမနိုင်ကြဘို့ မလွယ်ပေ။

ပရိယတ်သက်သက် သမားများကလည်း ပဋိပတ်သက် သက် သမားများကို "ပရိယတ် အခြေခံ မရှိဘဲနှင့် ပဋိပတ်ကို အားထုတ်နေယင် မဂ်စော် ဖိုလ်စော် နိုင်ပါ့မလား" ဟူ သော အမြင်မျိုးနှင့် မြင်တတ်ကြသည်။

ပဋိပတ်သက်သက် သမားများကလည်း ပရိယတ်သက် သက် သမားများကို "ပရိယတ် ချပို့ရေး လုပ်ငန်းဖြင့် တသက်လုံး အချိန်ကုန်နေပါက နိဗ္ဗာန်နှင့် နီးနိုင်ပါ့ မလား" ဟူသော အကြည့်မျိုးနှင့် ကြည့်တတ်ကြသည်။

စင်စစ် အားဖြင့်မူ ပရိယတ်သည် ပဋိပတ်၏ အခြေခံ ဖြစ်၍ ပဋိပတ်သည် သာသနာတော်၏ အနှစ်သာရ ဖြစ် သည်ကို မမေ့သင့်ကြပေ။

ပရိယတ်သည် သဘောတရား ( လုပ်ငန်းလမ်းညွှန် )

ဖြစ်၍ ပဋိပတ်သည် လက်တွေ့ (လုပ်ငန်း) ဖြစ်သည်ကို လည်း ကျွန်ုပ်တို့သည် သဘောပေါက်ထားဘို့ လိုပေသည်။

သဘောတရား နှင့် လက်တွေ့ နှစ်ရပ် ပေါင်းစပ်မိမှ သာလျှင် ပဋိပတ်စခန်း ဝိပဿနာလုပ်ငန်းသည် အကောင် အထည် ပေါ်လာနိုင်ပေသည်၊ ထိုနှစ်ရပ် မပူးပေါင်းမိသေး သမျှ ဝိပဿနာလုပ်ငန်း အဖြစ် ဘယ်နည်းနှင့်မှ အကောင် အထည် မပေါ်နိုင်ပေ။

သို့ဖြစ်လျှင် သဘောတရား (ပရိယတ်) မပါသော လက်တွေ့ (ပဋိပတ်လုပ်ငန်း) သည် အကန်းနှင့် တူ၍ လက်တွေ့ (ပဋိပတ်လုပ်ငန်း) မရှိသော သဘောတရား (ပရိယတ်) သည် အမြုံနှင့် တူနေပေရာ ထိုနှစ်မျိုးလုံး ပင် သာသနာတော် အတွက် တကယ့်အနှစ်သာရ ဟု၎င်း၊ ဗုဒ္ဓ၏ အလိုတော်ကျ ဟု၎င်း ဘယ်နည်းနှင့် ဆိုနိုင်ပါမည်နည်း။

ဤ၌ ပဋိပတ်လုပ်ငန်းကို ချောက်လှန့်နေတတ်သော "ပရိယတ်တစ္ဆေများ" ၏ အန္တရာယ်ကို သတိပြုဘို့ လိုပေ သည်။

ထိုသူများကား ပဋိပတ် စခန်း ဝိပဿနာ လုပ်ငန်းကို လက်တွေ့ လုပ်ကိုင်ဘူးခြင်း မရှိဘဲနှင့် အတွေ့အကြုံရသည့်သာ တော က စ၍ အဋ္ဌကထာ ဋီကာ သင်ကြား ချပို့ ကြည့်ရှု မှုသာ ပရိယတ် ဟု တရားသေ စွဲယူ ထင်မှတ် နေသူများ ပင် ဖြစ်သည်။

"ငါတို့လို ပိဋကတ်တွေကို တပင် တပန်း သင်လာတဲ့

သူတွေတောင် မဂ်ဖိုလ်နှင့် မနီးနိုင်သေးဘဲနဲ့ စာမှတတ် ပေမတတ်တဲ့ သူတွေက တရားအားထုတ်လို့ တမဂ် တဖိုလ် ရနိုင်မယ် ဆိုတာ ဘယ်နည်းနှင့် ဖြစ်နိုင်မှာလဲ” ဟူသော စကားမျိုးကို သူတို့သည် ပြောကြား နေကြပေသည်။

ထို စကားများဖြင့် ဝိပဿနာ လုပ်ငန်းကို ခြိမ်းခြောက် နေတတ်ကြသည်၊ ခြောက်လှန့် နေတတ်ကြသည်။

သူတို့၏ ခြောက်လှန့်မှု စကားကြောင့် စာပေ မသင် ကြားဘူး စေကာ ရိုးသားသော စေတနာဖြင့် ဝိပဿနာ လုပ်ငန်း လုပ်လိုသူများမှာ စိတ်အပျက်ကြီး ပျက်သွားတတ် ကြပေသည်။

စင်စစ် ဤကဲ့သို့သော ဖြစ်ရပ်များမှာ သာသနာတော် အတွက် ဆုံးရှုံး နစ်နာမှုကြီးပင်ဖြစ်၍ သာသနာ့ အန္တရာယ် ကြီး ဟု လည်း ဆိုရမည် ဖြစ်ပေသည်။

ထို့ကြောင့် ထိုစကားမျိုးဖြင့် ခြိမ်းခြောက် နေသူများ အား “ပရိယတ်တစ္ဆေများ” ဟု ကင်ပွန်းတပ်ရမည် ဖြစ်ရာ သူတို့၏ အန္တရာယ်ကိုလည်း အထူး သတိပြုဘို့ လိုပေသည်။

စင်စစ် ပရိယတ် ဟူသည် “အတ္ထောအက္ခရသညာတော” က စ၍ အဋ္ဌကထာ ဋီကာ သင်ကြား ချပို့ ကြည်ရှုမှု ပရိယတ် မဟုတ်ပေ၊ ဝိပဿနာ လုပ်ငန်းကို လက်တွေ့ ပြသ သော ကမ္မဋ္ဌာန်းဆရာ ( ကမ္မဋ္ဌာနာစရိယ ) လုပ်သူက “ဤသို့ မှတ်၊ ဤသို့ ကျင့်၊ ဤသို့ နှလုံးသွင်း” ဟု ပြ

အလိုကျ သင်ပြချက်များကို မှတ်သား နာယူခြင်းသည် ပင် ပရိယတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်က မဂ်ဆိုက် ဖိုလ်ဝင် ဖြစ်သွားကြသူများသည် အတ္ထောအကျွရသညာတော က စ၍ အဋ္ဌကထာ ဋီကာ တည်းဟူသော ပရိယတ်ကို သင်ယူခဲ့ကြရသူများ မဟုတ်ကြပေ။

ဥပတိဿ နှင့် ကောလိတ တို့သည် "ယေဓမ္မာ ဟေတုပ္ပဘာဝါ" အစရှိသော တရားတော်ကို ကြားနာ ရစဉ်က အတ္ထောအကျွရသညာတော ကို သင်ထား ပြီး သူ များ မဟုတ်ကြပေ၊ အဋ္ဌကထာ ဋီကာ တို့ကို သင်ကြားဘူးပြီးသူများလည်း မဟုတ်ကြပေ၊ အတ္ထောအကျွရသညာတော က စ၍ သင်ယူလာသောကြောင့် အရှင်သာရိပုတ္တရာ နှင့် အရှင်မောဂ္ဂလ္လာန်တို့ အဖြစ်သို့ ရောက်လာကြခြင်းလည်း မဟုတ်ကြပေ၊ ထိုအချိန်က အတ္ထောအကျွရသညာတော ပင် မပေါ်သေးပေ။

ဗုဒ္ဓ ဘုရားရှင် လက်ထက်တော်က အရိယာပုဂ္ဂိုလ်များမှာ ဗုဒ္ဓ ကိုယ်တော်တိုင်၏ ထံမှသော်၎င်း ဗုဒ္ဓ၏ သာဝကများ ထံမှသော်၎င်း တရားဓမ္မ ဟောပြောချက်များကို နာယူမှတ်သား နှစ်လုံး သွင်းမိကြခြင်းဖြင့် ပင် မဂ်ဆိုက် ဖိုလ်ဝင် ဖြစ်ခဲ့ကြရပေသည်။

စင်စစ် ထိုဟောပြောချက် ဓမ္မများကို နာယူ မှတ်သားရခြင်းသည် ပင် ပရိယတ် ဖြစ်ပေသည်။

× × ×

## ( ၃ )

"နိဗ္ဗာန်သည် ဘယ်လို အရာနည်း" ဟူသော ပြဿနာမှာ ရှေး အတိတ် အခါက ပင် ဝါဒ အမျိုးမျိုး ကွဲပြားချက်များ ရှိခဲ့သည်ကို တွေ့ကြရပေသည်။

"နိဗ္ဗာန်၌ သုခ ချမ်းသာ တကယ် ရှိ—မရှိ" "နိဗ္ဗာန်သည် အဇ္ဈတ္တလော—ဗဟိဒ္ဓလော" "နိဗ္ဗာန်၌ ရုပ်အထူး နာမ်အထူး ( ရုပ်ဝိသေသ - နာမ်ဝိသေသ ) ရှိနိုင်— မရှိနိုင်" "နိဗ္ဗာန်၌ အရောင် ရှိ—မရှိ" စသည်ဖြင့် နိဗ္ဗာန်နှင့် ပတ်သက်သော ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ပါးခုံးဖြင့် ထမ်းကာ ရှေ့မှ ဆွေးနွေး တတ်ကြသော ဝိဿနာဆွေးနွေးပွဲများကို ကျွန်ုပ်တို့ ကိုယ်တိုင် အခါများစွာ တွေ့ကြုံခဲ့ရဘူးသည်။

ပါဠိ အဋ္ဌကထာ အကိုးအကား သာဓကများကို ရွတ်ကာ ဖတ်ကာ ကိုးကား၍ ဆွေးနွေး ငြင်းခုံနေကြသော ထို ဆွေးနွေးပွဲများမှာ နားထောင်၍တော့ အတော် ပင် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပေသည်၊ သို့သော် ကျွန်ုပ် အဘို့မှာကား ထိုဆွေးနွေး ငြင်းခုံမှုများကို စိတ်ဝင်စားမှု မရှိလှပေ။

ကျွန်ုပ်က ဘာမျှ ဝင်ရောက် ဆွေးနွေးမှု မပြုသော အခါ၌ "ဘယ့်နှယ်လဲဗျ .... ခင်ဗျား အံ့ယူအဆ နိဗ္ဗာန်က ဘယ်လိုလဲ ဆိုတာ ပြောစမ်းပါအုံး" ဟု ထိုဆွေးနွေး ငြင်းခုံသူများက ကျွန်ုပ်ကို မေးတတ်ကြပြန်သည်။

ကျွန်ုပ်၏ အယူအဆ နိဗ္ဗာန် ဟူ၍ ရှိဘို့မလို၊ ဘုရားဟော သားချက် နိဗ္ဗာန် သာ ရှိရမည် ဟု ယုံကြည် ထားသော ကျွန်ုပ်က "ဒီလို ငြင်းနေကြမဲ့ အစား နိဗ္ဗာန်ဆိုတာ ဘယ် လိုလဲလို့ ကိုယ်တွေ့ သိဘို့ရန် ဂေါတြဘူ တံခါးဝက နေ ပြီး နိဗ္ဗာန်ကို ချောင်းကြည့်နိုင်အောင် အထိ ကြိုးစားကြ ရယင် ပိုပြီး မကောင်းဘူးလား" ဟု ပြန်လည် မေးမြန်း လိုက်သော အခါ၌ ထိုဆွေးနွေးသူများမှာ အတော် ပင် ကြောင်အမ်းအမ်း ဖြစ်သွားတတ်ကြသည်။

အမှန်အားဖြင့်သည်း ကိုယ်သိ, ကိုယ်ကြုံ, ကိုယ်ယုံ ဖြစ် အောင် ဝိပဿနာ လုပ်ငန်းဖြင့် ဉာဏ်လှေခါး အဆင့်ဆင့် ကို ကိုယ်တိုင် တက်ကြည့်လျက် ဂေါတြဘူတံခါးဝမှ ဝင် ရောက်ရာ ပဌမမဂ်ဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင် မြင်အောင် သာ ကြည့်သင့်ကြပေသည်၊ သို့မှ သာ တရားသဘော အားဖြင့် လမ်းမှန်ကျ၍ ဗုဒ္ဓဘုရားရှင်၏ အလိုနှင့်လည်း ငင်ကျနိုင်ပေလိမ့်မည်။

ဗုဒ္ဓဘုရားရှင်သည် အပြောသမား ထက် အလုပ်သမားကို သာ ချီးကျူးတော်မူခဲ့သည်၊ သဘောထရား ထက် လက်တွေ့ ဘက်တွင် ပို၍ အလေးတင်းပေးခဲ့သည်။

လက်တွေ့သမား အဘို့မှာကား နိဗ္ဗာန်ကို မျက်မှောက်ပြု ရာ၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တို့နှင့် ရင်ဆိုင်ကြရတော့ မည်ဖြစ်ရာ "သန္တိလက္ခဏံ နိဗ္ဗာနံ" "အစ္စုတိ ရသံ" "အနိ မိတ္တ ပစ္စုပဋ္ဌာနံ" ဟူသော သဘောတရားများ အနက်

"သန္တိလက္ခဏံ နိဗ္ဗာနံ" ဟူသော ပဌမဆုံး သဘောတရား တချက်ထဲနှင့် ပင် နိဗ္ဗာန်၏ အဓိပ္ပါယ်မှာ ရှင်း၍ နေပေပြီ။
သန္တိလက္ခဏာ အပြည့်အဝနှင့် နိဗ္ဗာန်ကို ကိုယ်တိုင် တွေ့မြင်နေရသူ အဘို့ နောက်ထပ် ဘာများ ထပ်မံ၍ ငြင်းခုံနေစရာ ရှိနိုင်ပါဦးမည်နည်း။

လက်တွေ့ မဟုတ်သေးစေကာမူ ဗုဒ္ဓ ကိုယ်တော်တိုင် ဟောထားချက် ဖြစ်သော သဘောတရား သက်သက်နှင့် သုံးသပ်လျှင် ပင် "အထ ရူပါ အရူပါ စ, သုခ ဒုက္ခ ပမုစ္စတိ = နိဗ္ဗာန်သည် ရုပ်မှုန်း, နာမ်မှုန်း, ချမ်းသာမှုန်း ဆင်းရဲမှုန်း လွတ်ငြိမ်းသည်" ဟူသော ဥဒါန်းပါဠိတော် တွင် တိုက်ရိုက် ဟောထားချက် ရှိနေပါလျက် "နိဗ္ဗာန်၌ ရုပ်အထူး နာမ်အထူး ရှိနိုင်—မရှိနိုင်" ဟူ၍လည်း "သုခ ချမ်းသာ တကယ် ရှိ—မရှိ" ဟူ၍လည်း ပြဿနာ ပေါ်ဘို့ လိုပါသေးသလော။

သို့ဖြစ်လျှင် နိဗ္ဗာန်၌ သုခချမ်းသာ မရှိတော့ဘူးလေ၊ ဟု မေးလိုကြပေလိမ့်မည်။

ဤ မေးခွန်းကို အင်္ဂုတ္တိုရ်ပါဠိတော် နိဗ္ဗာနသုခသုတ်၌ အရှင်သာရိပုတ္တရာ နှင့် အရှင်ဥဒါယိ တို့က ဖြေရှင်းပစ်ခဲ့ပြီး ပင် ဖြစ်သည်၊ ထိုဖြေရှင်းချက်ကို ဤ "နိဗ္ဗာနသုတ္တသင်္ဂဟ" စာမျက်နှာ ၁၀—၁၁—တို့တွင် လေ့လာ ဖတ်ရှုနိုင်ကြပေ သည်။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဟောထားခဲ့

ချက်များ, အရှင်သာရိပုတ္တရာ အရှင်ဥဒါယိ တို့၏ ဖြေရှင်းသွားခဲ့ချက်များ ထက် ခိုင်လုံသော အဖြေ, ခိုင်လုံသော ဖြေရှင်းချက်များ ရှိနိုင်ပါဦးမည်လော။

× × ×

( ၄ )

နိဗ္ဗာန်ကို လက်တွေ့ မသိ မမြင် သေးသမျှ နိဗ္ဗာန် အကြောင်း ငြင်းခုံမှုများသည်လည်း ငြိမ်းငြိမ်းမည် မဟုတ်သေးပေ။

ဤ၌ ဝိပဿနာ လုပ်ငန်းကို ကိုယ်တိုင် ဇောက်ချ လုပ်လိုသူများသည် "ဝိပဿနာလေအိုးများ" ၏ အန္တရာယ်ကိုလည်း အထူး သတိရှိကြဖို့ လိုပေသေးသည်။

ထို "ဝိပဿနာလေအိုးများ" ကား ဝိပဿနာ အလုပ်ကို လက်တွေ့ လုပ်ကိုင်မှု မရှိဘဲနှင့် စာအုပ်ထဲက ပါဠိပါဠိသား သဘောတရားများကို အာဂုံ အလွတ် ကျက်ကာ လေပန်းနေခြင်းဖြင့် အချိန်ဖြုန်းနေသူများ ပင် ဖြစ်သည်။

ယခု အချိန်၌ ဝိပဿနာလေအိုးများသည် ဝိပဿနာကို လက်တွေ့ လုပ်ကိုင်မှု ထက် စာအုပ်ထဲက တရားများကို ချွတ်ဖတ် ဟောပြောခြင်းဖြင့် လေပန်းမှုကို သာ ရှေ့တန်းတင်၍ နေကြပေသည်။

ပဋိပတ်စခန်း ဝိပဿနာလုပ်ငန်းကို ကိုယ်တိုင် ဇောက်ချ

လုပ်ကိုင်လိုသူများ အဘို့၌ ထိုဝိပဿနာလေအိုးများသည် အသုံးမဝင်ရုံ သာ မဟုတ်သေးဘဲ အန္တရာယ်လည်း ကြီးမား လှပေသေးသည်။

ထို့ကြောင့် ဝိပဿနာလေအိုးများ၏ အန္တရာယ်ကို သတိနှင့် ရှောင်ရှားကြဘို့ အရေးကြီးလှပေသည်။

× × ×

( ၅ )

ကျွန်ုပ်တို့၏ ကျောက်ထီးတန္တု အလေးပြုရာ ဆရာ တဆူ ဖြစ်တော်မူသော အရှင်အာဒိစ္စဝံသ ဆရာတော်မှာ မြန်မာနိုင်ငံတွင် နိကာယ်ငါးရပ် ပါဠိတော်များကို ၆–လနှင့် အပေါက် စတင် ပို့ချခဲ့သူ ဖြစ်သဖြင့် လက်တွေ့ ( ပဋိပတ် ) လုပ်ငန်း ထက် သဘောတရားရေး ( ပရိယတ် ) ဘက်တွင် အလေးတင်းသည် ဟု အချို့က မှတ်ဆင်ကောင်း မှတ်ထင်ကြမည် ဖြစ်သော်လည်း တကယ် စင်စစ်မှာမူ သဘောတရား နှင့် လက်တွေ့အား နှွားပြေး နှွားလိုက် ညီအောင် ကျင့်သုံးခဲ့ကြောင်းကို ရင်းနှီးသော တပည့်တိုင်း သိရှိခဲ့ကြသည်။

စင်စစ် အရှင်အာဒိစ္စဝံသ ဆရာတော်မှာ သဘောတရား မျှကို သာ ဆုတ်ကိုင်ထားသော တရားသေသမား၊ စာအုပ်ကြီးသမား မဟုတ်ကြောင်းကို ဆရာတော် ပြုစုခဲ့သော မဇ္ဈိမနိကာယ် မြန်မာပြန်၊ ပတိသမ္ဘိဒါမဂ် မြန်မာပြန်၊ သတိ

ပဋ္ဌာန် မြန်မာပြန်, သုရာပါနဝိနိစ္ဆယ ခေါ် အရက် သပြန်ဘာသ, ဘာသန္တရလမ်းညွှန်, ဘိက္ခုနီသာသနောပဒေသ နှင့် ဘိက္ခုနီအရေးပုံ စသော ကျမ်းများကို ကြည့်ရှုခြင်းဖြင့် သိရှိနိုင်ပေသည်။

ဗုဒ္ဓဘာသာ သဘောတရားရေးရာတွင် တရားသေသမား မဟုတ်သောကြောင့်လည်း တရားသေသမား, စာအုပ်ကြီး သမားများက အရှင်အာဒိစ္စဝံသ၏ အယူအဆများကို ယနေ့ တိုင်အောင် လက်မခံနိုင် ဖြစ်နေကြခြင်းမှာ ကျွန်ုပ်တို့ အတို မထူးဆန်းရုံ သာ မဟုတ် သဘာဝလည်း ကျလှပေသည်။

ဤ "နိဗ္ဗာနသုတ္တသင်္ဂဟ" ၌ ပါရှိသော နိဗ္ဗာန်နှင့် ဆိုင် ရာ ဘုရားဟော သုတ်ပါဠိတော်များကို အရှင်အာဒိစ္စဝံသ ဆရာတော်မှာ ၁၂၉၆–ခုနှစ်တွင် နိကာယ်ငါးရပ် ပါဠိတော် များကို ပို့ချယင်း စုစည်း ပြုစုခဲ့ခြင်း ဖြစ်၍ အဖွင့် သံဝဏ္ဏနာ နှင့် နိသျကိုကား ၇–ရက်နှင့် အပြီး ရေးသား ပြုစုခဲ့ခြင်း ဖြစ်သည်။

၄၅–ဝါ ကာလပတ်လုံး ဗုဒ္ဓဘုရားရှင် ဟောကြားကား ခဲ့သော နိဗ္ဗာန် အကြောင်းနှင့် ဆိုင်ရာ သုတ်ပါဠိတော် ( ဘုရားစကားစစ်စစ် ) တို့ကို ယခုကဲ့သို့ ဘနေရာထည်း စာအုပ်တအုပ်ထည်းတွင် တလုံးတခဲတည်း ဝ ကားဝေးတည်း တွေ့ရှိ လေ့လာရတို့ကား လူတိုင်းအဘို့ မလွယ်ကူပေ၊ အရှင်အာဒိစ္စဝံသလို နိကာယ်ငါးရပ်လုံး ထုတ်ချင်းခတ် ချပို့ နိုင်သူက ချပို့ယင်း စုစည်း ပြုစု ထားခဲ့သဖြင့် သာ ယခု လို မေ့ရှိ ဖတ်ရှု လေ့လာနိုင်ခွင့် ရကြခြင်း ဖြစ်သည်။

နိဗ္ဗာန်ကို မျက်နှာမူလိုကြသူတို့ အဘို့လည်း ကံထူးခြင်း ဖြစ်သည် ဟု ခပ်လွယ်လွယ် ဆိုနိုင်သော်လည်း စင်စစ် ဗုဒ္ဓသာသနာတော် အတွက် အထူးသဖြင့် သာသနာတော်၏ အနှစ်သာရ ဖြစ်သော ပဋိပတ်စခန်း ဝိပဿနာ လုပ်ငန်း အတွက်ကား အကျိုးများလှသော ကျမ်းတဆူ ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်တို့မှာ နိဗ္ဗာန် အကြောင်းကို သူပြော, လူပြော, အဋ္ဌကထာပြော, ဋီကာပြော-စသော တဆင့်ပြော စကားများကို သာ နာယူ, ဖတ်ရှု, မှတ်သား နေကြရသည်က များပေသည်၊ ဗုဒ္ဓဘုရား၏ စကားရင်းအတိအကျ မဟုတ်ဘဲ ထိုတဆင့်ပြောစကားများနှင့် သာ တင်းတိမ်, ကြေနပ် နေကြသူက များပေသည်။

(၁) ထိုသို့ အဋ္ဌကထာပြော, ဋီကာပြော တဆင့်ပြော စကားများ ထက် ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်က နိဗ္ဗာန်အကြောင်း ဘယ်လို ဟောခဲ့သည်ကို သဘောတရား အားဖြင့် သိရှိစေလိုသော စေတနာသည် ဤ "နိဗ္ဗာနသုတ္တသင်္ဂဟ" ကို ပြုစုရာ၌ ပဌမဆင့် ရည်ရွယ်ချက် ဖြစ်ပေသည်။

(၂) သဘောတရား အားဖြင့် ထိုသို့ သိရှိရာမှ ကိုယ်တွေ့, ကိုယ်ကြုံ ဖြစ်အောင် ရှေ့တဆင့်

တက်၍ အလုပ်စခန်း အဖြစ် ကြိုးစား အား ထုတ်ကြစေလိုသော စေတနာသည် ဤကျမ်းကို ပြုစုရာ၌ ဒုတိယဆင့် ရည်ရွယ်ချက် ဖြစ်ပေသည်။

ဤကဲ့သို့ မွန်မြတ်လှစွာသော ရည်ရွယ်ချက် အပြည့်အဝနှင့် "နိဗ္ဗာနသုတ္တသင်္ဂဟကျမ်း" ကို ပြုစုခဲ့စေကာမူလည်း ကျမ်းပြုဆရာ ကွယ်လွန်ပြီးသည့် တိုင်အောင် ဤကျမ်းမှာ စာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေခြင်း မပြုခဲ့ရပေ။

[ စင်စစ် နိဗ္ဗာနသုတ္တသင်္ဂဟ တကျမ်း သာ မဟုတ် အရှင် အာဒိစ္စဝံသဆရာတော် ပြုစုခဲ့သော ကျမ်းပေါင်း ၄၀၀-ကျော် အနက် အချို့ အဝက် အနည်းငယ် သာ စာအုပ် အဖြစ် ရောက်ရှိ၍ မရိုက်နှိပ်ရသေးသော လက်ရေး စာများမှာ အများအပြား ကျန်ရှိနေသေးသည်။ ]

ယခုအခါ၌—

( ၁ ) အရှင်အာဒိစ္စဝံသ ဆရာတော်၏ ကျမ်းပြုစုခဲ့သော မူလ ရည်ရွယ်ချက်ကို အကောင်အထည် ပေါ်ပေါက်စေလိုခြင်း —

( ၂ ) နိဗ္ဗာန်ကို မျက်နှာမူလိုကြသူများလည်း ဘုရားဟော နိဗ္ဗာန် စစ်စစ်ကို သဘောပေါက် သိရှိစေလိုခြင်း —

# ကျမ်းပလွင်

(၃) နိဗ္ဗာန်နှင့် ပတ်သက်သော ပြဿနာပေါင်း
သောင်းခြောက်ထောင်ကို ပြောကျအောင်ချေမှုန်း
ပစ်နိုင်မည့် ကျမ်းတဆူ ဟု ယုံကြည်ခြင်း—

ဟူသော ရည်ရွယ်ချက်များဖြင့် ဤ "နိဗ္ဗာနသုတ္တသင်္ဂဟာကျမ်း" ကို ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

သို့သော် ဤ "နိဗ္ဗာနသုတ္တသင်္ဂဟာကျမ်း" သည် ဝိပဿနာဖလအိုးများ အတွဲ ကျက်မှတ် ဟောပြောစရာ, လေပန်းစရာ, လက်စွဲပြုစရာ စာအုပ် ဖြစ်နေမည် ဆိုလျှင်ကား ကျမ်းပြုဆရာ၏ မူလ ရည်ရွယ်ချက်နှင့် ကိုက်ညီနိုင်တော့မည် မဟုတ်ပေ။

ထိုသို့ မဟုတ်မူဘဲ ဤ "နိဗ္ဗာနသုတ္တသင်္ဂဟာကျမ်း" ကို ဖတ်ရှု လေ့လာခြင်းဖြင့် ဗုဒ္ဓဘုရားရှင် ဟောထားခဲ့ရင်း နိဗ္ဗာန်ကို တကယ် သဘောပေါက်ကာ ဝိပဿနာ ဉာဏ်လှေခါး အဆင့်ဆင့်ကို ကျော်ဖြတ်လျက် ဂေါတြဘူတံခါးဝမှ ဝင်ရောက်၍ မဂ်ဆိုက် ဖိုလ်ဝင် နိဗ္ဗာန်ကို ကိုယ်တိုင်မြင်အောင် ကျင့်ကြံ, ကြိုးစားနိုင်ကြမည် ဆိုလျှင်ကား ကျမ်းပြုဆရာ၏ ရည်ရွယ်ချက်နှင့်ရော, ထုတ်ဝေသူ၏ ရည်ရွယ်ချက်နှင့်ရော တပြေးတည်း ကိုက်ညီမည် ဖြစ်ကြောင်း အလေးအနက် ဖော်ပြအပ်ပေသတည်း။

မြင့်ဆွေ
မင်္ဂလာပိဋကပုံနှိပ်တိုက်
၉—၂—၆၃

# ဂန္ဓာရမ္ဘော

(၁) နိဗ္ဗာနဒေသကံ ဗုဒ္ဓံ,
ဓမ္မံ သံဃံ ပဏာမျဟံ၊
ကဿံ နိဗ္ဗာနသုတ္တာနံ,
သင်္ဂဟံ သင်္ဂဟာရဟံ။

(၂) တဉှိ နိဿာယ ဗုဒ္ဓီနံ,
ဉာဏဘေဒေါ ဘဝိဿတိ၊
ဉာဏဘေဒေန ဗုဒ္ဓီနံ,
လောကော ဒုက္ခံ ဇဟိဿတိ။

(၃) အဇာနန္တော ဟိ နိဗ္ဗာနံ,
လောကော ဒုက္ခေန ပီဠိတော၊
နိဗ္ဗာနဉာဏိကော လောကော,
တဿ မဂ္ဂံ ဂမိဿတိ။

(၄) မဂ္ဂါနုဂါမိကော လောကော,
ဒုက္ခမဂ္ဂံ ဇဟိဿတိ၊
မဂ္ဂံ တဿ ပဇဟန္တော,
နိဗ္ဗာနံ သော ဂမိဿတိ။

(၅) တေ မဂ္ဂ ဝသံ ဥဋ္ဌာ,
နိဗ္ဗာန သုတ္တာသင်္ဂဟံ၊
ဏာတ မေတံ ဝိဇာနန္တာ,
ဒုက္ခက္ခယ ဂဝေသကာ။

# နိဿျပတိညာဥ်

---

သင်္ဂါယုတော မယာ အတ္ထိ,
နိဗ္ဗာနသုတ္တ သင်္ဂဟော၊
တဿာဟံ ဝဏ္ဏနံ ကဿံ,
သာဓိပ္ပါယပ္ပ ဒီပိကံ။

မယာ— ငါသည်၊ အတ္ထိ — ထင်ထင်ရှားရှား၊ နိဗ္ဗာန သုတ္တသင်္ဂဟော— နိဗ္ဗာနသုတ္တသင်္ဂဟ မည်သော ပါဠိတော်ကို၊ သင်္ဂါယုတော— ပေါင်းစု လုံးစည်း ထားအပ်၏၊ ဝါ— မယာ—ငါသည်၊ သင်္ဂါယုတော—ပေါင်းစု လုံးစည်း ထားအပ်သော၊ နိဗ္ဗာနသုတ္တသင်္ဂဟော—နိဗ္ဗာနသုတ္တသင်္ဂဟ မည်သော ပါဠိတော် အစုအပေါင်းသည်၊ အတ္ထိ — ထင်းရှား ရှိ၏၊ အဟံ—ငါသည် ပင်လျှင်၊ တဿ— ထို နိဗ္ဗာနသုတ္တသင်္ဂဟ ကျမ်း၏၊ သာဓိပ္ပါယပ္ပဒီပိကံ— အဓိပ္ပါယ် အကျယ် ရှင်း လင်းချက်နှင့် တကွသော၊ ဝဏ္ဏနံ—အဖွင့်ကျမ်းကို၊ ကဿံ— ရေးသား ပြုစုပေအံ့။

# ဂန္ထာရမ္ဘနိဿယ

(၁) အဟံ—ငါသည်၊ နိဗ္ဗာနဒေသကံ—ရာဂ စသော မီးတဆဲ့တပါး ငြိမ်းရာ နိဗ္ဗာန်ကို ဟောညွှန်တော်မူထ သော၊ ဗုဒ္ဓံ— ကိုယ်သိအလား သတ္တဝါများကို တရားမှန် သိစေသော ဘုရားကိုင်း၊ ဓမ္မံ—၎င်း၏ မဂ် ဖိုလ် နိဗ္ဗာန် ပရိယတ်တရား ဆယ်ပါးကိုင်း၊ သံဃံ — အရိယာဂိုဏ်းဝင် သူတော်စင် ရှစ်ဦးကိုင်း၊ ပဏာမျ — ရှိခိုးဦး၍၊ နိဗ္ဗာန သုတ္တာနံ— နိဗ္ဗာန် အကြောင်းကို ဖော်ပြသော ဘုရားဟော သုတ်တို့၏ ၊ သင်္ဂဟာရဟံ—သိမ်းယူပေါင်းစုရန် ထိုက်လျော် စွာသော၊ သင်္ဂဟံ—သိမ်းစု ပေါင်းစည်းသော သုတ်အပေါင်း ကို၊ ကဿံ—ခပေါင်းစု ရေးသား ထားခြင်းကို ပြုပေအံ့။

(၂) ဟိ—နိဗ္ဗာနသုတ္တသင်္ဂဟကျမ်း ဖြစ်ပေါ်ရကြောင်း ကို ညွှန်ပြဦးအံ့၊ တံ— ထိုသည့် နိဗ္ဗာနသုတ္တသင်္ဂဟကျမ်းကို၊ နိဿာယ—အမှီပြု၍၊ ဗုဒ္ဓိနံ — ဉာဏ်ပညာ ပိုင်ရှင်တို့၏၊ ဉာဏဘေဒေါ — ဉာဏ်၏ ကွဲပြားခြင်းသည်၊ ဝါ—ကွဲပြား အောင် ခွဲခြားတတ်သော ဉာဏ်သည်၊ ဘဝိဿတိ — ဖြစ် ပေလတ္တံ့ ၊ ဗုဒ္ဓိနံ—ပညာဉာဏ် ပိုင်ရှင်တို့၏ ၊ ဉာဏဘေဒေန— ဉာဏ်ကွဲပြားခြင်း အားဖြင့်၊ ဝါ — ဉာဏ်ပညာ ကွဲပြားမှု

ကြောင့်၊ လောကော – ဤလောကသူ လူအပေါင်းသည်၊ ဒုက္ခံ— လောကကြီးတွင် ထင်ရှား ရှိသော မိမိတို့ ဆင်းရဲအစုကို၊ ဇဟိဿတိ—စွန့်ပယ်ကြပေလတ္တံ့။

( ၃ ) ဟိ—သင့်လျော်လှစွာ၊ နိဗ္ဗာနံ—လောကမီး ငြိမ်းချာ နိဗ္ဗာန်ရှိကြောင်းကို၊ အဇာနန္တော— မသိကြသော၊ လောကော— လောကနေသူ ဗိုလ်လူအပေါင်းကို၊ ဒုက္ခေန— လောကမီး တဆဲ့တပါး ဆင်းရဲက၊ ပိဋ္ဌိတော— ညှင်းပန်းနှိပ်စက်အပ်၏၊ နိဗ္ဗာန ဉာဏိကော – လောကမီး ငြိမ်းရာနိဗ္ဗာန် ဟု အသိဉာဏ် ရောက်ထိုက်သော၊ လောကော—ဗိုလ်လူအပေါင်းသည်၊ တဿ—ထိုနိဗ္ဗာန်၏၊ မဂ္ဂံ—သွားရာ လမ်းကြောင်း ဖြစ်သော မဂ္ဂင် ရှစ်ပါး ကျင့်ဝတ်သို့၊ ဂမိဿတိ—ဆိုက်ရောက်လတ္တံ့။

( ၄ ) မဂ္ဂါနုဂါမိကော—မဂ္ဂင် ရှစ်ပါး အတိုင်း အစဉ်လိုက်နာ ကျင့်ကြံသော၊ လောကော — ဗိုလ်လူ အပေါင်းသည်၊ ဒုက္ခမဂ္ဂံ— ဒုက္ခ ရောက်ကြောင်း ဘဝ၌ တသ်မက်သော လမ်းခရီးကို၊ ဇဟိဿတိ— စွန့်ပယ်လေအံ့၊ တဿ—ထိုသည့် ဒုက္ခ၏၊ မဂ္ဂံ— ဆိုက်ရောက်ကြောင်း ခရီး ဘဝဘာဏျာကို၊ ပဇဟန္တော—ပယ်စွန့်နိုင်သော၊ သော—ထိုလောကဗိုလ်လူသည်၊ နိဗ္ဗာနံ—ဆင်းရဲ ကင်းရာ နိဗ္ဗာန်သို့၊ ဂမိဿတိ—ရောက်ဆိုက်လတ္တံ့။

“နိဗ္ဗာနသုတ္တသင်္ဂဟ” ကို ရေးသားရခြင်း အာ

ကြောင်းမှာ ၎င်းနိဗ္ဗာန် ဆိုက်ရောက်ရေး "နိဗ္ဗာန သုတ္တသင်္ဂဟ ကျမ်း" ကို မှီ၍ ပညာရှင်တို့ ဉာဏ် ကွဲပြားကြလိမ့်မည်၊ ပညာရှင်တို့ အသိဉာဏ် ကွဲပြား လျှင် လူအပေါင်းသည် ဒုက္ခ ကုန်ခန်းလိမ့်မည်၊ အကြောင်းကား နိဗ္ဗာန်ကို မသိ၍ပင် လောကကို ဒုက္ခ နှိပ်စက်သည်၊ ထိုသို့ မဟုတ် နိဗ္ဗာန်ကို သိကြ ပါမူ နိဗ္ဗာန်ရခရေး မဂ္ဂင် ရှစ်ပါးကို ကျင့်ဆောင်ကြ ပေမည်၊ ၎င်းကို ကျင့်ဆောင်ကြလျှင် ဒုက္ခ ရ ကြောင်း ဘဝ၌ တသိမ်ကျခြင်း တဏှာကို စွန့်ပယ် ကြပေမည်၊ ဘဝတဏှာကို ပယ်စွန့်လျှင် လူအပေါင်း သည် နိဗ္ဗာန်ခွင်တ ကိန်းနိုင်လေရာသည်၊ ထိုသို့သော အကျိုးငှါ "နိဗ္ဗာနသုတ္တသင်္ဂဟကျမ်း" ကို ရေး သား စုပေါင်း ထားပါသည် ဟု ဆိုလိုသတည်း။

( ၅ ) ဧတံ အတ္ထဝသံ— ဤသို့ ညွှန်ပြကဲ့သော အကျိုး သူးကို၊ ဥတ္တာ—အသိဉာဏ် ရောက်၍၊ မေ — ငါသည်၊ ကတံ—စုပေါင်း ရေးသား ထားအပ်သော၊ ဧတံ နိဗ္ဗာန သုတ္တသင်္ဂဟံ — ဤသည့် နိဗ္ဗာန်ညွှန် သုတ်အပေါင်းကို၊ ဒုက္ခက္ခယ ဂဝေသကာ—ခလောက ဆင်းရဲ ကုန်းဆုံးရာ နိဗ္ဗာန် ကို ရှာဖွေ ကုန်သူတို့သည်၊ ဝိဇာနန္တု— ကြည့်ရှု သိမြင်ကြ ပါကုန်လော့- ကြည့်ရှု သိမြင်နိုင်ကြပါစေကုန် သတည်း။

ဤ ကျမ်းဆရာကား ယခု အချိန်၌ လုပ်ငန်း သဘောအားဖြင့် နိဗ္ဗာန်ကို လိုချင်သူ မဟုတ်သေး၊

ထို့ကြောင့် ကျွန်ုပ်သည် နိဗ္ဗာန် မလိုချင်၊ အတင်း ပေးစေကာ "မယူ" ဟု တဖက်သတ် ငြင်းပယ်ထားသူ ဘဝိန်းလိုမှိုသမား ဖြစ်၏။

ကျောင်းအမကြီး တော်မြိုင်က "အရှင်ဘုရားဟာ နိဗ္ဗာန်မလိုချင်ပူး မလိုပူးလို့ ပြောကြတယ်၊ ဘယ် လိုပါလဲ" ဟု မေးလာသော အခါ "အရိုးအတိုင်း ပြောတာဘဲ" ဟု ကျွန်ုပ်တို့က ဖြေလိုက်ရာ၊ ၎င်းက "ဘယ်နှယ့်ဘုရား - နိဗ္ဗာန်ကို တကယ်ပဲ မလိုပူး လား" ဟု မကြေနပ်ပုံနှင့် ထပ်မံ မေးနေ ပြန် သည်။

"တကာမကြီးကတော့ နိဗ္ဗာန် လိုချင်သပေါ့" ဟု ကျွန်ုပ်တို့က ဆိုလျှင် "မှန်ပါဘုရား.... လောကကြီး ဒုက္ခများတာကို တွေ့သိနေရတော့ လိုချင်တာ အမှန် ပါဘုရား" ဟု တကာမကြီးက ဖြေဆိုသကာလ "သည်ဟာဖြင့် တကာမကြီးက ရန်ကုန်မှာ နေ သကိုး၊ နိဗ္ဗာန် လိုချင်ရိုးမှန် တောထွက်ပြီး နိဗ္ဗာန် ရောက်ကြောင်း ကျင့်ရမယ်၊ အဲးသလိုပဲး ကျုပ်လဲ နိဗ္ဗာန် လိုချင်လျှင် သည်ရန်ကုန် လာပြီး တပည့် တပန်းတွေနဲ့ ဆဲလိုက်၊ ဆိုလိုက်၊ ချိုက်လိုက်၊ ပုတ် လိုက်နဲ့ ဒုက္ခခံပြီး စာပေ ချပို့ - တကာတွေ တကာမတွေအား တရား ဟောပြော နေစတဲးက

နိဗ္ဗာန် လိုတယ်ဆိုလျှင် တော်နိုင်ပမလား” ဟု ဆို လိုက်သည်။

သည်တော့ တကာမကြီးက - “ဟုတ်လိုက်လေ ဘုရား…မုချ နိဗ္ဗာန် လိုတာ မှန်လျှင် ကျင့်ရမှာပဲ ဘုရာ့၊ တပည့်တော်မတို့က လိုချင်တာနဲ့ ရတော့ မလိုလို ထင်နေကြတာ လက်စသတ်တော့ မျက်စိ လယ်နေတာပေါ့ ဘုရာ့”

“ဟုတ်တယ် တကာမကြီး….ယယ်ယယ်က နှုတ်တွဲ ရထားတဲ့ ဩဘာသက ဖျက်နေတာ၊ အဲ့တာ ကြောင့် အားလုံးမျက်စိ လယ်ကြတာ၊ အဲ့သည် တော့ တကာမကြီးလဲ မကျင့်နိုင်သေး၊ ဖြေးဖြေး ပေါ့၊ သို့ပေမဲ့ ရောက်ဖို့ရာ လမ်းတော့ ဆက်ထား မှပဲ - တကာမကြီး၊ ယခု မလိုသေးပေမဲ့ လိမ့်မှာတဲ့ အခါ တခါခါတော့ နိဗ္ဗာန် လိုလာလိမ့်မယ်”

“လမ်း ဘယ်နှယ့် ဆက်ရပါ့မယ်ဘုရား”

“လမ်းဆက်နည်းက တကာမကြီး …. ပြုပြုသမျှ ဒါန, သီလ, ဘာဝနာများ အတွက် နိဗ္ဗာန်နဲ့ သာ ဆက်ထား၊ လောကကြီးနဲ့ ဘယ်တော့မှ ဆက် မထားလေနဲ့၊ လောက အတွက် ရည်သန် မထားပဲ လောကနိရောဓ အတွက် သာ ပြုလုပ်၊ အဲ့….ဤနှင့် အလားတူ တကာမကြီးရဲ့ ရှေးအတိတ်က ကမ်တွေ

ပေါ်မှာလဲ ငါ သည်ကမ်တွေ၏ အတွက် လောကတွင် ခံစားဘို့ မလိုတော့ဖူး ဆိုပြီး ၎င်းကမ်များ အပေါ်၌ အစွဲ ဖြတ်ထား၊ အဲဒါ နိဗ္ဗာန်လမ်းကို ဆက်သွယ်ထားခြင်းပဲ။”

ယင်းကဲ့သို့ ကျွန်ုပ်သည် နိဗ္ဗာန်ကို တကယ် မလိုသူ ပင် ဖြစ်၏၊ သို့သော် တခါခါတော့ လိုလာမည်ဟု သဘောကျသူ ဖြစ်၏၊ ကျွန်ုပ်သည် ငယ်ငယ်က ပင် သြကာသကို အမေ သင်ပေးသည် - အဖေ သင်ပေးသည်· သို့မဟုတ် မိမိ အလိုလို ကိုယ်ဘိုင် ပင် နှုတ်တဲ့ ရသည် ဟု မသိနိုင်ပဲ နှုတ်ရထားသူ ဖြစ်၏၊ ယင်းသည့် သြကာသ၏ အဓိပ္ပါယ်ကို သိ၍ ဆိုပြီး စဉ်းစားကြည့်၍ ကိုယ့်အလို ပေါ်လာသည်ကား “အပါယ် ၄-ပါး, ကပ် ၃-ပါး, အရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါး, ဝိပတ္တိတရား ၄-ပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းမည်” ဟု ပေါ်လာ၏၊ ဤအလိုနှင့် သာ သြကာသကို ဆို၏။

နောက်ဆုံးက နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကိုကား လိုချင်သည် မဟုတ်ပဲနှင့် ပင် ဆိုနေ၏၊ နိဗ္ဗာန် ချမ်းသာ ဆိုဘာ ဘယ်လို ဟု သိရပြန်သော် ၎င်းကို မလိုချင်၊ အကြောင်းကား ဒုက္ခကို မသိသောကြောင့်တည်း၊ နောက်တော့မှ “သည် သြကာသ ဟာ ငါ့ တယ်ဖျက်တဲ့ သြကာသ, ဆု

တောင်းလို့လဲ နိဗ္ဗာန် ရမည် မဟုတ်၊ ငါမလိုတဲ့ အပါယ် ၄-ပါး စသည်ကလဲ ကင်းလွတ်နိုင်စရာ မရှိ၊ အလကားပဲးကိုး” ဟု သိပြီး တခါထဲ စွန့်လိုက်၏။

ယင်းသို့ ကျွန်ုပ်တို့ ညွှန်ပြကဲ့တိုင်း နိဗ္ဗာန်ကို တကယ် လိုသူကား ကျွန်ုပ်က အစပြု၍ ရှားလှပါ တောင်း၊ သို့သော် နိဗ္ဗာန်ကို လိုလားမည်ကား မုချ ဘည်း၊ လိုလားသူများသည်း ရှိပါလိမ့်မည်၊ မုချ လိုလားရမည့် အရာကား မချွတ်တည်း၊ အကြောင်း ကား လောကကြီးသည် ပျော်စရာချည်း မဖြစ်နိုင်၊ ပြင်းရှိ ငြီးငွေ့ စရာလည်း ဖြစ်သောကြောင့်တည်း၊ ယင်းသို့ဖြစ်လျှင် နိဗ္ဗာန် ဆိုတာ ဘယ်လိုဟာလဲ....။

မြောက်ပိုင်း ဗုဒ္ဓသာသနာဝင်တို့ နိဗ္ဗာန်ကား သုခဝတီ ခေါ် သုတ် အရ ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသော ဘုရားရှင် အသီးသီးတို့မှာ မိမိတို့ ကိုယ် ပိုင် တိုင်းတော် ပြည်တော် အသီးသီးနှင့် ထက်ဝန်း ကျင် ကောင်ကင်ပြင်၌ နေထိုင်ကြကြောင်း ဆို၏။

ဟိန္ဒူတို့ နိဗ္ဗာန်ကား ပြဟ္မာ့ပြည်တည်း။

မဟာမေဒင် နှင့် ခရစ္စယန်တို့ နိဗ္ဗာန်မှာလည်း ဟိန္ဒူတို့ နိဗ္ဗာန်မျိုး ပင် ဆိုလို၏၊ သို့ရာတွင် မသဲကွဲ ချေ၊ လုံးချာချာ နိဗ္ဗာန်ကြီး ပင်။

ဂျိုင်း နိဗ္ဗာန်မှာလည်း မြဲသော နိဗ္ဗာန် ချမ်းသာ ဝေဒယိတသုခ ရှိသည် ဟု ဆဲယူ၏။

၎င်းတို့တွင် မြောက်ပိုင်း ဗုဒ္ဓသာသနာဝင်တို့ နိဗ္ဗာန်သည် အရှင်းဆုံး ဖြစ်၏၊ ဟိန္ဒူ နိဗ္ဗာန်ကား ဒုတိယ ရှင်း၏၊ အခြား နိဗ္ဗာန်များကား ဤကဲ့သို့ မသဲကွဲချေ၊ လုံးချာချာ တို့နှင့် ချည်းတည်း။

ယခု ကျွန်ုပ်တို့ ဆိုလတ္တံ့ နိဗ္ဗာန်ကား တောင်ပိုင်း ဗုဒ္ဓဘာသာ ခေါ် သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား ပြည်တို့၌ ထင်ရှားသော နိကာယ်ငါးရပ် ဂေါတမ ဗုဒ္ဓ ပါဠိစာ မူခပါဠ် ခေါ် နိဗ္ဗာန်များတည်း၊ ၎င်းတို့ကား ကျွန်ုပ် ကိုယ်တိုင်လည်း သဘောကျသော နိဗ္ဗာန်များ ဖြစ်ပေသည်၊ ကျွန်ုပ် သိရသမျှ ပိဋကတတ် ပုဂ္ဂိုလ် မှန်သမျှလည်း ကျွန်ုပ် သဘောမျိုး ပင် သက်ဝင်ကြသည် ဟု သိရှိရပေသည်။

အရှင်အာဒိစ္စဝံသ

၁၂၉၆–ခုနှစ်၊
ဝါခေါင်လဆန်း ၁၀–ရက်နေ့
ည ၁၀–နာရီ ၁၀–မိနစ်

# နိဗ္ဗာနသုတ္တသင်္ဂဟ

## ၁—ဗာဟိယသုတ္တံ

[ ဥဒါနပါဠိတော် ]

တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ သုတေ သုတမတ္တံ ဘဝိဿတိ မုတေ မုတမတ္တံ ဘဝိဿတိ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ ဧဝဉှိ တေ ဗာဟိယ သိက္ခိတဗ္ဗံ ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ သုတေ သုတမတ္တံ ဘဝိဿတိ မုတေ မုတမတ္တံ ဘဝိဿတိ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ ဗာဟိယ န တေန ယတော တွံ ဗာဟိယ န တေန တတော တွံ ဗာဟိယ န တတ္ထ ယတော တွံ ဗာဟိယ န တတ္ထ တတော တွံ ဗာဟိယ နေဝိဓ န ဟုရံ န ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿ။

## ၂ နိဗ္ဗာနသုတ္တသင်္ဂဟ

ယတ္ထ အာပေါ စ ပထဝီ,
တေဇော ဝါယော န ဂါဓတိ။

န တတ္ထ သုက္ကာ ဇောတန္တိ,
အာဒိစ္စော န ပကာသတိ၊
န တတ္ထ စန္ဒိမာ ဘာတိ,
တမော တတ္ထ န ဝိဇ္ဇတိ။

ယဒါ စ အတ္တနာ ဝေဒိ,
မုနိ မောနေန ဗြာဟ္မဏော၊
အထ ရူပါ အရူပါ စ,
သုခ ဒုက္ခာ ပမုစ္စတိ။

# ဗာဟိယသုတ်နိသျ

[ ဥဒါန်းပါဠိတော်- ပဌမ-ဗောဓိဝဂ်-ဒသမ-အဋ္ဌုပ္ပတ် ]

---

ဘုရားရှင် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတွင် သီတင်းသုံး နေထိုင်စဉ် ပျဉ်ချပ်ကို စီစပ် သီဖွဲ့ ဝတ်လေ့ရှိသော ဗာဟိယ မည်သော တိတ္ထိတဦးသည် သမုဒ္ဒရာကမ်းအနီး သုပ္ပါဒဆိပ်ကမ်းတွင် နေထိုင်လေသည်၊ ယင်းသို့ အားဖြင့် ထိုအရပ်၌ အများတို့ လေးစား ကြည်ညိုခြင်းကို ခံရလျက် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး လာဘ် ပူဇော် များကို ရနိုင်သော ဗာဟိယက "ငါသည် ရဟန္တာ- ရဟန္တာဖြစ်အောင် ကျင့်ကြံသူ တဦး ဖြစ်သည်" ဟု စိတ်ကူးရောံလေပြီ၊ ထိုစဉ်အခါက ၎င်း၏ မိတ်ဆွေ အထူး ဖြစ်ကဲ့ပူးသော နတ်တဦးက ၎င်းဌာန် လာရောက်ကာ သနား ကြင်နာစွာ ပြောဆိုလေသည်ကား "အို...ဗာဟိယ-သင်ကား ရဟန်းလည်း မဟုတ်-ရဟန္တာလည်း မဟုတ်- ရဟန္တာဖြစ်ကြောင်း အကျင့်လည်း မရှိ" ဟု ဆိုရာ ဗာဟိယက "သို့ဖြစ်

သော် ဤလောကတွင် မည်သူသည် ရဟန္တာ—ရဟန္တာ ဖြစ်အောင် ကျင့်ကြံသူ ဖြစ်ပါသနည်း” ဟု မေးရာ ၎င်းက “အို....ဗာဟိယ·မြောက်အရပ်တိုင်းပြည်များတွင် ကောသလတိုင်း သာဝတ္ထိမြို့တော်၌ ပူဇော်ခံသခင် ဘုရားရှင် နေထိုင်လျက် ရှိတော်မူသည်၊ ၎င်းဘုရားရှင်သည် ရဟန္တာဖြစ်၍ ရဟန္တာဖြစ်ရေး တရားများကိုလည်း ဟောကြား ညွှန်ပြလေသည်” ဟု ပြောဆိုလေပြီ။

ယင်းသို့လျှင် အကျိုးစီးပွါးကို လိုလား၍ သတိပေးကြားလာသော နတ်၏ စကားဖြင့် ထိတ်လန့်သံဝေရလျက် မိမိ နေရာမှ ထွက်ခဲ့ပြီးသော် ရောက်ရာရောက်ရာ၌ တညတညမျှ အိပ်စက် နားနေပြီး၍ ခရီးပြင်း နှင်ကာ သွားရောက်လေပြီ၊ သာဝတ္ထိမြို့တော်သို့ ဆိုက်ရောက်သည်မှာ နံက်ခင်း ဆွမ်းခံဝင်ချိန်ဖြစ်လေရာ ၎င်းသည် ဇေတဝန် ကျောင်းတော်သို့ သွားရောက်သော် ကျောင်းဝန်း အပြင် လွင်တီးခေါင်၌ စင်္ကြံသွားကာ နေထိုင်ကြသည့် ရဟန်းတော်များကို တွေ့၍ ၎င်းတို့ဌာန် ဝင်ရောက်ပြီးလျှင် “အရှင်မြတ်တို့—ဘုရားရှင်သည် ယခုအခါ အဘယ်မှာ နေထိုင်ပါသနည်း” ဟု မေးသော အခါ “ဘုရားရှင်သည် မြို့တော်တွင်း၌ ဆွမ်းခံဝင်ရော် လှည့်လည်၍ နေသည်” ဟု ပြန်ကြားသည်ကို သိရလျှင် အရေးတကြီး သုတ်ပြီးသုတ်ပြာ ပြန်လည်ကာ သာဝတ္ထိ

မြို့တော် အတွင်း ဆွမ်းခံ ဝင်ရောက်တော်မူသည့် ဘုရားရှင်ဌာန် သွားရောက်ကာ လမ်းခရီး အကြားမှာ ပင် ဘုရားရှင်၏ ခြေတော်စုံကို ဦးနှိမ် ဝပ်လျှိုး ရှိခိုး ပြီးသကာလ "အို....မြတ်စွာဘုရား-တပည့်တော်အား ရှည်လျားစွာ ချမ်းသာရရေး အလို့ငှာ တရား ဟောညွှန်တော်မူပါ ဘုရား" ဟု လျှောက်ထား လေပြီ။

အလိုက်မသိတဲ့ အကောင်— မြို့တွင်း ဆွမ်းခံစဉ် အခါကြီးမှာ ပင် ထိုသို့ လျှောက်ရသလော- ကျောင်း ပြန်ရောက်အောင်မျှား တဆိတ် ဆိုင်းဖို့ ကောင်းသည် ဟု အပြစ်တင်ပေရာ၏၊ ထိုသို့ အလိုက် ကန်းဆိုး မသိ ဟု အပြစ်တင်လျှင် သာ တင်ရမည့် "အဇ္ဈော ကိစ္စံ အာတပ္ပံ, ကော ဇညာ မရဏံ သုဝေ" ဟူသော ပါဠိတော်နှင့်ကား တကိုက်တည်း ကျ၏၊ ဘုရားရှင်မူကား ဤသို့ အပြစ်တင်ဖွယ်ကို နှစ်လုံးမထား- တရားနာယူရေး အတွက် စိတ်အော ကဂ္ဂတာ ရနိုင်သည့် အထိ စဉ်းစား နားနေခွင့်ကို ပြုလိုရကား "အို....ဗာဟိယ-အခါမဟုတ်၊ ဆွမ်းခံ ဝင်တုံး ဖြစ်သည်" ဟု မိန့်တော်မူလေရာ ဗာဟိယက "အို....မြတ်စွာဘုရား- အရှင်ဘုရား၏ ၎င်း တပည့် တော်၏ ၎င်း အသက်အန္တရာယ်ကို သိနိုင်ခဲပါသည်၊ ထို့ကြောင့် အကျွန်ုပ်အား ရှည်မြင့်စွာ အကျိုး ဖြစ်ရန် တရား ဟောညွှန်တော်မူပါ" ဟု တဖန်

လျှောက်ထားလေပြီ၊ ဘုရားရှင်သည် ၎င်း၏ အာသာ ဆန္ဒ ပြင်းပြ ထက်သန်စေရန်၎င်း အမောပြေစေ ရန်၎င်း ၂·ကြိမ်တိုင် တားမြစ်လေပြီ၊ သို့ရာတွင် ဟောညွှန်ရန် သာ ၃ ကြိမ် တိုင် အဘင်း တိုက်တွန်း နေလေပြီ။

ထို့ကြောင့် ဘုရားရှင်က "တသ္မာ တိဟ" စသည်ကို ဟောညွှန်ပေပြီ။

တသ္မာ— ယင်းသို့ဘမြိုးကား—ယင်းသို့ဖြစ်ခဲ့မူ၊ ဣဓ— ဤ လောက၌၊ (တိဟ၌ တ-အာဂုံ) ဗာဟိယ—အို....ဗာဟိယ၊ တေ—သင်သည်၊ ဧဝံ—ဤသို့· ဤဆိုသတ္တံ့ အတိုင်း၊ သိက္ခိတဗ္ဗံ·ကျင့်ကြံအပ်၏·ကျင့်ကြံရမည်၊ ဒိဋ္ဌေ—မိန်းမ ယောကျာ်း စသည် တစုံတရာ တွေ့မြင်ရာ၌၊ ဒိဋ္ဌမတ္တံ—မြင်လိုက်ကာ မျှသည်·မြင်ရတိုင်းမျှသည်၊ ဘဝိဿတိ—ဖြစ်ရမည်၊ သုတေ— တစုံတရာ မိန်းမသံ ယောကျာ်းသံကို ကြားရရာ၌၊ သုတမတ္တံ· ကြားလိုက်ကာမျှသည် · ကြားရတိုင်းမျှသည်၊ ဘဝိဿတိ— ဖြစ်ရမည်၊ မုတေ—တစုံတရာ အနံ့ကို နံရာ, အရသာကို ခံရာ, အထိအတွေ့ကို တွေ့ရရာ၌၊ မုတမတ္တံ—နံလိုက်ကာမျှ, အရသာ ခံလိုက်ကာမျှ, တွေ့ထိလိုက်ကာမျှသည်·တွေ့ထိရတိုင်းမျှသည်၊ ဘဝိဿတိ—ဖြစ်ရမည်၊ ဝိညာတေ—တစုံတရာကို စိတ်ကူး သိရှိရာ၌၊ ဝိညာတမတ္တံ — သိရှိလိုက်ကာမျှသည်· သိရှိတိုင်း မျှသည်၊ ဘဝိဿတိ—ဖြစ်ရမည်၊ ဧဝံဟိ—ဤသို့လျှင်၊ (ဝါ)

ဝေံ—ဤသို့၊ ဟိ—စင်စစ်၊ ဗာဟိယ—အို...ဗာဟိယ၊ တေ—သင်သည်၊ သိက္ခိတဗ္ဗံ—လိုက်နာကျင့်ဆောင်ရမည်။

အဓိပ္ပါယ်ချုပ်ကား တွေ့မြင်ရာ, ကြားသိရာ, နမ်းရှုရာ, အရသာခံရာ, တွေ့ထိရာ, သိမှတ်ရာများ၌ မြင်ရကာမျှ, ကြားရကာမျှ, နံရကာမျှ, ခံစားရကာမျှ, တွေ့ထိရကာမျှ, သိမှတ်ရကာမျှ စိတ်ထားရမည်၊ ၎င်းထက် ပိုလွန်၍ နိမိတ္တဂ္ဂါဟ ဗျဉ္ဇနဂ္ဂါဟ စိတ် မထားရ ဟု ဆိုလို၏။

ဗာဟိယ—အို...ဗာဟိယ၊ ခေါ—အကျိုးကား၊ တေ—သင့်အား၊ ဒိဋ္ဌေ—မြင်ရသော အဆင်း အာရုံ၌၊ ဒိဋ္ဌမတ္တံ—မြင်ရကာမျှသည်၊ ယတော ဘဝိဿတိ—အကယ်၍ ဖြစ်လေအံ့၊ သုတေ—ကြားရသော အသံ အာရုံ၌၊ သုတမတ္တံ — ကြားရကာမျှသည်၊ ယတော ဘဝိဿတိ—အကယ်၍ ဖြစ်လတ္တံ့၊ မုတေ—နံအပ်သော အနံ့,သာယာသော အရသာ,ထိတွေ့သော အတွေ့၌၊ မုတမတ္တံ—နံကာမျှ, အရသာ ခံကာမျှ, တွေ့ထိကာမျှသည်၊ ယတော ဘဝိဿတိ—အကယ်၍ ဖြစ်လတ္တံ့၊ ဝိညာတေ — သိအပ်သော အာရုံ ငါးမျိုးစုံ၌၊ ဝိညာတမတ္တံ — သိကာမျှသည်၊ ယတော ဘဝိဿတိ—အကယ်၍ ဖြစ်ပေါ်လတ္တံ့၊ ဗာဟိယ—အို...ဗာဟိယ၊ တတော—ထိုသို့ ဖြစ်ခဲ့မူ၊ တွံ—သင်သည်၊ တေန—ထိုသည့်အာရုံ တစုံတခုနှင့် အာရုံ တစုံ တခု ရှိသော လောကနှင့်၊ န—ပတ်သက် ဆက်

ဆံဘွယ် မရှိတော့၊ ဗာဟိယ—အို...ဗာဟိယ၊ တံ့—သင်သည်၊ တေန—ထိုသည့်အာရုံ တစုံ တခုနှင့်၊ ယခတော နှ—အကယ်၍ စပ်ဖက်ဆက်သွယ် မရှိ ဖြစ်လေအံ့၊ တတော—ထိုသို့ ဖြစ်ပါမူ၊ ဗာဟိယ—အို...ဗာဟိယ၊ တွံ— သင်သည်၊ တတ္ထ— ထိုသည့်အာရုံ·အာရုံ၏ တည်ရာ လောက· ၃·ပါး၌၊ နှ—မဖြစ်တော့·မရှိတော့၊ ဗာဟိယ — အို...ဗာဟိယ၊ တွံ—သင်သည်၊ တတ္ထ—ထိုအာရုံ·အာရုံ၏ တည်ရာ ၃·လောက၌၊ ယတော နှ—အကယ်၍ မဖြစ်ခဲ့အံ့၊ တတော—ထိုသို့ မဖြစ်ပါမူကား၊ ဗာဟိယ—အို...ဗာဟိယ၊ တွံ—သင်သည်၊ နေဝိဓ—ဤ၌ လည်း မဟုတ်၊ နှ ဟုရံ—ထို၌လည်း မဟုတ်၊ နှ ဥဘယေသ မန္တရေန—၂·မျိုးစုံတို့ အတွင်း၌လည်း မဟုတ်၊ ဧသေဝ—ဤ သည်ကား၊ ဒုက္ခဿန္တော—ဒုက္ခဆုံးရာပင်တည်း။

အဓိပ္ပါယ်ကား မြင်ရရာ၌ မြင်ကာမျှ, ကြားရရာ၌ ကြားကာမျှ, နံရရာ၌ နံကာမျှ, အရသာ ခံစားရာ၌ အရသာ ခံစားရကာမျှ, တွေ့ထိရာ၌ တွေ့သိကာမျှ, သိရရာ၌ သိကာမျှ ဖြစ်ခဲ့ပါအံ့၊ သို့ဖြစ်ပါမူ သင်သည် ထိုအာရုံနှင့် တစုံဘရာ ဆက်စပ်ခြင်း မရှိတော့ပေ၊ ယင်းသို့ ဖြစ်ခဲ့မူ သင်သည် ယင်းသည့် အာရုံ တည်ရာ လောက ၃·ပါး၌ မဖြစ်ရတော့၊ လောက ၃·ပါး၌ ဖြစ်ရန် အကြောင်း မရှိတော့၊ သို့ဖြစ်ပါမူ သင်သည် ဤ၌ မဖြစ်တော့၊ ထို၌လည်း မဖြစ်တော့၊ ယင်းနှစ်ပါး၏ အတွင်းအကြား၌သည်း

မဖြစ်တော့၊ ဤကား ဆင်းရဲ အဆုံး ပင် ဟု ဆိုလို၏။

အချုပ် ဆိုလိုရင်းကား အာရုံ ၆-ပါး၌ မြင်ကာမျှ, နံကာမျှ, အရသာ မှီဝဲကာမျှ, တွေ့ထိကာမျှ, သိကာမျှ ဖြစ်၍ အာရုံ ၆-ပါးလုံး၌ တသိမက်ခြင်း မဖြစ်ခဲ့မူ ယင်းသည့် တသိမက်၍ အာရုံ၌ သာယာခုံမင်သူတို့ ဘုံ ဘဝနှင့် ဆက်စပ်ဘွယ် မရှိ၊ ထို့ကြောင့် ထိုသည့် အာရုံ တည်ရာ ဘုံ ၃-ပါး၌ မဖြစ်ရတော့၊ ဤကား ဆင်းရဲ ဆုံးရာ နိဗ္ဗာန် ပင် ဟု ဆိုလို၏၊ နေဝိဓ ဟူသည် ဤပစ္စက္ခဘဝတည်း၊ န ဟုရံ ဟူသည် တမလွန်ဘဝတည်း၊ န ဥဘယေ သမန္တရေန ဟူသည် ဘဝနှစ်မျိုး၏ အတွင်းအကြား၌ မြင်ရခြင်းတည်း၊ ဤ ၃-မျိုး၌ မဖြစ်တော့ ဟူလို။

တနည်း နေဝိဓ ဟူသည် ဤကာမလောကတည်း၊ န ဟုရံ ဟူသည် ထိုမှ တပါးသော ရူပ အရူပ လောကတည်း၊ န ဥဘယေသမန္တရေန ဟူသည် ယင်း ၂-ပါး၏ အတွင်း အကြားတည်း၊ ယင်း ၃-မျိုး၌ ပင် မဖြစ်တော့ ဟူလို၊

တနည်း နေဝိဓ ဟူသည် ဤလောက ၃-ပါးတည်း၊ န ဟုရံ ဟူသည် ထိုမှ တပါးသော နိဗ္ဗာန်တည်း၊ န ဥဘယေသမန္တရေန ဟူသည် ဤလောက ၃-ပါး

နှင့် နိဗ္ဗာန် အကြားတည်း၊ ယင်း ၃-မျိုးသည် ပင် မဖြစ်တော့ ဟူလို။

ဤကား နိဗ္ဗာန် ၃-မျိုးအတွက် ယူဆနည်းတည်း၊ ဤဗာဟိယသုတ် စကားဖြင့် နိဗ္ဗာန် နှင့် နိဗ္ဗာန်ရေး လုပ်ငန်းသည် ထင်ထင် ရှားရှားကြီး ဖြစ်၏။

ပဌမ စကား အရ နိဗ္ဗာန် ဟူသည် အာရုံ ၆-ပါး တည်နေရာ လောကလည်း မဟုတ်၊ ထိုမှတပါး နိဗ္ဗာန် ရောက်ဆိုက်သူလည်း မရှိ၊ နိဗ္ဗာန်ဟု ဘုံ ဌာန သီးခြားလည်း မရှိ၊ ခံစားရာ အာရုံလည်း မရှိ၊ ခံစားသူလည်း မရှိ၊ ပင်စစ်ကား အာရုံကို ခံစားမှု မရှိ၍ အာရုံ နှင့် အာရမ္မဏိက ချုပ်ငြိမ်းခြင်း မျှသာတည်း ဟု ပြ၏၊ ဒုတိယ လုပ်ငန်းကို အာရုံ၌ တည်ခြင်း ကင်းရမည် ဟု ပြ၏၊ မှန်လှ၏- အာရုံကို မတည်မက်လျှင် အာရုံသည်း မရှိတော့၊ တည်မက်သူလည်း မရှိတော့ရာ၊ ထို့ကြောင့် နိဗ္ဗာန်ရရောက်လိုလျှင် လောကအပေါ်၌ တည်မက် ခြင်းကို အလျဉ်း ပယ်စွန့်ရန် သာ ဖြစ်လေသည်။

ဤသို့ ဘုရား ဟောတော်မူရာ၌ ရှေး ပိဋကဆောင် မထေရ်တို့က အောက်ပါ ဂါထာများကို ဖွဲ့ကုံး ထားခဲ့လေသည်။

ယတ္ထ—အကြင် နိဗ္ဗာန်၌၊ ဝါ—အာရုံ ၆-ပါး ငြိမ်းကွဲရာ၌၊

အာပေါ စ—ယိုစီးခြင်း လုံးစုခြင်း တွဲစပ်ခြင်း သဘောရှိသော ရေဓာတ်သည်၎င်း၊ ပထဝီ စ—ခက်မာ ကြမ်းထန်းခြင်း ပြေညံ့ခြင်း သဘောရှိသော မြေဓာတ်သည်၎င်း၊ တေဇော စ—ပူလောင်ခြင်း မြိုက်ကြွမ်းခြင်း ရူးရှခြင်း ဆွေးမြည့်ခြင်း သဘော ရှိသော မီးဓာတ်သည်၎င်း၊ ဝါယော စ—ထောက်ကန်ခြင်း ကွန်းထိုးခြင်း တောင့်တင်းခြင်း ဆွဲငင်ခြင်းသဘော ရှိသော လေဓာတ်သည်၎င်း၊ န ဂါဓတိ— ထောက်တည်ရာ မရ- မထောက်တည်နိုင်။ (မသက်ဝင် ဟူလို)

ဓာတ်လေးပါးနှင့် ဆက်သွယ် ဖြစ်ပွါးသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဖေါဋ္ဌဗ္ဗ နှင့် အာကာသ ဤဓာတ် ၆-ပါးလည်း မရှိ ဟု သိရ၏၊ ထိုအကြောင်းကို "န တတ္ထ" စသည်ဖြင့် ဆို၏။

တတ္ထ—ထိုအာရုံ ၆-ပါး ကင်းရာ နိဗ္ဗာန်၌၊ သုက္ကာ—ခသာကြာ ခေါ် ကြယ်သောက်ရူးတို့သည်၊ န ဇောတန္တိ—မထိန်လင်းကုန်၊ အာဒိစ္စော—နေသည်လည်း၊ န ပကာသတိ—တစုံတရာမျှ မလင်းပြနိုင်ချေ၊ တတ္ထ—ထိုနိဗ္ဗာန်၌၊ စန္ဒိမာ—သသည်း၊ န ဘာတိ—မလင်းလက်ချေ၊ တတ္ထ–ထိုနိဗ္ဗာန်၌၊ ဘမော—မှောင်သည်လည်း၊ န ဝိဇ္ဇတိ—ထင်ရှား မရှိလေ။

ဤတဂါထာဝက်ဖြင့် နိဗ္ဗာန် ခေါ် အာရုံ ၆- ပါး ကင်းရာ၌ အဝိညာဏကဓာတ် တစုံတရာမျှ

မရှိကြောင်း ပြလေသည်၊ နိဗ္ဗာန်သည် သတ္တဝါတို့ တည်ရာ မှီရာ နေထိုင်ရာ—ဘုံဗိမာန်, မြေ, တော, တောင်, ရေပြင်, အာကာသ တစုံတရာမျှ မဟုတ်ဟု သိစေလေသည်၊ အဝိညာဏကခေတ် ကင်းမဲ့ခြင်း ဖြစ်၏၊ သဝိညာဏကခေတ်လည်း တစုံ တရာမျှ မရှိကြောင်း သိစေ၏၊ ၎င်းကို ထင်ရှားစေရန် ဤဂါထာဖြင့် ဆိုပြန်၏။

မှန်—လောက ချုပ်ငြိမ်းရေး ဉာဏ်ပိုင်သျှင်သည်၊ ယဒါ—အကြင်အခါ၌၊ မောနေန—ဉာဏ်ပညာဖြင့်-ဆင်းရဲ ချုပ်ပျောက်ရေး ဉာဏ်အမြင်ဖြင့်၊ ဗြာဟ္မဏော—မကောင်းမှုကို စင်စေ၍-- မကောင်း ဖြစ်ဦးမည့် ကောင်းမှုကိုပင် စင်ကြယ်စေလျက်၊ အတ္တနာ—သူပြောမယုံ ကိုယ်ကြုံကိုယ်တွေ့အားဖြင့်၊ စ—ဧကန် စင်စစ်၊ အဝေဒိ—သိလေပြီ၊ အထ—ထိုအခါ၌၊ ရူပါစ—ရုပ်မှုရုံး၊ အရူပါစ—နာမ်မှုံး သုခ ဒုက္ခာ စ—ချမ်းသာ ဆင်းရဲ ၂ ပါးမှုံး၊ ၂ ဦးတို့၊ လွတ်ငြိမ်းဘော့လေ၏။

ဤဂါထာတွင် ပဌမ ၂ ပါဒဖြင့် မဂ္ဂသစ္စာကို ပြ၏၊ ပမုစ္စတိ ဖြင့် နိရောဓသစ္စာကိုပြ၏၊ ရူပါအရူပါ သုခ ဒုက္ခ ဖြင့် ဒုက္ခ သမုဒယသစ္စာကို ပြ၏၊ ထိုတွင် ဗြာဟ္မဏော ဖြင့် သီလ သမာဓိ နှင့် မဂ်လေးပါး ဉာဏ်ကို ပြ၏၊ အဝေဒိဖြင့် ဖလဉာဏ်ကို ပြ၏၊

မောနေန ဖြင့် သီလသံဝရဉာဏ်, သမာပတ္တိဉာဏ်, ဝိပဿနာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်များကို ပြ၏။

ဤဗာဟိယသုတ်တွင် ပါဠိတော် ဘုရားဟော မိန့်ချက် သက်သက်ကို ထောက်ထားကာ သီလ သံဝရကိစ္စ မရှိဘဲ ဝိပဿနာကို ပွါးထုံကာမျှနှင့် ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရောက် နိုင်သကဲ့သို့ သိအပ် လေသည်၊ သို့ဖြစ်စေကာ ပိဋကဆောင် ဆရာတို့က ဆပ်မံ ပြန်ဆိုချက် နောက်ဆုံး ဂါထာဖြင့် သီလ, သမာဓိ, ပညာ ၃-ပါးစုံ ပြည့်စုံအောင် လုပ်ငန်းကို ညွှန်ပြလေရာကား ပါဠိတော် အရ သီလ, သမာဓိ ၂-မျိုး ဆိုင်ရာ လုပ်ငန်းကိုလည်း လက္ခဏာဟာရ နည်းအားဖြင့် သိရမည် ဟု ဆိုလိုသည်။

ဗာဟိယသုတ်နိသျ ပြီး၏။

# ၂-တဒါယတနသုတ္တံ

[ ဥဒါန-ပါဋလိဂါမဝဂ္ဂ ]

---

အတ္ထိ ဘိက္ခဝေ တဒါယတနံ ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယော န အာကာသာနဉ္စာယတနံ န ဝိညာဏဉ္စာယတနံ န အာကိဉ္စညာယတနံ န နေဝသညာနာသညာယတနံ နာယံလောကော န ပရလောကော န ဥဘော စန္ဒိမ-သူရိယာ၊ တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ န ဂတိံ န ဌိတိံ န စုတိံ န ဥပပတ္တိံ အပ္ပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏမေဝေတံ ဧသေဝန္တော ဒုက္ခဿ။

# တဒါယတနသုတ်နိသျ

[ ဥဒါန်း·ပါဋလိဂါမဝဂ် ]

---

ဘိက္ခဝေ—အို....ရဟန်းတို့၊ တဒါယတနံ— ထိုသို့သော တည်ရာသည်·ထိုသို့သော ဖြစ်ပျက်ရာသည်၊ အတ္ထိ—ထင်ထင် ရှားရှားကြီး ရှိပေ၏၊ ယတ္ထ—အကြင် တည်နေရာ ဖြစ်ပွါး ရာ၌၊ နေဝ ပထဝီ—မာကြောခြင်း ခက်ထန်ခြင်း ပြောင်း ပြော့ခြင်း သဘောရှိသော မြေဓာတ်လည်း မရှိ၊ န အာပေါ-ယိုစီးခြင်း စုပေါင်း လုံးစည်းခြင်း ပူးကပ်ခြင်း သဘော ရှိသော ရေဓာတ်လည်း မရှိ၊ န တေဇော—ပူလောင်ခြင်း မြှိုက်ကြွမ်းခြင်း စူးရှခြင်း ရင့်ကျက် ဆွေးမြည့်ခြင်း သဘော ရှိသော မီးဓာတ်လည်း မရှိ၊ န ဝါယော—ထောက်ကန့်ခြင်း တောင့်တင်းခြင်း တွန်းထိုးခြင်း ဆွဲငင်ခြင်း သဘောရှိသော လေဓာတ်လည်း မရှိ၊ န အာကာသာနဉ္စာယတနံ—အဆုံးမဲ့ ကောင်းကင် အာရုံလည်း မရှိ၊ န ဝိညာဏဉ္စာယတနံ— အဆုံးမဲ့ ဝိညာဉ်အာရုံလည်း မရှိ၊ န အာကိဉ္စညာယတနံ— တစုံတရာ ကြောင့်ကြဖွယ် ဝိညာဉ်ကင်း အာရုံလည်း မရှိ၊ န နေဝသညာနာသညာယတနံ—သညာရှိမဲ့ကင်း အာရုံလည်း

မရှိ၊ နာယံ လောကော—ဤလောကလည်း မဟုတ်၊ န ပရလောကော—တမလွန်လောက· တပါးသော လောကလည်းမဟုတ်၊ န ဥဘော စန္ဒိမသူရိယာ—လ နေ ၂·ပါးတို့လည်းမရှိကုန်၊ တဒါယတနံ—ထိုသို့သော တည်ရာ ဖြစ်ပျက်ရာ သဘာဝ တရားသည်၊ အတ္ထိ—ထင်ထင် ရှားရှားကြီး ရှိ၏။

ဤသို့ ပြန်၍ သတ်၊ ဤပါဠိဖြင့် နိဗ္ဗာန်ကို ဆို၏၊ နိဗ္ဗာန် ဟူသည် လောက ၃· ပါး၌ မဝင်သော သဘောအားဖြင့် ထင်ရှား ရှိသည် ဟု ဆိုလို၏၊ သို့ပင် ဖြစ်စေကာ နိရောဓသမာပတ်လည်း ဤ၌ ယူဆ ဘွယ် ရှိနေပြန်သောကြောင့် "တတြာပါဟံ" စသည်ကို မိန့်တော်မူပြန်၏။

ဘိက္ခဝေ—ရဟန်းတို့၊ တတြာပိ—ထိုသို့သော သဘော တရား၌လည်း၊ အာဂတိံ—တဖန် ပြန်လာ ဖြစ်ပေါ်လာရ ခြင်းကိုလည်း၊ နေဝ ဝဒါမိ—ငါ မဆို၊ န ဂတိံ—ထို၌ သွား ရောက် ဖြစ်ပွါးရခြင်းကိုလည်း ငါ မဆို၊ န ဌိတိံ—တစုံတခု သော ထောံတည်ရာကိုလည်း ငါ မဆို၊ န စုတိံ—ရွေ့လျော ခြင်းကိုလည်း ငါ မဆို၊ န ဥပပတ္တိံ—တစုံတရာ ပဋိသန္ဓေ အားဖြင့် ဖြစ်ပွါးရခြင်းကိုလည်း ငါ မဆို၊ ဧတံ—ဤ ငါဆို ကဲ့သော နိဗ္ဗာန်၏ သဘာဝကား၊ အပ္ပတိဋ္ဌံ ဧဝ—ထောက်ရာ တည်ရာ မဲ့သာတည်း၊ အပဝတ္တံ ဧဝ—တစုံ တခုကြောင့် မဖြစ်သည် သာလျှင်တည်း၊ အနာရမ္မဏံ ဧဝ—တစုံ တရာ

အာရုံ မရှိသည် သဘောလျှင်တည်း၊ ဧသော—ဤသည်ကား၊ ဒုက္ခဿ—ဆင်းရဲခြင်း၏၊ အန္တော—ဆုံးရာ နိဗ္ဗာန်ပင်တည်း။

အာဂတိ ဖြင့် ဤသို့လာခြင်းကို ဆို၏၊ ဂတိ ဖြင့် ထိုသို့ သွားရောက်ရခြင်းကို— ဌိတိ ဖြင့် မြဲစွဲစွာ တည်နေခြင်းကို—ဥပပတ္တိ ဖြင့် တစုံတရာ ဖြစ်ပွါးရခြင်းကို ဆို၏၊ ယင်းသည့် သဘောများ မရှိရာ ဟူလို၊ ၎င်းဖြင့် နိရောဓသမာပတ်ကို စင်စေ၏၊ ဤလောကဆိုင်ရာ သဘာဝ အားလုံးကို ပယ်၏၊ အပ္ပတိဋ္ဌံ, အပ္ပဝတ္တံ, အနာရမဏံ ၃—ပါးဖြင့် နိဗ္ဗာန်ကို တိုက်ရိုက် ညွှန်ပြ၏၊ ဤကား နိဗ္ဗာန်၏ သဘောတည်း။

၎င်းတွင် အပ္ပတိဋ္ဌံ ဖြင့် တစုံတခုသော မြေပြင် နေရာ ဒေသ ဘုံ ဗိမာန် တည်ရာ မဲ့ကြောင်း ဆို၏၊ အပ္ပဝတ္တမေဝ ဖြင့် ဖြစ်ပျက်သဘော ကင်းကြောင်း ပြ၏၊ အနာရမဏမေဝ ဖြင့် အာကာသာနန္တ စသော ဈာန် အာရုံမျိုး သဘော မဟုတ်ကြောင်း ဆို၏၊ ၎င်းကို ဧသေဝန္တောဒုက္ခဿ ဟု အုပ်လိုက်ခြင်းဖြင့် နိဗ္ဗာန် ဟု ပေါ်လွင်စေ၏။

ဤပါဠိတော်ကား နိဗ္ဗာန်၏ သဘာဝဓမ္မများကို ထင်ထင် ရှားရှားကြီး ဖော်ပြလေသည်၊ ယင်းသို့ ပင်

ဖြစ်သော်လည်း သဒ္ဒါဉာဏ် ရှိသူ, အလင်္ကာရဉာဏ် ရှိသူ, အတ္ထဉာဏ် ရှိသူ, အဓိပ္ပါယဉာဏ် ရှိသူ, သဘာဝဉာဏ် ရှိသူ, အလုပ်ကိစ္စဉာဏ် ရှိသူ ဟု ပညာဉာဏ် အမျိုးမျိုး ရှိရာ မိမိတို့ လေ့လာ ကျွမ်းကျင်တိုင်း သာ အဓိပ္ပါယ်ကို သိရှိ ပြောဆိုကြကုန်၏၊ သဘာဝဉာဏ်မှ သာ အလုပ်ကိစ္စဉာဏ် ပေါ်နိုင်မည်၊ အဋ္ဌကထာ ဋီကာ ဖွင့်တိုင်း အသိဉာဏ် ထောက်ရာ တည်ရာ ထား၍ အနုမာနဉာဏ်ဖြင့် ချိန်ဆနေရသူ များသည် ထိုထို ပါဠိတော်များ၏ သဘာဝဉာဏ်ကို သိနိုင်ရန် ခဲယဉ်းလေသည်၊ အဋ္ဌကထာဉာဏ် ဋီကာဉာဏ်များသည် အတ္ထယောဇနာဉာဏ် ပိဋကတ္တဉာဏ် အဓိပ္ပါယဉာဏ် မျှ ဖြစ်သေး၏၊ သဘာဝဉာဏ် ကိစ္စဉာဏ် ထိရောက်သော အဋ္ဌကထာ ဋီကာ ရှား၏၊ ဝိသုဒ္ဓိမဂ် နှင့် ပဋိသမ္ဘိဒါမဂ်တို့ကား ထင်ရှား ပင်၊ ထိုတွင် ဝိသုဒ္ဓိမဂ်ကား သံဝဏ္ဏနာဉာဏ်မျိုးဖြင့် ပိုင်းခြားထား၍ အဖွင့်နည်း အဓိပ္ပါယ် ကောင်း၏၊ သဘာဝတ္ထ မပါ၊ အလုပ်ကိစ္စဉာဏ် မပေါ်ချေ။

ကိစ္စကို ပြစေကာ မပေါ်လှင်ချေ၊ သဘာဝဉာဏ် မပိုင်သောကြောင့်တည်း၊ ပဋိသမ္ဘိဒါမဂ်ကား ပါဠိတော် အရောက နေ၍ သဘာဝတ္ထပဲ ဟု ရေး၏၊ သဘာဝတ္ထ မရောက်၊ ကိစ္စဉာဏ် မပါ၊ သံဝဏ္ဏနာဉာဏ်

ပေါ်၏၊ ယင်းသို့အားဖြင့် နိရုဒ္ဓသ, ပဋိသမ္ဘိဒါမဂ်တို့ လက်ထက်မှာ ပင် နက်နဲသော မဂ် ဖိုလ် နိဗ္ဗာန် သဘာဝတ္ထများ လုပ်ငန်းကိစ္စဉာဏ်များ ပျောက်ဆုံး နေကဲ့ပြီ ဖြစ်ရာ ၎င်းအဋ္ဌကထာကို သာ သင်ယူ လေ့လာနေကြသော သူတို့ ဉာဏ်၌ အဘယ်မှာ မဂ် ဖိုလ် နိဗ္ဗာန် မကွယ်ပျောက်ဘဲ ရှိအံ့နည်း။

ပညာရှိ၍ ပညာရှိအစစ် ဖြစ်လိုသူတို့ အထူး မှတ်သား ကြပါကုန်၊ ဂေါတမဗုဒ္ဓ သာသနာ တော်တွင် ရဟန်း ပြုလုပ် နေပါလျက် အရှင်ဗုဒ္ဓ ဃောသ၏ စာကို သာ ကြည့်ရှုနေခြင်း အတွက် အရှင်ဗုဒ္ဓဃောသ၏ ဉာဏ်ရည်မျှကို ရပေမည်၊ အရှင်ဂေါတမ၏ ဉာဏ်ကို မရနိုင်ပေ၊ အရှင် ဂေါတမ၏ ဉာဏ်ကို ရလိုလျှင် အရှင်ဂေါတမ၏ ပါဠိတော်တို့ကို လေ့လာကြပါကုန်။

ယင်း ပါဠိတော်သည် "ယတ္ထ နေဝ ပထဝီ" စသော ပထမ စကားစုဖြင့် နိဗ္ဗာန်၏ သဘာဝဓာတ် သဘောကို ဆို၏၊ နိရောဓသမာပတ်ကို စင်စေရန် "တတြာပါဟံ" စသည်ကို ဆို၏၊ အပ္ပတိဋ္ဌံ, အပ္ပဝတ္တံ, အနာရမဏမေဝေတံ ၃-ပုဒ်ဖြင့် နိဗ္ဗာန် သဘောကို ပြဆို၏၊ ဧသေဝန္တော ဒုက္ခဿ ဖြင့် နိဗ္ဗာန်ကို တိုက်ရိုက် ညွှန်ပြ၏ ဟု သိကြရပြီ။

အလုပ်ကိစ္စကိုကား ဤပါဠိတော် တိုက်ရိုက် မပြ၊ သို့ရာတွင် နေယျတ္ထနည်း, ဗျတိရေကနည်း, ဝင်္ကဝုတ္တိနည်း အားဖြင့် ပြ၏၊ မှန်လှ၏- နေဝ အာဂတိ, န ဂတိ, န ဌိတိ, န စုတိ, န ဥပပတ္တိ တို့ဖြင့် လုပ်ငန်းကိစ္စ သိနိုင်ရမည်၊ ထိုစကားကို ထင်ရှား ပေါ်လွင်စေအံ့၊ ထိုသည့် ငါးပုဒ်ကား နိရောဓ သမာပတ်ကို စင်စေ၍ နိဗ္ဗာန်သဘောကို တိုက်ရိုက် နိတတ္ထ, ဥဇုဝုတ် အားဖြင့် ဆို၏၊ ၎င်းဖြင့် နိရောဓ သစ္စာကို သိစေ၏၊ နိရောဓဂါမိနီပဋိပဒါမဂ္ဂသစ္စာကို သာမတ္ထိယဖြင့် သိစေ၏၊ ဒုက္ခသစ္စာ နှင့် ဒုက္ခသမုဒယသစ္စာ များကို နေယျတ္ထ, ဝင်္ကဝုတ်, ဗျတိရေက အားဖြင့် သိစေ၏၊ မှန်ကန်လှ၏- နိဗ္ဗာန်မှာ အလာ အသွား မရှိ, တည်ရာ မရှိ, ရွေ့လျောခြင်း ဖြစ်ပွါးခြင်း မရှိ ဆိုသဖြင့် လောကကား အသွားအလာ တည်နေရာ ရှိသည်၊ ရွေ့လျောခြင်း ဖြစ်ပွါးခြင်း ရှိသည်၊ ထို့ကြောင့် နိဗ္ဗာန်မှာ ဆင်းရဲ မရှိ၊ လောကမှာ ဆင်းရဲ ရှိသည်၊ ဆင်းရဲရကြောင်း ဘဝတဏှာ ရှိသည်၊ ဘဝတဏှာ ဟူသော လောက မက်မောရေး အရ ဥပါဒါန် ဖြစ်မည်၊ ဥပါဒါန် အလိုက် ကမ် ဈာန် ဟူသော ပုညာဘိသင်္ခါရ ဘဝများကို ပြုလုပ်၍ ဇာတိ ဖြစ်ပွါးလျက် ဇရာ, ဗျာဓိ, မရဏ စသည် ဒုက္ခစက် လှည့်လည် နေမည်ကို သိရမည်၊ ထိုဒုက္ခစက်ကြီး လှည့်လည် နေသည်မှာလည်း ဘဝ၌

တည်မက်သော တဏှာကြောင့် သာ ဟု သိ၍ ထိုဒုက္ခ၌ ငြီးငွေ့သူသည် ဘဝတဏှာ ပြတ်ကြောင်း သီလ, သမာဓိ, ပညာ, မဂ္ဂင်လမ်း အတိုင်း လိုက်နာ ကျင့်ကြံရမည်၊ ၎င်းတွင် သမ္မာဝါယာမ ပြဋ္ဌာန်းသော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်ဖြင့် သီလကို ပထမ ပြည့်စုံစေရမည်၊ ၎င်းနောက် သမ္မာဝါယာမ ပြဋ္ဌာန်းသော သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်များဖြင့် သမာဓိ လုပ်ငန်းကို ပြီးစေရမည်၊ ၎င်းအထက်တွင် သမ္မာဝါယာမ ပြဋ္ဌာန်းသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်များဖြင့် ဝိပဿနာရှုလျက် ပညာ ကိစ္စကို ပြီးစေရမည်၊ ဤသို့ ဗျတိရေကအားဖြင့် ပြဆိုလေသည်၊ ထိုအခါ နိဗ္ဗာန်ပေါက်ကြောင်း ဖြစ်ရမည်ကို "အပ္ပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏမေဝေတံ ဧသေဝန္တော ဒုက္ခဿ" ဟူသော ပါဠိက ညွှန်ပြလေသည်၊ ဤကား အကျင့်လုပ်ငန်းကို ပြဆိုချက်တည်း။

တဒါယတနသုတ်နိသျ ပြီး၏။

# ၃ – အဇာတသုတ္တံ

[ ဥဒါန-ပါဠိ၊ ဣတိဝုတ္တ-ဒုက ]

---

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ၊ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။

# အဇ္ဈတ္တသုတ်နိဒ္ဒေသ

[ဥဒါန်း-ပါဠိလိဝင်၊ ဇစ္စတိဝုတ်-ဒုက]

ဘိက္ခဝေ—ရဟန်းတို့၊ အဇာတံ—တဖန် မဖြစ်ပွါးရသော၊ အဘူတံ—မဖြစ်ပွါး၍ ထင်ရှားလည်း မဖြစ်ပေါ်သော၊ အကတံ—ထင်ရှားအောင် တစုံတရာသော ကမ်, စိတ်, ဥတု, အာဟာရ အကြောင်းတရား တို့လည်း မပြုအပ်သော၊ အသင်္ခတံ—ယင်းသို့ ပြုပြင်မှု ကင်းရာ နိဗ္ဗာန် သဘော တရားသည်၊ အတ္ထိ—ထင်ထင် ရှားရှားကြီး ရှိ၏။

ဤလောကနေသူတို့ကား ဤသည့် ဒုက္ခလောက ကြီး၏ ပြုပြင် ဖန်တီး ရေးကမ္မာဘိသင်္ခါရ, စိတ္တာဘိ သင်္ခါရ, သဘာဝါဘိသင်္ခါရ သဘောမှ ကင်းလွတ်ရာ နိဗ္ဗာန် သဘောကို နားမလည်ကြကုန်၊ စင်စစ်ကား ပဉ္စသန္ဓေ နေခြင်း, အိုခြင်း, နာခြင်း, သေခြင်း အားဖြင့် ဖြစ်ပွါးအောင် ကမ်, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းက ပြုပြင်သည်ကို သာ သိကြ မြင်ကြကုန်၏၊ ထို့ကြောင့် ၎င်းတို့သည် ယင်းသည့် သင်္ခါရဒုက္ခ ကင်းရာ အကြွံအစီမျှကို ပင် မပြုလုပ်

ကြကုန်၊ ထို့ကြောင့် ထိုသည့် ပြုပြင်ခြင်း ကင်းမဲ့သော နိဗ္ဗာန် ထင်ရှား ရှိကြောင်း ပြဆိုတော်မူလေသည်။

၎င်းကို အကြောင်း ပြခြင်းငှာ "နောစေတံ ဘိက္ခဝေ အဘဝိဿ" စသည် ဗျတိရေက အနွယ ဝါကျများကို ဆိုလေသည်၊ နောစေတံ စသည်ကား ဌပနာ— နယိဓ စသည်ကား ဗျတိရေက—ယသ္မာ စ ခေါ စသည်ကား အနွယ—တသ္မာ စသည်ကား သန္နိဋ္ဌာန။

ဘိက္ခဝေ—အို....ရဟန်းတို့၊ အဇာတံ—မဖြစ်ပွါးရသော၊ **အဘူတံ**—ထင်ရှား မဖြစ်ပေါ်သော၊ အကတံ—တစုံတရာ မပြုပြင် အပ်သော၊ အသင်္ခတံ—ပြုပြင်ရေး ကင်းရာ နိဗ္ဗာန်သည်၊ နောစေ အဘဝိဿ—အကယ်၍ မဖြစ်ပေါ်ခဲ့အံ့၊ ဝါ—မရှိဘဲ သာ ဖြစ်ခဲ့ပါအံ့၊ ဣဓ—ဤလောက၌၊ ဇာတဿ—ဖြစ်ပေါ်ပြီးသော၊ ဘူတဿ—ထင်ရှားပြီးသော၊ ကတဿ—ပြုလုပ် ဖြစ်ပွါးပြီးသော၊ သင်္ခတဿ—ပြုပြင် ဖြစ်ပွါးသည့် သတ္တဝါ သင်္ခါရ၏၊ နိဿရဏံ—လွတ်မြောက် ချုပ်ငြိမ်းခြင်းသည်၊ နပညာယေထ—မထင်ရှားတော့ လေရာ၊ ဘိက္ခဝေ—အို....ရဟန်းတို့၊ စ ခေါ—စင်စစ် တမူကား၊ ယသ္မာ—အကြင့်ကြောင့်၊ အဇာတံ—မဖြစ်ပွါးရသော၊ အဘူတံ—ထင်ရှား မဖြစ်ရသော၊ အကတံ—မပြုပြင်ရသော၊ အသင်္ခတံ—နိဗ္ဗာန်သည်၊ အတ္ထိ—ထင်ရှား ရှိ၏၊ တသ္မာ—ထို့ကြောင့်၊

ဇာတသ်ာ—ဤလောကတွင် ဖြစ်ပွါးသော၊ ဘူတသ်ာ—ထင်ရှား ဖြစ်သော၊ ကတသ်ာ—ပြုပြင် စီမံအပ်သော၊ သင်္ခတသ်ာ— ပြုလုပ် ဖြစ်ပွါးသည့် သတ္တဝါ သင်္ခါရ၏၊ နိဿရဏာ— လွတ်လပ် ချုပ်ငြိမ်းခြင်းသည်၊ ပညာယတိ—ထင်ရှား၏။

ဖြစ်ပွါးသည်ကို ဇာတ—ထင်ရှား ပေါ်လွင် သည်ကို ဘူတ—ပြုပြင် စီမံခြင်းကို ကတ—၎င်းအား လုံးကို သင်္ခတ ဆို၏၊ ယင်းသို့ မဟုတ်သည်ကို အသင်္ခတ နိဗ္ဗာန် ဟု ဆို၏၊ ဇာတ, ဘူတ, ကတ, ၃- ချက်ဖြင့် ပင် အနိစ္စ, ခယ, ဝယ, ဝိပရိဏာမ သဘောကိုလည်း သိရမည်၊ အကြောင်းကား ပြုပြင် ဖြစ်ပွါးသော အရာဝတ္ထု မှန်သမျှ အနိစ္စသဘော ခယသဘောကို မလွန်မြောက်သောကြောင့်တည်း၊ အလွန်ခိုင်ခန့်သည် ဟု မှတ်ထင်ရသော ကျောက်တောင် ကြီးများ ပင် မိုးနေ ပူ ဟူသော ဥတုဓာတ် များကြောင့် ကာလကြာသော် မှုန့်မှုန့် ညက်ညက် ပျက်စီး ပျောက်ကွယ် ရသည်မှာ ထင်ရှားသော အကြောင်း ဖြစ်၏၊ မှန်လှ၏-ထိုသည့် ကျောက်တောင် ကြီးကား ပထဝီဓာတ် လွန်ကဲသော ဓာတ်အစု ဖြစ်၏၊ ထို့ကြောင့် ခက်မာမှု ထင်ရှားလေသည်၊ အာပေါဓာတ်လည်း ရှိ၏၊ ထို့ကြောင့် တခု နှင့် တခု ပူးကပ် ဆက်သွယ် နိုင်လေသည်၊ ပူလောင်ခြင်း ထင်ရှားသောကြောင့် မီးဓာတ်လည်း ရှိ၏၊ မြင့်ရ

သောကြောင့် အဆင်းဓာတ်လည်း ရှိ၏၊ နံ့ကောင်း သောကြောင့် အနံ့ဓာတ်လည်း ရှိ၏၊ သာယာ အပ်သောကြောင့် အရသာလည်း ရှိ၏၊ တိုးပွါး စေအပ်သောကြောင့် ဩဇာဓာတ်လည်း ရှိ၏၊ တို့ထိ ရကောင်းသောကြောင့် အတွေ့ဓာတ်လည်း ရှိ၏၊ ယင်း ဓာတ်များ၏ ခြားနားခြင်း အာကာသ ဟင်းလင်း ဓာတ်လည်း ထင်ရှား ရှိ၏၊ ဤဓာက် ဆယ်ပါး ထင်ရှား တွေ့မြင် သိရှိနိုင်မလသည်။

ဤဓာတ် ဆယ်မျိုးတွင် ပထဝီဓာတ်မှ လောင်စာ, အာပေါဓာတ်မှ အဆီ ရ၍ မီးဓာတ်သည် အမြဲ လောင်မြှိုက်လျက် ရှိ၏၊ ၎င်းမီးဓာတ်မှ လေကို ဖြစ်စေ၏၊ ယင်းသည့် လေက မီးလောင်ကြွမ်း ပျက်စီးပြီး အပြင်ဓာတ်များကို အမြဲ လွှင့်ထုတ် စွန့်ပစ်လျက် ရှိ၏၊ တောင်၌ ရှိသော ဩဇာ ဓာတ်သည် ပွါးစီး စေနိုင်သည် မှန်သော်လည်း ၎င်းဓာတ် တခုတည်းမျှ အားမှာ မီးဓာတ် လေဓာတ် ၂-မျိုးက ဖျက်ဆီး ထုတ်ပယ်ပစ်သော အားလောက် မကြီးချေ၊ အကြောင်းကား အတိုးဓာတ် အားမှာ တဆ သာ ရှိ၍ အဖျက်ဓာတ် အားမှာ ၂-ဆ ရှိ၍ ၎င်းမီး နှင့် လေဓာတ်တို့မှာ အရင်းခံဓာတ် မဖြစ် သောကြောင့် အားကောင်း သလောက် ဩဇာ ဓာတ်မှာ ဓာတ်တက် ဓာတ်ပွါး ဖြစ်သောကြောင့်

အားသေးလေသည်၊ ယင်းသို့ အားဖြင့် မြေ၊ ရေ၊ အဆင်း၊ အနံ့၊ အရသာ၊ သြဇာ၊ အတွေ့ ဓာတ်ခဲ ၇-ခုတို့သည် မီးဓာတ် လေဓာတ် ၂-ပါးက ဖြုန်းတီး ဖျက်ဆီးခြင်း အားဖြင့် နောက်ဆုံး၌ လုံးလုံး ဖျက်ဆီး ကြရကုန်၏၊ အာကာသ ဟင်းလင်းဓာတ်က မီး နှင့် လေဓာတ်၏ မိတ်ဆွေ သာ ဖြစ်လျက် ပျက်စီးရာ၌ ယင်းဓာတ် ၇-ပါး၏ ရန်သူ ဖြစ်လေသည်၊ ဤကား ဇာတ၊ ဘူတ၊ ကတ ၃-မျိုးရှိ သင်္ခတဓာတ်၏ အနိစ္စ၊ ဧယ၊ ဝယ၊ ဝိပရိဏာမ ဖြစ်ပုံကို ထင်ရှား စေချက်တည်း။

ဤကား အဝိညာဏက ဖြစ်သော မြေ၊ တောင်၊ သမုဒ္ဒရာ၊ တော၊ သစ်ပင်၊ အိမ်ယာ စသည်၏ သင်္ခတ အဖြစ်တည်း၊ ဤ ဆိုလတ္တံ့ကား သ ဝိညာဏက ဖြစ်သော လူ နတ် စသည် အတွက် သင်္ခတ ဖြစ်ပုံတည်း၊ သဝိညာဏက ဓာတ်ကောင်မှာ ရုပ်ဓာတ်ချည်း မဟုတ်၊ နာမ်ဓာတ်များလည်း ပါရှိ နေသောကြောင့် ရုပ်ဓာတ်များ၏ ဇာတ၊ ဘူတ၊ ကတ၊ သင်္ခတ မှ အနိစ္စ၊ ဧယ၊ ဝယ၊ ဝိပရိဏာမ ဖြစ်ပုံ အားဖြင့် အဇာတ၊ အဘူတ၊ အကတ၊ အသင်္ခတကို ထင်ထင် ပေါ်ပေါ် လွယ်လွယ် ကူကူ ထင်မြင်သကဲ့သို့ မထင်မြင်နိုင်ချေ၊ ထင်မြင်ရန် မလွယ်ကူချေ၊ စိတ်ဓာတ်သည် မူလ ပထဝီ အာပေါ

ဓာတ် ၂-ပါးကို အခြေတည်သော မီးဓာတ်ဟုန်မှ ပြန့်ပွါးလာသော လေဓာတ်- ၎င်းမှ ပေါ်ထွက်သော ဧ ပူ ဥတုဓာတ်၏ ထူးခြားသော ပြုပြင်ချက် တန်ခိုးကြောင့် သမ္ဘိန္နဓာတ်မှ အသမ္ဘိန္နဓာတ် တန်ခိုး ရှိသဖြင့် မိမိ ကိုယ်တိုင် ထူးခြားသော သမ္ဘိန္နတေဇော ဝါယော အာပေါ ပထဝီဓာတ်မ အခြေခံထူးများ နှင့် ဝဏ္ဏ ဂန္ဓ အစရှိသော အဝိညာဏက ဓာတ်တက် ဓာတ်လက်များ- စက္ခု သောတ စသော ဥပါဒါန်ဓာတ်တက်ဓာတ်လက်များ ကို ဖြစ်ပွါးစေလျက် အသက်ရှိ သဝိညာဏကဓာတ် အဆက်ဆက် ပေါ်ထွက်စေနိုင်သော သတ္တိထူးရေး သိဒ္ဓိထူး ပေါက်နေလေသည်၊ ထို့ကြောင့် အဝိညာဏကဓာတ်ကို ကြံစည်သော ညဏ်အားနှင့် မဖြစ်နိုင်ချေ။

စိတ် ဝိညာဏ်ဓာတ်မှာ ရုပ်ဓာတ်မှ ဘဆင့် ဖြစ်ပွါးရာ ဓာတ်တက် ဓာတ်လက် မျှ ဖြစ်၍လည်း အားသေးငယ်သည့် တခုတည်း ပင် ဖြစ်သည် ဟု ထင်မှတ်ရသော်လည်း ထိုသို့ မဟုတ်ချေ၊ ဝိညာဏဓာတ်သည် ဝိညာဏ် စိတ်တက်ပေါင်း ၃၅၀ အထိ ဖန်ဆင်းနိုင်သော တန်ခိုး ရှိသည့် အပြင် တခုတခုသော ဝိညာဏဓာတ်၌ စေဘာသိက် ဓာတ်ပွါး ဓာတ်ရံ ၁၁-၂၀-၃၀-၄၀-၅၁- စသည့် အရံအခြံ အ

ဝိုင်းအသိုင်း ဓာတ်များကိုလည်း ဖြစ်ပေါ် ဝိုင်းသိုင်း နိုင်သော သတ္တိ စွမ်းပကား ရှိလေသည်၊ ထို့ကြောင့် ထိုသည့် သဝိညာဏကဓာတ် သေဆုံးရာ ဝယ မရ ဏကို တွေ့နိုင်သကဲ့သို့ တဖန် ထပ်ဆင့် ဖြစ်ပွါးသော ဥပ္ပါဒ ဇာတကို တွေ့နေရပြန်လေသည်၊ ယင်းသို့ အားဖြင့် သင်္ခတ သဘောမှ အသင်္ခတ အဖြစ် ထင်အောင် မြင်အောင် ညာဏ်ဓာတ်နှင့် လိုက်၍ ဖမ်းရာ ၎င်းကို မမြင်နိုင်၍ ဘုရားရှင် ကိုယ် တော်တိုင် ပင် "အော်....ဤသတ္တလောကကြီးဟာ နိစ္စ အတ္တ သဘော ပင် ကေန် ဖြစ်တော့ သလော" ဟု အကြိမ်ကြိမ် ယုံမှား ဖြစ်ပွါးခဲ့ရာပြီ၊ သို့သော် အနီးရှိ ယုံမှား သူများ၏ အမည်ကို ဘုရားပေါ်၌ ခေါ်ဝေါ် သုံးစွဲနည်း ဟု မှတ်၊ ဘုရားဖြစ်သော် ယုံမှား ကင်းလေပြီ၊ သို့ရာတွင် နောက်ဆုံး၌ စိတ်ဓာတ် တခု သေလျှင် ၎င်း၏ ကိုယ်စား ဝိညာဏ်များ, ကိုယ်ရုံ စေတသိက်များ အားလုံး သေမှာဘဲ ဟု စဉ်းစားဘော်မူမိရာပြီ။

ဘုရားရှင်သည် ယင်းမျှ စွဲမြဲ ခိုင်ခန့် နေသော ဝိညာဉ်ဓာတ်ကို တခုတည်း ပြုလုပ်လိုက်ပြီးမှ ၎င်း၏ တည်ရာများကို ရှာရပြန်၏၊ ရှာသော် စိတ်ဝိညာဉ်၏ တည်နေရာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ လေးချက်ကို တွေ့ရ၏၊ "အော်....လက်စသတ်တော့

ဤစိတ်က သူကိုယ်တိုင် ဖန်ဆင်းထားသည့် မှိုရ တည်ရာ လေးမျိုးမှာ တလှည့်စီ စံစားနေရတာကိုး” ဟု ဘုရား အံ့ဩမိရာ—ပြီး တဖန် “၎င်းအာရုံ ဟူသော စံအိမ်တော်များသို့ ဘယ်ခြေ, ဘယ်ကား, ဘယ်လေယာဉ်ပျံများနှင့် သွားသနည်း—မည်သည့် အခြံအရံ အကာအကွယ်နှင့် သွားသနည်း” ဟု စဉ်းစားရပြန်၏၊ နောက်ဆုံး၌ အဝိဇ္ဇာ ခေါ် မောဟ အခြံအရံနှင့် ဝန်းရံပြီး တဏှာယာဉ်ကြီးနှင့် စီးသွားသည်ကို မနဲကြီး ကြာမှ သိရလေသည်၊ ပြီးတော့ ၎င်းနှစ်ပါးကို မဖျက်နိုင်လျှင် ထိုစိတ် ဝိညာဉ်သည် ထို့သည့် စံအိမ်တော်ကြီး လေးခုကို အမြဲ ဖန်ဆင်း ပျော်မွေ့ကာ သာ နေမည်၊ နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ သဘောဖြင့် တည်နေ ပေလိမ့်မည်၊ ယင်းသည့် အဝိဇ္ဇာ အရံ နှင့် တဏှာ ယာဉ်ကို ဖျက်ရမည်၊ ထားလက်နက် စွဲကိုင်ရန် မလို၊ တဏှာ အတွက် မဂ္ဂင် ရှစ်ပါး ဟူသော လက်နက်ကို ဆင်၍ အဝိဇ္ဇာ အတွက် ဝိပဿနာ ဟူသော သစ္စညာဏ် လက်နက်ကို ချထားလေသည်၊ အဝိဇ္ဇာ သည် ထိုအခါ မကာကွယ်နိုင်တော့၊ တဏှာ ယာဉ်ဗိန်း မလိမ့်နိုင်၊ ဝိညာဏ် သေလေသည်။

ယင်းသို့တိုင် ခဲခဲယဉ်းယဉ်း ကြံစီ သိမြင်တော် မူရာမှ ဘုရားသခင်သည် “အတ္ထိ ဘိက္ခဝေ အဇာတံ၊

အဘူတံ အကတံ အသင်္ခတံ" ဟူသော နိဗ္ဗာန်ဓာတ် သဘာဝ တရားတော်ကို ဟောတော်မူကဲ့ရလေသည်၊ ကျွန်ုပ်တို့ ညွှန်ပြကဲ့သော အကြံဉာဏ်မှာ ဘုရားဟော သုတ္တန်များမှ ရသော ဉာဏ်အမြင် အတိုင်း သာ ဖြစ်၏၊ အဋ္ဌကထာများ၌ ဤသို့သော ဉာဏ်များ မရှိ ဟု ဝိသုဒ္ဓိမဂ်၏ မှီရာ ပဋိသမ္ဘိဒါမဂ်မှ ထောက်ရှု ပင် သိနိုင်ကဲ့၏၊ အဲသည်တော့ အဋ္ဌကထာဉာဏ် ချောကြီးနှင့် သာ ကြီး၍ နေသူများ အတွင်း၌ မဂ်, ဖိုလ်, နိဗ္ဗာန် ကွယ်ပျောက်နေတာ အံ့အား သင့်နေစရာ မဟုတ်ပူး၊ ကိုင်း....အဋ္ဌကထာကို ဗုဒ္ဓ မတည်ကြီး ဟု ချီးကြီး ကျူးကြီး လုပ်နေကြသည့် အရှင်တို့....ဤသည့် အဇာတသုတ် အရ အရှင်တို့ အဋ္ဌကထာဉာဏ်နှင့် ကြံစီလို့ ပေါက်, မပေါက် ဉာဏ်ထောင်၍ ဆင်ခြင်— မပေါက်နိုင်တာကို မြင် လျှင် အဋ္ဌကထာ မှန်ပြောင်းကို ချွတ်— ပါဠိတော် မှန်ပြောင်းကို လွဲပြောင်းပြီး (သွတ်) ကြည့်ကြ စေလိုသည်။

အဇာတသုတ်နိသျ ပြီး၏။

# ၄ — အနိဿိတသုတ္တံ

[ ဥဒါန·ပါဒဂါမဝဂ္ဂ·မဇ္ဈိမနိကာယ ]

---

နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ၊ စလိတေ အသတိ ပဿဒ္ဓိ၊ ပဿဒ္ဓိယာ သတိ နတိ န ဟောတိ၊ နတိယာ အသတိ အာဂတိဂတိ န ဟောတိ၊ အာဂတိ ဂတိယာ အသတိ စုတူပပါတော န ဟောတိ၊ စုတူပပါတေ အသတိ နေဝိဓ န ဟုရံ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ။

# အနိဿိတသုတ်နိဿျ

[ ဥဒါန်း-ပါဋလိ-မဇ္ဈိမနိကာယ် ]

နိဿိတဿ—တဏှာ, ဒိဋ္ဌိ, မာန ၃-ပါး၌ မှီထွေးသူအား- မှီထွေးသူမှာ၊ စလိတံ—လှုပ်ရှားခြင်း- ရွေ့ရှားခြင်း လှုပ်ချောက်ချားခြင်းသည်၊ အတ္ထိ—ရှိ၏၊ အနိဿိတဿ— တဏှာ, ဒိဋ္ဌိ, မာန ၃-မျိုး၌ မမှီထွေးသူအား- မမှီထွေးသူမှာ၊ စလိတံ—လှုပ်ရှားခြင်း ရွေ့ရှားခြင်းသည်၊ နတ္ထိ—မရှိ။

တဏှာ၏ အစွမ်းဖြင့် အာရုံ မြင်မြင် သမျှ, ကြားကြားသမျှ, နံနံသမျှ, အရသာခံခံသမျှ, တွေ့တွေ့ သမျှ, ပြောင်းရွေ့ လှုပ်ရှားသည်၊ ဒိဋ္ဌိ၏ အစွမ်းဖြင့် ပုဂ္ဂိုလ် အထူးထူး ပြောင်းရွေ့ လှုပ်ရှားသည်၊ မာန၏ အစွမ်းဖြင့် ထိုထို အာရုံ သတ္တဝါ ဘုံ ဌာနများကို အတည် အတံ့ အမှတ် ပြုလိုက်ခြင်းဖြင့် လှုပ်ရှား ပြောင်းရွေ့သည်။

စလိတေ—ပြောင်းရွေ့ လှုပ်ရှားမှုသည်၊ အသတိ—

မရှိသော်၊ ပဿဒ္ဓိ—ငြိမ်း၏-ငြိမ်းချမ်း၏၊ ပဿဒ္ဓိယာ—ငြိမ်းငြိမ်းချမ်းခြင်းသည်၊ သတိ—ရှိလတ်သော်၊ နတိ—ထိုထို အာရုံ ဘုံ ဘဝ လူ နတ် အဖြစ် စသည်၌ ညွတ်ကိုင်းခြင်းသည်၊ န ဟောတိ—မဖြစ်တော့။ နတိယာ—ညွတ်ကိုင်းခြင်းသည်၊ အသတိ—မရှိသော်၊ အာဂတိ—ဤဘပသို့ လာရခြင်း သည်၎င်း၊ ဂတိ—ထိုထို ဘဝ တပါးသို့ ရောက်ရခြင်း သည်၎င်း၊ န ဟောတိ—မဖြစ်တော့၊ အာဂတိ ဂတိယာ—လာရခြင်း, သွားရ ခြင်းသည်၊ အသတိ—မရှိသော်၊ စုတူပပါတော—တဘဝမှ ရွေ့လျော ရခြင်း- တဘဝ၌ ဖြစ်ပွါးရခြင်းသည်၊ န ဟောတိ—မဖြစ်ရတော့။

တဏှာ နိဿိတ ရှိမှု စသည်ကြောင့် အာရုံ အထွေထွေ၌ တသိမက်၍ ပူလောင် ချောက်ချားခြင်း ဖြစ်၏၊ ထိုထို အာရုံ အကောင်း အဆိုး အမျိုးမျိုး ပြောင်းလဲ ညွတ်ကိုင်းချက် အတိုင်း ဘုံ ဘဝ အစားစား၌ ဖြစ်ပွါးခြင်း သေခြင်း ဖြစ်ရသည်၊ ယင်းသို့ သော တဏှာ နိဿိတ စသည် မရှိကဲ့သော် ထိုထို အာရုံ ဘုံ ဘဝ ပုဂ္ဂိုလ် သတ္တဝါတို့ အပေါ်၌ တသိမက် လှုပ်ရှားခြင်း မရှိ၍ ငြိမ်းရသည်၊ သို့ ငြိမ်းလျှင် ထိုထို အာရုံ ဘုံ ဘဝ နတ် လူ အဖြစ်၌ မညွတ်ကိုင်းတော့၊ သို့ မညွတ်ကိုင်းသော် ထိုထို ဘုံသို့ ပုဂ္ဂိုလ် တပါး အဖြစ်နှင့် ပြောင်းလဲရောက်

ပေါက်ရသော် လာခြင်း သွားခြင်း မဖြစ်တော့၊ သို့ဖြစ်လျှင် ဖြစ်ပွါးခြင်း သေလွန်ခြင်း မဖြစ်ရတော့၊ နိဗ္ဗာန် ရောက်၏၊ ယင်းသို့ အားဖြင့် တဏှာ, ဒိဋ္ဌိ, မာန ဖြတ်ဆေး အတိုစား အတွက် ရရောက်သော နိဗ္ဗာန်၏ သဘောကို ပြလို၍ "စုတူပပါတေ အသတိ" စသည်ကို ဆိုလေသည်။

စုတူပပါတေ—စုတိ ဥပပါတ်သည်- သေလွန်ခြင်း ဖြစ်ပွါးခြင်းသည်၊ အသတိ—မရှိကဲ့သော် - မဖြစ်ရကဲ့သော်၊ နေဝိဓ—ဤဘဝ၌လည်း မဖြစ်တော့ - ဤဘဝ၌လည်း မဖြစ်တော့- ဤ ကာမလောက၌ လည်း မဖြစ်တော့- ဤလောကကြီး ၃-ပါး၌လည်း မဖြစ်တော့၊ န ဟုရံ—ဟို၌လည်း မဖြစ်တော့- ဟိုဘဝက တမလွန်ဘဝ၌လည်း မဖြစ်တော့- ထိုနိဗ္ဗာန် ခေါ် ဘုံနန်း၌လည်း မဖြစ်ရတော့၊ န ဥဘယမန္တရေန—ယင်း ၂- ပါးတို့၏ အတွင်း အကြား၌လည်း မဖြစ်တော့ - ဤဘဝ နှင့် တမလွန် ဘဝ အကြား, ဤလောက နှင့် ရူပ အရူပ လောက ၂-ပါးတို့၏ အကြား, ဤလောကကြီး ၃-ပါး နှင့် ထိုနိဗ္ဗာန် အကြားများ၌လည်း မဖြစ်ရတော့၊ (ဘယ်ရောက် သွားသလဲ) ဧသေဝ—ဤသည်ကား၊ ဒုက္ခဿ—ဆင်းရဲ၏ - ဆင်းရဲသော လောကကြီး၏၊ အန္တော—အဆုံး နိဗ္ဗာန် ပင်တည်း။

ယင်းသို့ အားဖြင့် သေချာပေါက် သိလောက်

သော နိဗ္ဗာန်၏ သရုပ် သဘော များမှာ စော
ကြောဘွယ် မရှိ ထင်ရှားလေသည်။

ဤပါဠိတော်၌ နိဿိတ စလိတ မျှကို ဖော်၍ "အနိဿိတဿ စလိတံ နတ္ထိ"စသည် ဖော်ထုတ်ကာ ဗျတိရေက အားဖြင့် နိဗ္ဗာန်ကို ညွှတ်ပြသကဲ့သို့ "နိဿိတဿ စလိတံ အတ္ထိ၊ စလိတေ သတိ ပဿဒ္ဓိ န ဟောတိ၊ ပဿဒ္ဓိယာ အသတိ နတိ ဟောတိ၊ နတိယာ သတိ အာဂတိ ဂတိ ဟောတိ၊ အာဂတိ ဂတိယာ သတိ စုတူပပါတော ဟောတိ၊ စုတူပပါတေ သတိ ဣဓဝါ ဟုရံ သံသရတိ သဉ္စရတိ ဒုက္ခစက္ကံ မရိဗ္ဘမတိ" ဟူသော သံသရာစက် လည်နည်းကိုလည်း ညွှန်ပြလေသည်၊ ယင်းစက်မှာလည်း "တဏှာ ပစ္စယာ ဥပါဒါနံ ဥပါဒါန ပစ္စယာ ဘဝေါ ဘဝ ပစ္စယာ ဇာတိ" ဟူသော စက် ပင် ဖြစ်တော့၏။

ယင်းသည့် တဏှာစက် လည်ရာတွင် ဘဝ ဟူသော ကမ္မာဘိသင်္ခါရကို မြင်သဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဟု ဟောညွှန်ချက် အတိုင်း အဝိဇ္ဇာ့ မှောင်ကြီးကို သာ ချလျက် တဏှာစက် လည်ကြောင်း သိနိုင်ရမည်၊ ၎င်းစက် ၂ ပါးတွင် "အဝိဇ္ဇာကို သစ္စဉာဏ်နှင့် လှပ်, ဘဝတဏှာကို မဂ္ဂင်ရှစ်ပါး

နှင့် ဖြတ်”ဟု ဘုရားရှင် ညွှန်ထားသော နည်းအတိုင်း လုပ်လျှင်လုပ်—မလုပ်လျှင် ဤသုတ်တွင် ဘုရာ ပြဆိုသော ဒုက္ခသန္တသို့ မရောက်ပဲ ရှိရာသည်၊ မပြသော ဒုက္ခစက်တွင် သာ လှည့်လည် နေရလိမ့် မည်။

အနိဿိတသုတ်နိဿျ ပြီး၏။

# ၅—အယောဃနသုတ္တံ

---

အယောဃနဟတဿေဝ,
ဇလတော ဇာတဝေဒသော၊
အနုပုဗ္ဗူပသန္တဿ,
ယထာ န ဉာယတေ ဂတိ။

ဧဝံ သမ္မာ ဝိမုတ္တာနံ,
ကာမဗန္ဓောဃတာရိနံ၊
ပညာပေတုံ ဂတိ နတ္ထိ,
ပတ္တာနံ အစလံ သုခံ။

# အယောဃနသုတ်နိသျ

---

အယောဃနဟတဿေဝ—သံတုံးဖြင့် ကျောက်ကို ရိုက်ခတ်စဉ် ပင်လျှင်၊ ဇလတော—တောက်ပထိန်လင်း ထွက်ပေါ်၍ လာသော၊ ဇာတဝေဒသော—မီးပွါး မီးပေါက်၏၊ အနုပုဗ္ဗု ပသန္တဿ—အစဉ်အတိုင်း ချုပ်ငြိမ်းခြင်း၏၊ ဂတိ—သွားလမ်း သဘောကို၊ ဉာယတေ ယထာ—သိအပ်သကဲ့သို့၊ ဧဝံ—ဤနည်း အတူ၊ သမ္မာ ဝိမုတ္တာနံ—ဘဝဘကျာမှ ကောင်းစွာ လွတ်မြောက်ကုန်၍၊ ကာမဗန္ဓောဃတာရိနံ—ကာမတဏှာ သံယောဇဉ် ဟူသော သံသရာဝဲဩဃကြီးမှ ကူးမြောက်ကြကုန်၍၊ အစလံ—ဘကျာ လှုပ်ချောက်ချားခြင်း ကင်းလွတ်သည့်၊ သုခံ—ချမ်းသာသို့၊ ပတ္တာနံ—ရရောက် ကုန်သော ရဟန္တာတို့၏၊ ဂတိ—လားရောက်ရာသည်၊ ပညာ ပေတုံ—ပညတ် တင်ထား ထင်ရှား ဖော်ပြခြင်းငှာ၊ နတ္ထိ—မရှိတော့ချေ။

အဓိပ္ပါယ်ကား သံတူဖြင့် ရိုက်၍ မီးခတ်ကျောက်မှ ထွက်ပေါ်သော မီးသည် လောင်စာ

ထောင်းမှဲ့ ချုပ်ငြိမ်းပုံ အတိုင်း ပင် သောတာပတ္တိမဂ်မှ စ၍ အစဉ် အတိုင်း ကိလေသာ ငြိမ်းစေသော ရဟန္တာ၏ လားရောက်ရာ ဂတိသည် ပညတ်ဖွယ် မရှိ ချုပ်ငြိမ်းလေသည် ဟူလို၊ ဤဂါထာဖြင့် နိဗ္ဗာန ဂတိ ဟု အလား မရှိကြောင်း ခန္ဓာငါးပါး တို့၏ ချုပ်ငြိမ်းခြင်း သာ နိရောဓ ဖြစ်ကြောင်း ညွှန်ပြ သိစေပေသည်။

အယောဃနသုတ်နိသျ ပြီး၏။

# ၆- ဝိညာဏနိရောဓသုတ္တံ

[ဒီဃနိကာယ—ကေဝဋ္ဋသုတ္တ]

ဝိညာဏံ အနိဒဿနံ,
အနန္တံ သဗ္ဗတောပဘံ။

ဧတ္ထ အာပေါ စ ပထဝီ,
တေဇော ဝါယော န ဂါဓတိ၊
ဧတ္ထ ဒီဃံ စ ရဿံ စ,
အဏုံ ထူလံ သုဘာသုဘံ။

ဧတ္ထ နာမံ စ ရူပံ စ,
အသေသ မုပရုဇ္ဈတိ၊
ဝိညာဏဿ နိရောဓေန,
ဧတ္ထေ တ မုပရုဇ္ဈတိ။

# ဝိညာဏာနိရောဓသုတ်နိသျ

[ ဒီဃနိကာယ်-ကေဝဋ္ဋသုတ်-သီလက္ခန္ဓဝဂ် ]

† အနိဒဿနံ—ဘယ်နေရာဟု ညွှန်ပြစရာမရှိမူ၍၊ အနန္တံ—အပိုင်းအခြား အဆုံး အကန့်အသတ် ကင်းမဲ့လျက်၊ သဗ္ဗတော ပဘံ—အာရုံ ဟူသော အရပ်မျက်နှာ အားလုံး လင်းထိန်သော၊ ဝိညာဏံ—ဝိညာဉ်သည်၊ အတ္ထိ—ရှိ၏။

အရူပ ဒုတိယ ဝိညာဏဉ္စာယတန သမာပတ်စိတ်ကို အာကာသာနဉ္စာယတန အာရုံရှိ စိတ်၏ နောက်ဖြစ်သောကြောင့် "အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ" ဟု ဆိုသည်၊ ဤအကြောင်းကို အနည်းငယ်မျှ မရိပ်မိသော အဋ္ဌကထာက နိဗ္ဗာန်ကို အနိဒဿန ဆို၍ ဝိညာဏကို ဝိညာတဗ္ဗံ ဟု ကြိယာဝါစက ပြုလုပ် အနက် ယောဇနာနည်းနှင့် နောက် ဆိုသတ္တံ၊ "တတ္ထ အာပေါ စ ပထဝီ တေဇော ဝါယော န ဂါဓတိ" ကိုလည်း မထောက်— "ဝိညာဏဿ နိရောဓေန" စသော စကားများကိုလည်း မထောက်ထားပြစ် ရောက်၏။

---

† နိဒဿန=ညွှန်ပြခြင်း၊ အ+နိဒဿန=ညွှန်ပြစရာမရှိ၊

ယတ္ထ—ဤဝိညာဉ်၌၊ အာပေါ စ— ရေဓာတ်သည်၎င်း· အာပေါ ကသိုဏ်း အာရုံသည်၎င်း၊ ပထဝီ စ—မြေဓာတ် သည်၎င်း· ပထဝီကသိုဏ်း အာရုံသည်၎င်း၊ တေဇော စ—မီးဓာတ် သည်၎င်း· တေဇော ကသိုဏ်း အာရုံသည်၎င်း· ဝါယော စ— လေဓာတ်သည်၎င်း ဝါယော ကသိုဏ်း အာရုံသည်၎င်း၊ န ဂါဓတိ – ထောက်တည်ရာ မရ· မထောက်တည်နိုင်။ ( မသက်ဝင်နိုင် ဟူလို )

ယတ္ထ—ဤဝိညာဉ်၌၊ ဒီဃဉ္စ—အရှည် ဟူသော သညာ· ရှည်သော ရုပ်သည်၎င်း၊ ရဿံ စ—အတို ဟူသော သညာ· တိုသော ရုပ်သည်၎င်း၊ အဏုံ စ—သေးငယ်သော သညာ· သေးငယ်သော ရုပ်သည်၎င်း၊ ထူလံ စ—အကြီး ဟူသော သညာ·ကြီးမားသော ရုပ်သည်၎င်း၊ သုဘံ စ—တင့်တယ်၏ ဟူသောသညာ· တင့်တယ်သော ရုပ်သည်၎င်း၊ အသုဘံ စ— မတင့်တယ်သော သညာ·မတင့်တယ်သော အာရုံ သည်၎င်း၊ န ဂါဓတိ—မထောက်တည်နိုင်။

ပထမ မေးရင်းရဲ့ ရဟန်းက ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်လေးပါးသည် အဘယ်၌ အကြွင်းမဲ့ ချုပ်ပါသနည်း ဟု မေးနေလေသည်၊ ဤ ဓာတ်လေးပါးကား အကြွင်းမဲ့ မချုပ်ငြိမ်းနိုင်· ထောက် တည်ရာ မရသာ ဖြစ်နိုင်သည်၊ သို့ရာတွင် အမေး၏ အာဘော်မှာ နိဗ္ဗာနဓာတ်ကို ရှာကြံခြင်း ဖြစ်၍

များစွာ ကြေးတန်၏၊ ထို့ကြောင့် ဘုရားက- ရှင်းအမေးကို ပြင်ဆင်၍ ဤဂါထာဖြင့် ဖြေဆို လေသည်၊ အဋ္ဌကထာသည် ဤသို့သော ဘုရား အာဘော်ကိုလည်း မစူးစမ်းဘဲ သိဟိုဠ်နိဿယကြီးများ ရှိ စာအုပ်ကြီးမူ အတိုင်း သာ ရေးသားလေသည်၊ ဤမျှကား ရုပ်တရားတို့ ထောက်တည်ရာ မရသော ဝိညာဏဥ္စာယတန သမာဓိစိတ်ကို သာ ဘုရား ပြတော်မူလေသည်၊ ယခုအခါ ယင်းသည့် ရုပ်၏ ပရိယာယ်ချုပ်ကို တကယ်ချုပ်အားဖြင့် ပြတော် မူလိုသော ဘုရားရှင်သည် "ဧတ္ထ နာမံ စ ရူပံ စ" စသော ဂါထာကို မိန့်ဆိုတော် မူလေသည်။

ဧတ္ထ—ဤဝိညာဉ် ချုပ်ရာ၌- နောက်၌၊ (နောက်၌ ဝိညာဏဿ နိရောဓေန ၏ နိယမ ဟု မှတ်) နာမံ စ— နာမ်သည်၎င်း၊ ရူပံ စ—ရုပ်သည်၎င်း၊ အသေသံ—အကြွင်းမဲ့ ဥပရုဇ္ဈတိ—ချုပ်ငြိမ်း၏။

ယခုအခါ ဆိုကဲ့သော နာမ် ရုပ် ချုပ်ငြိမ်း ကြောင်းကို "ဝိညာဏဿ နိရောဓေန" စသည်ဖြင့် ပြလေသည်။

ဝိညာဏဿ—ဝိညာဉ်၏၊ နိရောဓေန—ချုပ်ငြိမ်းခြင်း ကြောင့်၊ ဧတ္ထ—ဤဝိညာဉ် ချုပ်ရာ၌၊ ဧတံ—ဤသို့ စုံပြီး ရုပ်အားလုံးသည်၊ ဥပရုဇ္ဈတိ—အကြွင်းမဲ့ ချုပ်၏။

ဝိညာဉ်သည် အာကိဉ္စညာယတနစျာန်၌ ချုပ်သည် ဟု ပရိယာယ်အားဖြင့် ဆိုနိုင်၏၊ နေဝသညာနာသညာ ယတနစျာန်၌လည်း ထို့အတူ ပရိယာယ်အားဖြင့် ဆိုနိုင်၏၊ အကယ် စင်စင်ကား နိရောဓသမာပတ်၌ သာ ချုပ်၏၊ သို့သော် အဆုံး ချုပ်ရာကား ရဟန္တာ၏ စုတိမှာ သာ ဖြစ်၏၊ ရုပ်ကား အာကာသာနဉ္စာ ယတနစျာန်၌ အာကာသသညာ ရှိသေးရာကား ရုပ်မကွယ်သေး၊ ဝိညာဏဉ္စာ ယတနစျာန်၌ သာ ရူပသညာ ကွယ်လေသည်၊ ဤကိုရည်၍ "ဧတ္ထ အာပေါ စ ပထဝီ တေဇော ဝါယော န ဂါဓတိ" ဟု ဆိုလေသည်။

ဘုရားရှင်သည် ရုပ်သေနည်း ရုပ်ချုပ်နည်းကို လူတို့ စုတိနေ၁င် ချုပ်ကွယ်သော ရုပ်၏ တဖြည်းဖြည်း ချုပ်ငြိမ်းပုံ- ပကတိ အဝိညာဏကခေတ် ရုပ်တို့၏ ချုပ်ငြိမ်းပုံကို အဇ္ဈတ္တသုတ်က ညွှန်ပြကဲ့တိုင်း အကြွင်းမဲ့ သိ၏၊ ဝိညာဏဉ္စာယတန စျာန်၌ ယောက်ရာ မရသည်ကိုလည်း အာဠာရ ဥဒကရသေ့ကြီးများ အဌာန်မှ ပင် သိကဲ့၏၊ ဝိညာဉ် ချုပ်ပုံကို နေဝသညာနာသညာ ယတနစျာန် အရ သိကဲ့၏၊ သို့သော် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း မဟုတ် ဟု သိ၏၊ ဘုရားရှင်သည် ဤရသေ့ကြီးများ ဌာန်၌ ဝိညာဉ် ချုပ်ဆေးနည်း တကယ်တမ်း ချုပ်ငြိမ်း ဆေးနည်း မရနိုင်ကြောင်း သိရ၍ ပင်

ကိုယ်တိုင်မှ တပါး အခြား ဝိညာဉ်ချုပ်ဆေးကို ကြံစည်နိုင်မည့်သူ မရှိသည်ကို သိရသျှင် တကိုယ်တည်း ထွက်ကဲ့ကာ ကြံစည် တွေးဆမလေရာ ကာမတဏှာကို လုံးလုံး မပယ်စွန့်မှုကြောင့် ပင် ဝိညာဉ် စင်းစင်းသေ မဖြစ် ဟု ဝိညာဉ်၏ အကြောင်းမှန် တဏှာ ပေါ်လာလျက် ၎င်းဘက်ကို စိတ်ထား မလည်ပဲ ဝိညာဉ် သေဆေးကို ပင် ထင်မှု ကြံစည်၍ အာပါကာကံချျာန်ကို ဝင်စားခြင်း, အစာဖြတ်ရန် ကြံစည်ခြင်း, ထမင်းတစိမျှ မစားခြင်း စသည်ဖြင့် စိတ်သေနည်း အမှားပေါင်း တထောင်ကို ပြုလုပ်ကဲ့လေပြီ၊ မသေး ရှိကဲ့သည်မှာ လောကဝကား အားဖြင့် ကံကြီး၍ ဟု ဆိုရမလို ဖြစ်၏၊ အမှန် စင်စင်ကား အရဟတ္တမဂ်ဉာဏ် ရအံ့သူ ဖြစ်ခြင်း-သဗ္ဗညုတဉာဏ် ရအံ့သူ ဖြစ်ခြင်းကြောင့် ပေတည်း။

ဘုန်ပ်တို့ကား သေချင်အောင် ကိုယ်တော် အပင်ပန်း ခံလျက် ရှာကြံ၍ ကြံစည်တော်မူလျက် သယမ္ဘူဉာဏ် သဗ္ဗညုဉာဏ်တော်ဖြင့် နည်းနာတကျ ညွှန်ပြ ဟောကြား ထားသည်ကို ပင် အဋ္ဌကထာဉာဏ်ငှားနှင့် ကြည့်ရှု့ ကြံစည်ကြကုန်၏၊ သို့ရာတွင် အညီနိ့မျှ ပေါ်ထွက်လျက် အသား အလျဉ်း

မဲ့သော အဋ္ဌကထာ အမဲရိုးကြီး ဖြစ်သည်ကိုကား ယနေ့ အထိ မသိနိုင်ကြကုန်၊ ကံကောင်းထောက်မ မြန်မာတို့ ကောင်းကျိုး ရချင်တော့ သာသနာ နှစ် ၉၀၀- ကျော်လောက်မှ သာသနာ ၂၄၈၈—ခုနှစ် အထိ နှစ်ပေါင်း ၁၅၈၈—ခန့်၌ သာသနာဝင်တို့ကို ဖိစီး နှိပ်စက်ကဲ့သည့် ပြုတ်၍ မနှုးနိုင်သော အမဲရိုး အဋ္ဌကထာ့အပြစ်- အပြစ် ထင်စွာ ဖော်ပြနိုင်သော အရှင်အာဒိစ္စဝံသ မထေရ် တပါး ထွန်းကားကဲ့လေသည်၊ ထိုသို့သော ဂုဏ်ထူးကို သိ၍ ထို အရှင်အာဒိစ္စဝံသအား ပကာသနိယ အပ္ပသာဒပ္ပဝေသန ဂုဏ်ထူးဖြင့် မြန်မာရဟန်းတော် အချို့ နှင့် တကာအချို့တို့ ချီးကြူး ပူဇော်ကြသည်မှာ များစွာ အံ့အားသင့်ဘွယ် မဟုတ်ချေ၊ သူများ ကာန်းသလို အကာန်း နေဘို့ အရေးကို မသိတတ်သော အရှင်အာဒိစ္စဝံသ၏ သတ္တိသည်သာ စင်စစ် အံ့အောဘွယ်ရာ ဖြစ်လေသည်။

ဝိညာဏနိရောဓသုတ်နိဿျ ပြီး၏

# ၇ — လောကဿန္တသုတ္တံ

ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယျတိ န မီယျတိ န စဝတိ န ဥပပဇ္ဇတိ နာဟံ ဂမနေန လောကဿန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ၊ န ခေါ ပနာဟံ အာဝုသော အပတွာ လောကဿန္တံ ဒုက္ခဿန္တ ကိရိယံ ဝဒါမိ၊ အပိ စ ခွါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကံ စ ပညာပေမိ လောကသမုဒယံ စ လောကနိရောဓံ စ လောကနိရောဓဂါမိနိံ စ ပဋိပဒံ။

ဂမနေန န ပတ္တဗ္ဗော,
လောကဿန္တော ကုဒါစနံ၊
န စ အပတွာ လောကန္တံ,
ဒုက္ခာ အတ္ထိ ပမောစနံ။

# လောကသန္တရိကနိရယ်

[ ဝတ္ထုက္ကဂုတ္တရ·လောဟိတဿဝဂ်·ပထမ ]

---

အာဝုသော—ဘကာ နတ်သား....၊ ခေါ—အမှန်၊ ယတ္ထ—အကြင် အရပ်၌၊ ( နိဗ္ဗာန် ဟူသို ) န ဇာယတိ—ပဋိသန္ဓေ နေခြင်း အားဖြင့် မဖြစ်ရ၊ န ဇိယျတိ—မအိုမင်းရ၊ န မိယျတိ—မသေရ၊ န စဝတိ—မရွေ့လျောရ၊ န ဥပပဇ္ဇတိ—ပဋိသန္ဓေ နေခြင်း အားဖြင့် မဖြစ်ရ၊ တံ လောကဿန္တံ—ထိုသည့် လောက အဆုံးကို၊ ဂမနေန—သွားခြင်းဖြင့်၊ ဉာတေယျံ—သိနိုင်သည်၊ ဒဋ္ဌေယျံ—မြင်နိုင်သည်၊ ပတ္တေယျံ—ရောက်နိုင်သည်၊ ဣတိ—ဤသို့၊ အဟံ—ငါသည်၊ န ဝဒါမိ—မဆို၊ စ—သည်မျှ မဟုတ်သေး၊ အာဝုသော—ဘကာ နတ်သား....၊ လောကဿန္တံ—လောက အဆုံးကို၊ အပတွာ—မရောက်ပဲ၊ ဒုက္ခဿ—ဆင်းရဲ၏၊ အန္တကိရိယံ—အဆုံး အပိုင်းခြားသို့ ရောက်ခြင်းကို၊ အဟံ—ငါသည်၊ န ဝဒါမိ—မဆိုပေ။

MINGALA 381—4

( "န စာ ဟံ အာဝုသော"နေရာ၌ "န ခေါ ပနာဟံ အာဝုသော" ဟု ဒေဝပုတ္တသံယုတ်တွင် ရှိ၏)

လောကဆုံးနိုင်သည် ဟု ရှိပါသလား ဟု ရောဟိတဿ ဗြဟ္မာက မေးလျှောက်၍ လောကသည် သွားရောက်ခြင်း အားဖြင့် အဆုံး မရှိ၊ လောက မဆုံးပဲလည်း ဒုက္ခ မဆုံး ဟု ဟောခြင်းမှာ ဤလောကကား ဌာန ဒေသ အာဖြင့်၎င်း ကာလ အားဖြင့်၎င်း မဆုံး—အဆုံး မရှိ ဟု ဆိုလို၏၊ သို့ရာတွင် လောကဆုံးလည်း ကာလဆုံးတွင် ပါဝင်လျက် ရှိနေ၍ ထိုသို့ ဟော၏၊ ထို့ကြောင့် "အပိ စ ခွါဟံ အာဝုသော" စသည်ကို ဆက်လေသည်။

အာဝုသော—တကာ နတ်သား....၊ အပိ စ ခေါ—အကယ် စင်စစ် အားဖြင့်၊ သသညိမှိ—အမှတ် သညာနှင့် တကွသော၊ သမနကေ—စိတ်ဝိညာဉ်နှင့် တကွသော၊ ဗျာမမတ္တေ ကဠေဝရေ—ဤ တလံ မျှသော ကိုယ်၌ ပင်၊ လောကံ စ—ဖြစ်ပျက်ရာ လောက ဟု၎င်း၊ လောကသမုဒယံ စ—လောက ဖြစ်ကြောင်း ဟု၎င်း၊ လောကနိရောဓံ စ—လောက ချုပ်ငြိမ်းရာ ဟု၎င်း၊ လောကနိရောဓဂါမိနိံ စ ပဋိပဒံ—လောက ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း ကျင့်ဝတ် ပဋိပတ် ဟု၎င်း၊ ပညာပေမိ—သိစေလိုက်၏။

ဘုရား ညွှန်ပြတော်မူသော လောက အဆုံး

ကား တဖန် နောက်ထပ် မဖြစ်ပွါးရသော လောက အဆုံးတည်း၊ ၎င်းညွှန်းချက်ကား ဤ တလံမျှသော သညာနှင့် စိတ်နှင့် တကွသော ကိုယ်သည် ပင် လောက, လောက ဖြစ်ကြောင်း, လောက ချုပ် ငြိမ်းရာ, လောက ချုပ်ငြိမ်းရေး ကျင့်ဝတ် ဟု ညွှန်လေသည်၊ သစ္စာ လေးပါးကို ညွှန်လို၏၊ ၎င်းမှာ ပညာကို ညွှန်ချက် ဝိပဿနာလမ်း ဖြစ်၏၊ သို့ပင် ဖြစ်စေကာ သီလ သမာဓိကိုလည်း လက္ခဏာဟာရ နည်းမျိုးဖြင့် ယူရမည်။

ထိုစကားဖြင့် လောက ဟူသည် ဒုက္ခကို ဆိုလို ၏၊ လောကသမုဒယ ဟူသည် ဒုက္ခလောက ဖြစ် ကြောင်း သမုဒယ ဘဝတဏှာကို ဆို၏၊ လောက နိရောဓ ဟူသည် နိဗ္ဗာန်ကို ဆို၏၊ လောကနိရောဓ ဂါမိနီ ပတိပဒါ ဟူသည် မဂ္ဂသစ္စာကို ဆို၏၊ ဤကိုယ်၌ ဤသစ္စာ လေးပါး တည်နေသည် ဟု ငါ ပညတ်၏ သိစေ၏ ဟူသည် ကျင့်ဆောင်ခြင်း အားဖြင့် တည်နေသည်ကို ဆို၏၊ ထိုစကား အရ ဒုက္ခ နှင့် သမုဒယ တို့မှာ တည်နေပြီး ဖြစ်၍ ကင်း လွတ်ရေး သမုဒယ ပယ်ကြောင်း မဂ္ဂင်ကို ကျင့်ရန် ဆိုလို၏၊ ၎င်းကို သီလ, သမာဓိ, ပညာ အစဉ် အတိုင်း ကျင့်ဆောင်လျှင် နိရောဓ ဖြစ်မည် ဟု ဆိုလိုသည်။

ဂမနေန–သွားရောက်ခြင်း အားဖြင့်၊ လောကဿ–လောက၏၊ အန္တော–အဆုံးသို့၊ ကုဒါစနံ–အဘယ် အခါမျှ၊ န ပတ္တဗ္ဗော–မရောက်နိုင်။

လောကသည် သွားရောက်ခြင်း အားဖြင့် မဆုံး၊ လူတို့ နေထိုင်ရာ ဌာန ဒေသ အားဖြင့်ရုံး ကြာရှည် နေထိုင်ရာ ကာလ အားဖြင့်ရုံး အသွား ၂-မျိုးနှင့် သွား၍ မဆုံး။

လောကန္တံ–လောက၏ အဆုံးကို၊ အပတွာ စ–မဆိုက်ရောက်ပါးလည်း၊ ဒုက္ခာ–ဆင်းရဲမှ၊ ပမောစနံ–လွတ်နိုင်ခြင်းသည်၊ န အတ္ထိ–မရှိ။

သွား၍လည်း မဆုံး–လောက မဆုံးမချင်းလည်း ဒုက္ခ မလွတ် ဆိုသဖြင့် လောက မဆုံးသမျှ ဒုက္ခခံရတော့မည်၊ လောကဆုံးသို့လည်း သွား၍ မရောက်၊ ဘယ်နှယ်လုပ်ပြီး ဒုက္ခ ဆုံးနိုင်မယ်၊ ဒုက္ခဆုံးလွတ်ရေးကား မချွတ် ဖြစ်၏၊ လောက အလိုနှင့် မဆုံးနိုင်သော ဒုက္ခကို ကျွန်ုပ်တို့ အလိုအားဖြင့် ဆုံးနိုင်သည်၊ အင်္ဂလိပ် အလို အားဖြင့် မရရောက်နိုင်သော ကျွန်ုပ်တို့ မြန်မာပြည်၏ လွတ်လပ်ရေးကို ကျွန်ုပ်တို့ မြန်မာများ အလိုအားဖြင့် ရယူနိုင်သကဲ့သို့တည်း၊ တိုင်းပြည် လွတ်လပ်ရေးကား အများ ညီညာမှု ဖြစ်သည့် အတွက် ခက်သေး၏၊ လောက

ဒုက္ခ လွတ်လပ်ရေးကိုဘားမူ ကိုယ် ပင် တဦးတည်း အလိုနှင့် ပြီးနိုင်ရာကား သာလွန် လွယ်ကူ၏ ဟု အမှန် သိကြပါကုန်။

လောကဿန္တသုတ်နိသျ ပြီး၏

# ၈—ပဒီပေါပမသုတ္တံ

[ သုတ္တနိပါတ-ရတနသုတ္တ ]

---

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ,
ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏ ဗီဇာ အဝိရုဠ္ဟိဆန္ဒာ,
နိဗ္ဗန္တိ ဓီရာ ယထာ ယံ ပဒီပေါ။

# ပဒီပေါပမသုတ်နိသျ

[ သုတ္တနိပါတ်- ရတနသုတ် ]

ခီဏံ ပုရာဏံ နဝံ နတ္ထိ သမ္ဘဝံ, ဝိရတ္တစိတ္တာ အာယတိကေ ဘဝသ္မိံ။
ခီဏာသဝါနံ—အာသဝေါ ကုန်ခန်းပြီး ရဟန္တာတို့အား၊ ပုရာဏံ—ရှေး ကာလ ပြောင်း၍ အဟောင်း ဖြစ်သော၊ သမ္ဘဝံ—ဘဝသည့် ဘဝ၏ အစွမ်းဖြင့် ဖြစ်သော ဥပါဒါန်သည့် ဥပါဒါန်ကြောင့် ဖြစ်သော ကမ်သည်၊ ခီဏံ— ကုန်ပြီ၊ နဝ- နဝံ—အသစ် ဖြစ်သော၊ သမ္ဘဝံ—ဘဝ, ဥပါဒါန်, ကမ္မဘဝသည်၊ နတ္ထိ—မရှိ၊ အာယတိကေ ဘဝသ္မိံ— အနာဂတ်ဘဝ၌၊ သမ္ဘဝံ—ဘဝ, ဥပါဒါန်, ကမ္မဘဝသည်၊ ဝိရတ္တစိတ္တာ—စိတ်၌ တပ်မက် မရှိပြီ၊ ခီဏဗီဇာ—ယင်းသို့ အားဖြင့် ဘဝ မျိုးစေ့ ကုန်ခန်းကြကုန်သော၊ ဓီရာ—ထိုပညာရှိ ရဟန္တာတို့သည်၊ အဝိရုဠ္ဟိဆန္ဒာ—ဘဝ၌ ကြီးပွါးရန် အလိုမဲ့ကုန်ရကား၊ အယံ ပဒီပေါ ယထာ—ဤ ဆီမီးတိုင် ကဲ့သို့၊ နိဗ္ဗန္တိ—ချုပ်ငြိမ်းကုန်၏။

ရဟန္တာတို့မှာ ရှေးက ပြုပြီး ကံမ်သစ်လည်း
ကုန်- ယခု ပစ္စက္ခ ကမ်သစ်လည်း မပြုလုပ်-နောက်

ဘဝ အတွက် ကာမ်သင်ကိုလည်း စိတ် ပင် မတာသ်မက်၊ ထို့ကြောင့် ထိုရဟန္တာတို့မှာ ဆိ နှင့် မီးစာကုန်၍ ငြိမ်းသော ဆီမီးခွက် ကဲ့သို့ ချုပ်ငြိမ်းကုန်၏၊ လူ နတ် ဘဝ ဟူသော မီးတိုင်ကြီး မလင်းတော့၊ မီးငြိမ်းသည့် ပုံစံ အလား ကိုယ်အစုငါးပါး ရုပ် နာမ် တရားတို့ ချုပ်ငြိမ်းကုန်၏ ဟုဆိုလို၏။

ဤ၌ ရဟန္တာမှာ ရှေးကမ် ကုန်၏ ဆိုရာ၌ မည်သို့ ကုန်သနည်း၊ ရှေးရှေး ဘဝ များစွာက ပြုထားသော အပရာပရိယာကမ် များစွာ ရှိသည်မဟုတ်လော—ထိုကမ်တွေ မည်သို့ ကုန်နိုင်မည်နည်း·—အလိုမရှိ သဖြင့် ကုန်၏၊ ထိုကမ်တို့၏အကျိုးကို မလိုလားခြင်းဖြင့် ကုန်လေသည်၊ ဥပမာကုဋေ များစွာ ကြွယ်ဝသော သုမေဓာ သူဌေးသည် ၎င်းတို့ကို စွန့်၍ တောထွက်ပုံ ကဲ့သို့တည်း၊ မျက်မှောက်ကမ် မရှိ၊ အဘယ်သို့ ဖြစ်သနည်း—ရဟန္တာများလည်း ဘုရားအား ရှိသေခြင်း သီလဖြည့်ကျင့်ခြင်း စသည် ကောင်းမှုတို့ကို ပြုလုပ်နေကြ၏၊ အဘယ့်ကြောင့် ကမ် မရှိ ဖြစ်နိုင်ရသနည်း—ရဟန္တာများမှာ ထိုသို့သော ကမ်များကအကောင်းဆုံး ရှိ၏၊ သို့ရာတွင် နောင် ဘဝတပါး၌ခံစားရန် သို့မဟုတ် ယခုဘဝ ပင် ခံစားရန်

ရည်ရွယ်ချက် မရှိ၊ ကမ် အကျိုး ရရန် ရည်ရွယ် လုပ်ကိုင်ခြင်း မဟုတ်၍ ကေဒေသူပစာရ် နည်း အားဖြင့် ကမ်သစ် မရှိ ဟု ဆို၏၊ ထို့ကြောင့် အနာဂတ် ဘဝ အတွက် ဘောင့်တ မရှိ ဖြစ်လေသည်၊ သို့ဖြစ်သော ရဟန္တာများမှာ ယင်းသို့ ကမ်ကုန်နေ ကဲ့သော် ဤပစ္စက္ခ ဘဝ၌ ကမ်အကျိုး တစုံတရာမျှ မရဘဲ ဖြစ်လေသလား—အတိတ်ကမ် ပစ္စက္ခကမ် များ၏ ကောင်းကျိုး ဆိုးပြစ် ဘာမျှ မရ ကဲ့ကြရ ဖြစ်နိုင်ပါသလား။

ဘဝ တစုံဘခု၌ ဖြစ်လာသော သတ္တဝါ မှန်သမျှမှာ ဤဘဝ၌ အကျိုးရရန် ကမ် အထိုက်အလိုက် ရှိ၏၊ ဤဘဝ ဖြစ်ပွါး၍ ဤဘဝတွင် ခံစားရမည့် ကမ်းများလည်း ရှိ၏၊ နောက်နောက် ဘဝ၌ ခံစား ရမည့် ရှေးကမ် ပစ္စက္ခကမ်များလည်း ရှိ၏။

ဤ ဘဝ အကျိုးရမည့် ကမ်သည် အခွင့်သင့် လျှင် ဤ ဘဝ ပင် အကျိုး ဖြစ်စေ၏၊ နောက် ဘဝ၌ အကျိုး မရ၊ နောက်ဘဝ အကျိုးရမည့် ကမ်သည်လည်း နောက်ဘဝ၌ သာ အကျိုးကို ဖြစ် စေ၏၊ ဤဘဝ၌ အကျိုး မပေး၊ ရဟန္တာမှာကား ဤဘဝ အတွက် ရသင့်သော ကမ်အကျိုးများကို အပြည့်အစုံ ရ၏၊ အကြောင်းကား အပြည့်အစုံ အကျိုး ရထိုက်သော ရဟန္တာ ဖြစ်သောကြောင့်

တည်း၊ ဤဘဝ ပြုသည့် ဤဘဝကမ် အတွက် ဤဘဝ ခံစားခွင့် အကျိုးများကိုလည်း အပြည့်အစုံ ရ၏၊ အကျိုးပေးခွင့် ဖြစ်အောင် စင်ကြယ်သောကြောင့်တည်း၊ သို့သော် နောက်ဘဝများ အတွက်ကား အလိုမရှိသောကြောင့်၎င်း ဘဝပင်လည်း မရှိသောကြောင့်၎င်း အကျိုးပေး မပေး စဉ်းစားဘွယ် မရှိတော့၊ ဤသုတ်ကား သုတ္တာနုလောမ အရာ၌ ကျွန်ုပ်တို့ ထားသော သုတ် ပင် ဖြစ်၏၊ သို့ရာတွင် ပဒီပေါပမာကား ဘုရားဟော နှင့် တကိုက်တည်းကျ၏။

ပဒီပေါပမသုတ်နိသျ ပြီး၏

# ၉-ပပဉ္စနိရောဓသုတ္တံ

[ စတုက္ကင်္ဂုတ္တရ-သဥ္စေတနိကဝဂ္ဂ ]

---

ယာဝတာ အာဝုသော ဆန္နံ ဖဿာယတနာနံ ဂတိ တာဝတာ ပပဉ္စဿ ဂတိ၊ ဆန္န မာဝုသော ဖဿာယတနာနံ အသေသ ဝိရာဂ နိရောဓာ ပပဉ္စ နိရောဓော ပပဉ္စ ဝူပသမော။

# ပပဉ္စနိရောဓသုတ်နိဿယ

[ စတုက္ကင်္ဂုတ္တရ-သဠေတနိကဝဂ် ]

---

အာဝုသော—ငါ့ ရှင်....၊ ယာဝတာ—အကြင် မျှလောက် သော ကာလ အပိုင်းအခြား အားဖြင့်၊ ဆန္နံဖဿာ ယတနာနံ—၆-မျိုးသော ဖဿ တည်ရာ ပဿာဒရုပ်တို့၏၊ ဂတိ—အလားသည်-ရောက်ဆိုက် ဖြစ်ပွါးရာသည်၊ တာဝတာ—ထိုမျှ ဖြစ်၏၊ တာဝတာ—ထိုမျှတိုင် အပိုင်း အခြား အားဖြင့်၊ ပပဉ္စဿ—တဏှာ, ဒိဋ္ဌိ, မာန ဟူသော နယ်ချဲ့တရား ၃-ပါး၏၊ ဂတိ—အလားသည်- ရောက်ဆိုက် ဖြစ်ပွါးရာသည်၊ ဟောတိ—ဖြစ်၏။

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန ဤ ၆-ဒွါရ ရှိနေသမျှ ရှိနေသော နေရာ တိုင်းတွင် တဏှာ, ဒိဋ္ဌိ, မာန ၃-ပါးပိုင် နယ်ပယ် ဖြစ်သည် ဟူလို။

တဏှာသည် လောက ၃-ပါးကို တည်မက်၏၊ လောက ၃-ပါးရှိ လူ နတ်ကို နှစ်သက်၏၊ လောက ၃-ပါးရှိ ပစ္စည်း ဥစ္စာများကို မက်မော၏၊

ဓလောက ၃-ပါးရှိ ကာမဂုဏ်များကို မက်မော၏၊ လိုလား၏။

ဒိဋ္ဌိသည် လူ, နတ်, ငါ, သူတပါး, ယောကျ်ား, မိန်းမ ဟု စွဲယူ၏။

မာနသည် တဏှာ, ဒိဋ္ဌိ ၂-ပါး လိုလားတိုင်း အတည်ပြု ပေး၏၊ အကြောင်းကား တဏှာ နှင့် ဒိဋ္ဌိ ၂-ပါးတို့ အစွဲသန်သလောက် သူ့မှာ အကျိုးစီးပွါး အရ သက်သာလေသည်၊ စင်စစ်ကား တဏှာသည် မာန၏ ခြေလက်ဖြစ်၍ ဒိဋ္ဌိသည် မာန၏ ကိုယ်ကောင်ကြီး ဖြစ်လေသည်။

ဤတရား ၃-ပါး ပင် လောက၌ လူအဖြစ် နတ်အဖြစ် စသည်ကို ဖြစ်ပွါးစေ၏၊ ချမ်းသာ ဆင်းရဲ ဖြစ်စေ၏၊ မိန်းမ, ယောကျ်ား ဖြစ်စေ၏၊ ပဒေသရာဇ်, ဧကရာဇ်, စကြာမန္တာတ် ဖြစ်စေ၏၊ လူမွဲ, လူတေ, လူအ, သူတောင်းစား, နွား, ကျွဲ, ဆင်, မြင်း, ပြိတ္တာ, ငရဲကောင် စသည် ဖြစ်စေ၏၊ ၎င်းတို့က ပင် လူ့ပြည် နတ်ပြည်တို့၌ စည်းစိမ် ဥစ္စာ ဘုံနန်း ဗိမာန် စသည့် ကာမဂုဏ် များကို၎င်း မြေလျှိုး မိုးပျံ့ စသော စျာန်များကို၎င်း ပြုလုပ် ဖန်တီးပေး၍ ငရဲမီးတောက်ကြီးလည်း သူတို့က ပင် ပျိုး၏၊ ပြိတ္တာတို့ဘုံ၌ အစာရေစာ ခေါင်းပါး အောင်လည်း သူတို့က ပင် လုပ်ပေး၏၊ သားနွား တို့၏ ဦးချိုများ—ကျား, ခြင်္သေ့တို့၏ အစွယ်

မျှား–ငှက်တို့၏ အတောင်များကိုလည်း ၎င်းက
တပ်ပေး၏။

ထိုသည့် သတ္တဝါ အထူးထူးတို့၏ စိတ်ကောင်း
ဖြစ်ပေါ်ရန်- စိတ်ဆိုး ဖြစ်ပေါ်ရန်- အကောင်းကို
အဆိုး ထင်၍ အဆိုးကို အကောင်း ထင်အောင်
သည် ၎င်းတို့က ပင် ပြုလုပ် ဖန်တီး ပေးနေ၏။
လောကကြီး ဆင်းရဲ ဒုက္ခ အတိ ဖြစ်သည်ကို
မသိနိုင်အောင် ပိတ်ပုံး ထားခြင်းမှာလည်း
၎င်းတို့ သတ္တိ ပင် ဖြစ်၏၊ လောက ဆင်းရဲ
လွတ်မြောက်ရေး ကျင့်ဝတ်များကို မကျင့်ဆောင်
နိုင်အောင် ချုပ်ချယ် ထားသည်မှာလည်း ၎င်းတို့ ပင်
ဖြစ်ကုန်၏။

အကြောင်းကား ဤသို့တည်း၊ ယင်းသည့်
တဏှာ, ဒိဋ္ဌိ, မာန ၃-မျိုး ရှိသူမှာ လိုချင်ခြင်း
လောဘ ဖြစ်လာ၏၊ ပြစ်မှားခြင်း ဒေါသ ဖြစ်
လာ၏၊ တွေဝေခြင်း မောဟ ဖြစ်လာ၏၊ ယင်း
၆- မျိုး ပေါင်းမိလျှင် အလို့လို ဖြစ်ခြင်း ကုက္ကုစ္စ
ဖြစ်လာ၏၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ ဖြစ်လာ၏၊ ၎င်း
၂- ပါးက ဒိဋ္ဌိ, မာန ၂-ပါးမှ ထွက်ပေါ်သော
မောဟ ဆီဖြင့် လိမ်းကျံ နေသော ရုပ်သွင် ပင်
တည်း။

ယင်းသည့် တရား ၆-မျိုးကို မှီ၍ ပင် ဣဿာ=
ငြူစူခြင်း- သူ့ ဥစ္စာ လိုလားခြင်း, မစ္ဆရိယ=

မိမိ ဥစ္စာ ဝန်တိုခြင်း တရား ၂-ပါးလည်း တဏှာ ဒိဋ္ဌိ ၂-ပါး အရည်ဝင်သည့် မာနမှ ချပေးသော လောဘ၏ အရိပ်များ ဖြစ်ပေါ်လာသည်၊ ယင်းသည့် တရား ဆယ်ပါးတွင် ဒိဋ္ဌိ, မာန, မောဟ, ဥဒ္ဓစ္စ, လေးမျိုးစုံမှ စိတ်၏ မခန့်ခိုင်ခြင်း- ယိမ်းယိုင်ခြင်း=ထိန, ယုံမှားခြင်း= ဝိစိကိစ္ဆာများ ဖြစ်ပေါ်လာသည်။

၎င်းအားလုံးစုံမှပင် အဟိရိက=အကုသိုလ် ပြုရန် မရှက်ခြင်း, အနောတ္တပ္ပ=မကြောက်လန့်ခြင်း တရားများလည်း ဖြစ်ပွါးလာလေသည်၊ ၎င်းများကို စွဲ၍ ပင် ကောဓ=အမျက်ထွက်ခြင်း, မက္ခ=ကျေးဇူး နှင့် ဂုဏ်ကို ချေဖျက်ခြင်း, ဥပနာဟ=ရန်ဖွဲ့ခြင်း,ပဠာသ= အပြိုင် ပြုခြင်း, အာဓာနဂ္ဂါဟ=ပြင်းစွာ စွဲယူခြင်း, ဒုပ္ပတိနိဿဂ္ဂ=စွဲယူပြီးကို စွန့်နိုင်ခဲခြင်း စသော တရားယုတ်များလည်း ဖြစ်ပွါး လာကြလေသည်၊ ၎င်းတို့ အခြေမှာ စိတ် တခုတည်း ဖြစ်လျက် လောဘဆိုင်, ဒေါသဆိုင်, မောဟဆိုင်, ဒိဋ္ဌိဆိုင်, မာနဆိုင် စသည် ခွဲးခြမ်း၍ စိတ် ၁၂. မျိုးတိုင် ပြန့်ထွက် လေသည်။

အာဟုသော—ငါ့ရှင်၊ ဆန္ဒဖဿာယတနာနံ--၆-မျိုးသော ဖဿ တည်ရာ ပဿာဒရုပ်တို့၏၊ အသေသ ဝိရာဂ နိရောဓာ— အကြွင်းမဲ့ တပ်ခြင်း ကင်း၍ ချုပ်ငြိမ်းခြင်းကြောင့်၊ ပပဉ္စ နိရောဓော—တဏှာ, ဒိဋ္ဌိ, မာန ဟူသော နယ်ချဲ့ တရား

၃-ပါး ချုပ်ငြိမ်း၏၊ ပပဉ္စ ဝူပသမော—တဏှာ, ဒိဋ္ဌိ, မာန ဟူသော နှယ်ချဲ့ တရား ၃-ပါး ငြိမ်းလေ၏။

ယင်းသို့ အားဖြင့် ယင်းမျှတိုင် ဆိုးဝါးသော နှယ်ချဲ့ တရားတို့ကို နှိမ်နင်းရန် ညွှန်ပြတော်မူလျက် "ဆန္ဒ အာဝုသော ဖဿာယတနာနံ" စသည်ကို ဆိုလေသည်။

အဓိပ္ပါယ်ကား ဖဿ ဖြစ်ပေါ်ရာ ပသာဒရုပ် များ ချုပ်ငြိမ်းအောင် လုပ်ရမည်၊ ၎င်းတို့ ချုပ် ငြိမ်းလျှင် ယင်းသည့် ပပဉ္စတရား ၃-ပါး ချုပ်ငြိမ်း လေသည် ဟူလို၊ သို့ရာတွင် ပသာဒ၌ ထင်လာ သော အာရုံများ အပေါ်၌ တသ်မက်ခြင်း တဏှာ, ဒိဋ္ဌိ, မာန များ ဖြစ်ပေါ်လေသည်၊ ၎င်းတို့ မဖြစ် ပေါ်ရန် ယင်းသည့် အာရုံများကို မတသ်မက်ရ၊ ချုပ်ငြိမ်း စေရမည်။

ဤ၌ "အသေသ ဝိရာဂ နိရောဓ" ဟူသော စကားဖြင့် နိရောဓ နိဗ္ဗာန်ကို ပဓာန မူလျက် အရဟတ္တမဂ်ကို ပြ၏၊ အခြားသော မဂ်လေးပါး တို့ကိုလည်း ပြ၏၊ ဖိုလ်လေးပါးတို့ကိုလည်း ပြ၏၊ ၎င်းပြင် ရှေးအဘို့ ဖြစ်သော သမာဓိ နှင့် သီလ များကိုလည်း အလုပ်စခန်း အားဖြင့် ပြည့်န်၏။

ပပဉ္စနိရောဓသုတ်နိဿျ ပြီး၏

# ၁၀—ဒုက္ခဿန္တသုတ္တံ

[ စတုက္ကင်္ဂုတ္တရ-သဉ္စေတနိကဝဂ္ဂ ]

ယတော ခေါ ရာဟုလ ဘိက္ခု ဣမာသု စတူသု ဓာတူသု နေဝတ္တာနံ န အတ္တနိယံ သမနုပဿတိ အယံ ဝုစ္စတိ ရာဟုလ ဘိက္ခု အစ္ဆေစ္ဆိ တဏှံ ဝိဝတ္တယိ သံယောဇနံ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿ။

# ဒုက္ခဿ သုတ်နိဿယ

[ စတုက္ကင်္ဂုတ္တရ-သဍ္ဎာဘာနိကာဝဂ် ]

ရာဟုလ—အို... ရာဟုလ၊ ဘိက္ခု—ရဟန်းသည်၊ ခေါ—ကေန်၊ ဣမေသု စတူသု ဓာတူသု—ဤသည့် ဓာတ်လေးပါးတို့အပေါ်၌၊ အတ္တာနံ—မိမိ ကိုယ် ဟူ၍- ငါ ဟူ၍၎င်း၊ အတ္တနိယံ—ကိုယ့်ဟာ- ငါ့ဟာ ဟူ၍၎င်း၊ ယတော နေဝ သမနုပဿတိ—အကယ်၍ မရှုမြင်အံ့၊ ရာဟုလ—အို... ရာဟုလ၊ အယံ ဘိက္ခု—ဤရဟန်းကို၊ တဏှံ—ဘဝ၌ တပ်မက်ခြင်း တဏှာကို၊ အစ္ဆေစ္ဆိ—ဖြတ်ပြီ၊ သံယောဇနံ—ဘုံဘဝ ဖွဲ့နှောင်ကြိုးကို၊ ဝိဝတ္တယိ—ဖြည်ပြီ၊ သမ္မာ—မှန်ကန်စွာ၊ မာနာဘိသမယာ—မာန ကုန်ခန်းခြင်းကြောင့်၊ ဒုက္ခဿ—ဆင်းရဲသော ဒုက္ခကြီး၏၊ အန္တံ—အဆုံးကို၊ အကာသိ—ပြုလုပ်ပြီ- ရောက်ဆိုက်ပြီ ဟူ၍၊ ဝုစ္စတိ—ဆိုအပ်၏။

ဤစကားတွင် "ဣမေသု စတူသု ဓာတူသု" အရ ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော

ဓာတ်လေးပါး ဟူသည် ပဓာနနည်းအားဖြင့် ဆိုခြင်း ဖြစ်၏၊ ခန္ဓာ ငါးပါးလုံး အပေါ်၌ ပင် အတ္တ၊ အတ္တနိယ ကင်းလွတ်အောင် ရှုမြင်သည်ကို သာ ဆိုလို၏။

အတ္တ ဟူသည်ကား ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဟူသော ထင်ရှား ရှိသော ကိုယ် အစု ငါးမျိုး အပေါ်၌ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ အတ္တ၊ ဇီဝ ဟု စွဲယူသော သက္ကာယ ဒိဋ္ဌိတည်း။

ဤနေရာ၌ အတ္တအယူဝါဒ ရှိသူတို့ စွဲယူ ဖြစ်ပွါး ပုံ ပေါ်လွင်စေခြင်းငှါ ဝေဒကျမ်း မီမံသာသချာ ဝိသေသိက ဒဿနကျမ်းများ အားလုံး ဆိုချက် အတိုင်း အကျဉ်းချုပ်၍ အာတ္မ အတ္တဝါဒကို ပြထားအပ်၏၊ အတ္တ သို့မဟုတ် အာတ္မသည် ပရမာတ္မ၊ ဇီဝါတ္မ ဟု ၂ မျိုး ရှိ၏၊ ၎င်းတို့တွင် လောကကို ဖန်ဆင်းသည် ဟု ယုံကြည်ကြသော ရှေး ဟိန္ဒူတို့ အယူ အစွဲ အတိုင်း လောကကို ဖန်ဆင်းသော ဗြဟ္မာ၏ ကိုယ်ခန္ဓာ အစုကို သို့မဟုတ် ဝိညာဉ် အစုကို ပရမာတ္မ ဟု ဆို၏၊ ၎င်းဗြဟ္မာကြီး ဖန်ဆင်း ထားသော သတ္တဝါ အားလုံးကို ဇီဝါတ္မ ဟု ဆို၏။

ထိုသည့် အတ္တ အာတ္မသည် ပင် ချမ်းသာဆင်းရဲကို ခံစားတတ်သည်၊ မြင်ခြင်း, ကြားခြင်း, စသည်ကို ပြုလုပ်တတ်သည်၊ ထိုသည့် အတ္တသည် ခန္ဓာအိမ် ပျက်စီးစေကာ မပျက် မစီး နိစ္စဘည်နေသည်၊ စက္ခု အစရှိသော ဣန္ဒြေများကို မိမိအလိုသို့ လိုက်စေနိုင်သည်၊ မိမိကမူ မည်သူ၏မည်သည့် အလိုကိုမျှ မလိုက်· သေရိ သယံဝသီ ဖြစ်၍ တည်နေသည်၊ ၎င်းမှာ ပမာဏ အားဖြင့် ပရမာဏုမြူလုံးခန့် သာ ရှိမည်၊ နှစ်လုံးအိမ်၌ တည်သည် ဟု အချို့ ဆို၏၊ အချို့က ခန္ဓာအိမ် ပမာဏပင် ရှိသည်၊ ကိုယ် ကြီးလျှင် ကြီး, ကိုယ် ငယ်လျှင် ငယ်သည် ဟု ဆို၏၊ အချို့က အတ္တသည် အလွန်ကြီးမား ကျယ်ပြန့်၏၊ ပမာဏ မရှိ၊ သို့သော် ခန္ဓာအိမ် ပြောင်းရွှေ့သော အခါ အပ်ထွင်းစူးဖျားခန့် သို့မဟုတ် ဆံခြည် အစိတ်တရာ စိတ်၍ တစိတ်ခန့် ရှိသည် ဟု ဆိုကြ၏။

ကောကာရဏဝါဒီ ပကတိဝါဒီ ဖြစ်သည့် သင်္ချာဒဿနကျမ်းဆရာ ကပိလရသေ့ စသည်တို့ ဝါဒကား ဗိသဏိုးသည် လက်မွန် မဆွစ္စွာ ပကာတိ နှင့် ပုရိသကို ဖန်ဆင်း၏။

ပကတိ ဟူသည် (က)သတ္တ, (ခ)ရဇ, (ဂ)တမ ဂုဏ် ၃-မျိုးရှိ ပွါးစီးတတ်သည့် အမှ

သဘောတည်း၊ ပုရိသ ဟူသည် ထိုသည့်ဂုဏ်များ မရှိ၊ ပွါးစီးအောင် ပြုလုပ်တတ်သည့် အထီး သဘောတည်း။

ပကတိ၏ အလုပ် ၃-မျိုး အနက် (က)သတ္တ ဟူသည် ချမ်းသာကြောင်း ဖြစ်သော အသိဉာဏ် တည်း၊ စည်းစိမ်ခံ အသိဉာဏ်ဟု ဆိုလို၏၊ (ခ) ရဇ ဟူသည် ဆင်းရဲ၏ အကြောင်း ဖြစ်သော တသ်မက်ခြင်း ရာဂတည်း၊ (ဂ)တမ ဟူသည် တွေဝေ မိန်းမောတတ်သည့် မောဟတည်း၊ ဤဂုဏ် ၃-မျိုးရှိ ပကတိသည် စင်စစ် အားဖြင့် အသိဉာဏ်, ပညာ, မာန်မာန စသည်ကို ဖြစ်စေတတ်သော မျိုးစေ့ ဖြစ်၏။

ထို့ကြောင့် ထိုသည့် ပကတိ ဟူသော အမ သဘောသည် ပွါးစီး စေတတ်သည့် သတ္တိရှာန် ပုရိသ အထီး သဘော နှင့် ပေါင်းစပ်မိသော် အဆင်း, အသံ, အတွေ့, အရသာများ နှင့် ကိုယ် အစိတ် အားလုံး ဖြစ်ပေါ်ခြင်း အစရှိသော ဖေါက်ပြန်ခြင်း အထွေထွေ မရေမတွက်နိုင်အောင် ဖြစ်ပွါး၍ လောကကြီး စည်ပင် နေထိုင်လေ၏။

ယင်းသည့် ပကတိ နှင့် ပုရိသ ဟူသော ဗိသုကာကြီး၏ မဟာယဉာဏ်သည် အစ အဆုံး မရှိ- ပုံပန်း အသွင် သဏ္ဌာန် မရှိ- မိမိ သူတပါး မရှိ-

လောကကြီး တခုလုံး ပျံ့နှံ့လျက် အမြဲ တည်နေလေသည်၊ အထူးကား တိရစ္ဆာန် သတ္တဝါတို့မှာ ပကတိမာယာ၏ သတ္တိ သာ ရှိ၍ ပုရိသ သတ္တိ မရှိသောကြောင့် အထူးထူး၊ အထွေထွေ ဖေါက်ပြန်လေသော ဟူ၏။

အနေက ကာရကာ အနုဝါဒီ ဝိဓိသယိက ဒဿန ကျမ်းပြု ဆရာ ကဏာဒရသေ့ စသည်တို့ ဝါဒကား ဤလောကကြီးမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟု ဓာတ်ကြီး လေးပါး ရှိရာ ပထဝီဓာတ်သည် နိစ္စပထဝီ၊ အနိစ္စပထဝီ ဟု ၂-မျိုး ရှိ၏၊ ၎င်းတို့တွင် ပရမာဏုမြူလုံးနှင့်ရှိ ပထဝီသည် နိစ္စပထဝီတည်း၊ ၎င်းအဏုက ပထဝီ အစရှိသည်ကား အနိစ္စ ပထဝီတည်း။

[ ဤနေရာ၌ အိမ်နံရံပေါက် စသည်မှ ဝင်ရောက်လာသော နေခြည်ရောင် အတွင်း၌ မြင်ရသော မြူမှုံသည် တြသရေဏုမြူ မည်၏၊ ထိုသည့် တြသရေဏုမြူ၏ ၃-ပုံ တပုံသည် ဒွိအဏုကရေဏုမြူ မည်၏၊ တြသရေဏုမြူ၏ ၆-ပုံ တပုံသည် ပရမာဏုမြူ မည်၏ ဟု မှတ်။ ]

ယင်း ၂-မျိုးတွင် နိစ္စ ပရမာဏု ပထဝီကား မပျက် မစီး မူ၍ အမြဲ တည်နေ၏၊ ဤလောကကြီး၌ သတ္တဝါတို့ အကျိုးခံစားခွင့် ကမ် အကြောင်း

ဆိုက်ရောက်သော အခါ ဗြဟ္မာ ဟူသော မဟောဃာရ၏ အလို ဆန္ဒ အားဖြင့် ပရမာဏုမြူ ၂—ခု ၂—ခု ပေါင်းစပ်၍ ဒွိအဏုက မြူလုံးခန့် ပထဝီ ပွားစီး ဖြစ်ပေါ်လာ၏၊ တဖန် ဒွိအဏုကမြူ ၃—ခု ၃—ခုစီ ပေါင်းစပ်၍ တိအဏုကမြူလုံးခန့် ပထဝီ ဖြစ်လာ၏၊ ဤသို့ စသည်ဖြင့် ကြီးမား ကျယ်ပြန့်လှစွာသော ပထဝီ မြေပြင်ကြီး ဖြစ်ပေါ်လာလေသည်၊ အာပေါ, တေဇော, ဝါယော ဓာတ်တို့သည်း ဤနည်းအတိုင်းပင် မဟောဃာရ၏ အလိုဆန္ဒ အတိုင်း ဖွံ့စည်းပြန့်ကျယ်၍ လာကုန်သော ဟူ၏၊ ထိုသို့ မဟုတ်မူ၍ သတ္တဝါတို့ အကျိုးခံစားခွင့် ပျက်ပြား၍ ကမ်အကြောင်း ကုန်ခန်းသော အခါမူကား ယင်း ပထဝီ စသော ဓာတ် အစိုင် အခဲတို့သည် ပျက်စီးကြေမွ ကုန်၏။

ယင်းသို့ အနိစ္စ ပထဝီ ပျက်စီး စေကာ နိစ္စ ပထဝီကား မပျက် မစီး အမြဲ တည်နေပေသည်၊ ဤကား ဇေနိယဂျိုင်း အယူဝါဒနှင့် တကွသော မိမံသသင်္ချာဒဿန ဝိသေသိက စသည် ဆိုချက် အတ္တဝါဒချုပ်တည်း။

ဗုဒ္ဓသာသနာဝင် ဖြစ်သော ဤမြန်မာတို့ အတွင်း၌လည်း အတ္တ, ဇီဝ, လိပ်ပြာ, ဝိညာဉ်, အသက် ခေါ် အမှတ် သညာများ ရှိ၍ ငါ, သူတပါး, ယောက်ျား, မိန်းမ, လူ, နတ် စသည် ပုဂ္ဂိုလ်စွဲများ ရှိ၏၊ ဤမှ

ထိုသို့ ကူးပြောင်းသည် ဟု အစွဲရှိကြ၏၊ ၎င်း ပုဂ္ဂိုလ်ပိုင်ကို အတ္တနိယ ဆို၏၊ စင်စစ်သော်ကား ဤ ကိုယ် ဆံ စသော အစု အပေါင်း ရုပ်ကို ခံစား ခြင်းသဘော ဝေဒနာကိုယ်, မှတ်ခြင်းသဘော သညာ ကိုယ်, ပြုပြင်ခြင်းသဘော သင်္ခါရကိုယ်, သိခြင်း သဘော ဝိညာဉ်ကိုယ် ဟု အစု ငါးမျိုး သာ ထင်ရှား ရှိ၏။

ဤ ကိုယ် အစုများသည်လည်း တခုကို အမှီပြု၍ တခုသော ကိုယ်အစု၏ ဖြစ်ပျက်နေသော ကိုယ်အ စဉ်မျှ ဖြစ်၏၊ ဥပမာ မီးစာ နှင့် ဆီမှ ဖြစ်ပေါ် သော မီးတောက်ကဲ့သို့၎င်း, သစ်စေ့ နှင့် မြေ, ရေ, လေ, မီး, ဟင်းလင်း, အလင်းဓာတ်များ စပ်ဖက်၍ သစ်ပင်၏ ဖြစ်ပေါ် နေခြင်း ကဲ့သို့၎င်း ပင်တည်း။

သို့ဖြစ်စေကာ ယခင်က အမေ သင်ပြသည်ကို မှတ်ခဲ့သည့် သညာမှ စ၍ ငါ ဆိုသော အကောင် တခု ထင်ရှား ဖြစ်ပေါ်ခဲ့လေသည်၊ ၎င်းကို တဏှာ နှင့် မာနကား အမွန်းတင်ထားသည့် အတွက် သညာမယဒိဋ္ဌိသည် အသက်ရှင်လျက် နေနိုင်လေ သည်၊ ကိုယ် အစု ငါးပါးကို ကျနစွာ စုံစမ်းကြည့်ရှု လျှင် ယင်းသည့် သညာ ပျောက်ကွယ် နိုင်လေသည်။

ဒုက္ခသစ္စသုတ်နိဿျ ပြီး၏၊

# ၁၁–အဂတဒိသသုတ္တံ

[ ပဉ္စင်္ဂုတ္တရ·ဒသမ·ရာဇဝဂ္ဂ ]

ဣဓ ဘိက္ခဝေ ဘိက္ခု ယာ သာ ဒိသာ အဂတပုဗ္ဗာ ဣမိနာ ဒီဃေန အဒ္ဓုနာ ယဒိဒံ သဗ္ဗ သင်္ခါရသမထော သဗ္ဗူပဓိပတိနိဿဂ္ဂေါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ တံ ခိပ္ပညေဝ ဂန္တာ ဟောတိ။

# အဂတဒိသ သုတ်နိသျ

[ ပဉ္စင်္ဂုတ္တရ-ဒသမ-ရာဇဝဂ် ]

---

ဘိက္ခဝေ—ရဟန်းတို့၊ ဣဓ — ဤလောက၌၊ ဘိက္ခု—ရဟန်းသည်၊ ယာ သာ ဒိသာ—အကြင် အရပ်ကို၊ ဣမိနာ ဒီဃေန အဒ္ဓုနာ—ဤသည့် ရှည်လျားလှစွာသော သံသရာ ကာလပတ်လုံး၊ အဂတာ ပုဗ္ဗာ—မသွားဖူး မရောက်ဖူးချေ၊ ယဒိဒံ—ယင်းသည့် အရပ်ကား၊ သဗ္ဗသင်္ခါရသမထော—အားလုံး ကမ်ပြုပြင်ရေး ဥတု, ဗီဇ, စိတ္တ, သဘာဝ, ပြုပြင်ရေးများ၏ ငြိမ်းအေးရာ ဖြစ်၏၊ သဗ္ဗူပဓိပတိနိဿဂ္ဂေါ—အားလုံးသော ဥစ္စာ ပစ္စည်း ကာမဂုဏ် ငါးပါး-ကိုယ် အစုငါးပါးကို စွန့်ပယ်ထားရာ ပစ်ထားရာ ဖြစ်၏၊ တဏှာက္ခယော—ဘဝ၌ တသိမက်ခြင်း တဏှာ ကုန်ရာ ဖြစ်၏၊ ဝိရာဂေါ—အတာသ် အစွန်း ကင်းလွတ်ရာ ဖြစ်၏၊ နိရောဓော—ဘဝ ဖြစ်ကြောင်း ချုပ်ငြိမ်းရာ ဖြစ်၏၊ နိဗ္ဗာနံ-ရာဂ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဟူသော မီး ၁၁—ပါး အေးငြိမ်းရာ

ဖြစ်၏။ ဝါ—ထိုအရပ်သို့ ခိပ္ပံသော—လျင်စွာ ဖင်လျင်၊ ဂန္တာ—သွားတတ်သည်၊ ဟောတိ—ဖြစ်၏။

ဤဒေသနာကား နိရောဓသစ္စာကို ဟော၏။ ၎င်းဖြင့် နိရောဓုပါယ ဖြစ်သော နိဗ္ဗာန် ရောက်ကြောင်း ကျင့်ဝတ် မဂ္ဂသစ္စာကိုလည်း သိအပ်၏၊ မဂ္ဂသစ္စာကို လိုရသည်မှာ ကိလေသာ ပယ်ရန်လုပ်ငန်း အတွက် ဖြစ်၍ သမုဒယသစ္စာကိုလည်း သိအပ်၏၊ ၎င်း၏ အကျိုး ဒုက္ခသစ္စာကိုလည်း သိအပ်၏။

ထို့ကြောင့် နိဗ္ဗာန်ကို လျင်စွာ ရရောက်သော ရဟန်း ဟူသည် အဘယ်သို့သော ရဟန်းနည်း ဟု မေးလျင် မဂ္ဂင် ရှစ်ပါးနှင့် အညီ လိုက်နာကျင့်ကြံသော ရဟန်း ဟု ဖြေဆိုရာ၏။

ဘိက္ခု ဆိုသောကြောင့် လူများ မပါ ဟု မမှတ်ရ၊ ဥက္ကဋ္ဌနည်း အားဖြင့် ဟောချက်မျှ ဖြစ်၏၊ လူဖြစ်စေ နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ တရားကျင့်သူသည် ဘိက္ခု မည်၏၊ ဤ၌ ပါဝင်၏၊

"သဗ္ဗ သင်္ခါရသမထော = သင်္ခါရ အားလုံးငြိမ်းရာ" ဟူသော စကားဖြင့် သဝိညာဏက အဝိညာဏက ဓာတ်များကို ပြုပြင် စီမံဘတ်သော ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရား

အားလုံး ချုပ်ငြိမ်းကြောင်းကို ပြ၏၊ ၎င်းဖြင့် နိဗ္ဗာန်သည် ကံမှုနိယာမ, ဥတုနိယာမ, ဗီဇနိယာမ, သဘာဝနိယာမ, ကပ္ပါနိယာမ, ပထဝီ အာပေါ တေဇော ဝါယော နိယာမ, စန္ဒသူရိယတာရကာ, အာကာသ နိယာမ အားလုံးသော သဘာဝမှ ကင်းလွတ်ကြောင်း သိမှတ်ရမည်၊ ယင်းသည့် နိယာမ မှန်သမျှသည် မိမိ မိမိတို့ သဘော အားဖြင့် ပြီးသောကြောင့် သဘာဝ နိယာမချည်း မည်၏၊ သို့ရာတွင် ကြွင်းကျန်သော သဘာဝ တရားများကို ညွှန်ပြခြင်းငှာ သဘာဝ နိယာမကို ထည့်သွင်းထား၏၊ ၎င်းဖြင့် ဇာတိ နိယာမ, ဣတ္ထိနိယာမ ပုရိသနိယာမ စသည်ကို သိနိုင်၏၊ ဤသည့် သဘောတရား အားလုံး ပင် နိဗ္ဗာန်၌ မရှိချေ။

ယင်းသည့် သဘော အားလုံး ပင် သင်္ခါရမည်၏၊ ယင်း သင်္ခါရ အားလုံးမှ ငြိမ်းကြောင်း နိဗ္ဗာန်ကို "သဗ္ဗ သင်္ခါရသမထော" ဟု ဆို၏၊

၎င်းနိယာမတို့ သဘော များကို ကျွန်ုပ်တို့ ရေးသား ပြုစုသော "နိယာမဒီပနီကျမ်း" ၌ ကြည့်ရှုရပါလိမ့်မည်။

"သဗ္ဗုပဓိပဋိနိဿဂ္ဂေါ" ဟူရာ၌ ဥပဓိ ဟူသည် ဥစ္စာ ပစ္စည်းကိုင်း, ရုပ် အဆင်းမျက်ိုင်း, ကာမဂုဏ် ငါးပါးကိုင်း, ကိုယ် အစု ငါးပါးကိုင်း, လောက

ခ-ပါးလုံးကိုင်း ဆို၏၊ နိဗ္ဗာန်၌ ၎င်းအားလုံး မရှိ ဟု ဆိုလို၏၊ အဘယ့်ကြောင့် ဤအရာများ မရှိရ သနည်း ဟု မေးရန် ရှိ၍ "တဏှာက္ခယော" ဟု ဆိုလေသည်၊ တသ်မက်ခြင်း လိုလားခြင်း ကုန်ခန်း သောကြောင့် ဟူလို၏၊ ၎င်းမှာလည်း တသ်မက်ခြင်း မရှိ သောကြောင့် သာ ဖြစ်၏၊ တသ်မက်သူက မတသ်မက်၍ သာ ဖြစ်သည် ဟု ပြခြင်းငှါ "ဝိရာဂေါ" ကို ဆိုလေသည်၊ တသ်မက်သူ မရှိ၍ တသ်မက်ခြင်း ကင်းသည် ဟု ဆိုလို၏၊ ထိုသို့အားဖြင့် တသ်မက်သူ နှင့် တသ်မက်ခြင်း တို့ သွားလမ်းကို ပြုပြင်ခြင်းငှာ "နိရောဓော" ကို ဆို၏၊ တသ်သူ နှင့် တသ်ခြင်း ချုပ်ငြိမ်းလေပြီ ဟု ဆို၏၊ ၎င်းကို ပင် ထင်ရှား စေရန် "နိဗ္ဗာနံ" ဟု ဆို၏၊ တသ် မက်ခြင်း နှင့် တသ်မက်သူ ချုပ်ငြိမ်း ေးမြသည်၊ ယခင် နိယာမ သဘော အားလုံးလည်း ကင်းငြိမ်းပြီ ဟု ဆိုလို၏။

အဂတာဒိသသုတ်နိသျ ပြီး၏၊

# ၁၂—နိဗ္ဗာနသုခသုတ္တံ

[ နဝင်္ဂုတ္တရ - ပဌမဝဂ္ဂ - တတိယ ]

---

အာယသ္မာ သာရိပုတ္တော ဘိက္ခူ အာမန္တေသိ သုခ မိဒ မာဝုသော နိဗ္ဗာနံ သုခ မိဒ မာဝုသော နိဗ္ဗာနန္တိ၊ ဧဝံ ဝုတ္တေ အာယသ္မာ ဥဒါယိ အာဟ ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ ယဒေတ္ထ နတ္ထိ ဝေဒယိတန္တိ၊ ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ ယဒေတ္ထ နတ္ထိ ဝေဒယိတံ၊ ပဉ္စိမေ အာဝုသော ကာမဂုဏာ ကတမေ ပဉ္စ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမုပသဉှိတာ ရဇနီယာ သောတဝိညေယျာ သဒ္ဒါ, ဃာန ဝိညေယျာ ဂန္ဓာ, ဇိဝှါ ဝိညေယျာ ရသာ, ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမုပသဉှိတာ ရဇနီယာ၊ ဣမေ ခွါဝုသော ပဉ္စ ကာမဂုဏာ ယံ ခွါဝုသော ဣမေ ပဉ္စ ကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ၊ သုခံ သောမနဿံ ဣဒံ ဝုစ္စတာဝုသော ကာမသုခံ။

ဣဓာဝုသော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ

ပဌမဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တဿ စေ အာဝုသော ဘိက္ခုနော ဣမိနာ ဝိဟာရေန ဝိဟရတော ကာမသဟဂတာ သညာ မနသိကာရာ သမုဒါစရန္တိ၊ သွာဿ ဟောတိ အာဗာဓော သေယျထာ ပါဝုသော သုခိနော ဒုက္ခ မုပ္ပဇ္ဇေယျ၊ ယာဝဒေဝ အာဗာဓာယ ဧဝမေဝဿ တေ ကာမသဟဂတာ သညာ မနသိကာရာ သမုဒါစရန္တိ သွာဿ ဟောတိ အာဗာဓော ယော ခေါ ပနာဝုသော အာဗာဓော ဒုက္ခမေတံ ဝုတ္တံ ဘဂဝတာ ဣမိနာ ပိ ခေါ ဧတ မာဝုသော ပရိယာယေန ဝေဒိတဗ္ဗံ ယထာသုခံ နိဗ္ဗာနံ။

ပုန စ ပရ မာဝုသော ဒုတိယံ ဈာနံ တတိယံ စတုတ္ထံ ဈာနံ အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနံ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တဿ စေ အာဝုသော ဘိက္ခုနော ဣမိနာ ဝိဟာရေန ဝိဟရတော အာကိဉ္စညာယတနသဟဂတာ သညာ မနသိကာရာ သမုဒါစရန္တိ၊ သွာဿ ဟောတိ အာဗာဓော သေယျထာ ပါဝုသော (ပ) ပရိယာယေန ဝေဒိတဗ္ဗံ ယထာသုခံ နိဗ္ဗာနံ၊ ပုန စ ပရ မာဝုသော ဘိက္ခု သဗ္ဗသော နေဝသညာနာသညာယတနံ သမတိက္ကမ သညာ ဝေဒယိတ နိရောဓံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပညာယ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ၊ ဣမိနာ ပိ ခေါ ဧတ မာဝုသော ပရိယာယေန ဝေဒိတဗ္ဗံ ယထာသုခံ နိဗ္ဗာနံ။

# နိဗ္ဗာနသုခသုတ် နိသျ

[ နဝင်္ဂုတ္တရ-ပဌမဂ်-တတိယ ]

---

အာယသ္မာ သာရိပုတ္တော် — ဓမ္မသေနာပတိ အရှင်သာရိပုတ် မထေရ်သည်၊ ဘိက္ခူ—ရဟန်းတို့ကို၊ အာမန္တေသိ—ခေါ်ယူ မိန့်ဆိုတော်မူသည်ကား၊ အာဝုသော — ငါ့ရှင်တို့၊ ဣဒံ နိဗ္ဗာနံ—ဤသည့် ငါတို့ ဆရာ ဘုရား ညွှန်ပြသည့် နိဗ္ဗာန်ကား၊ သုခံ—ချမ်းသာ၏၊ အာဝုသော—ငါ့ရှင်တို့၊ ဣဒံနိဗ္ဗာနံ—ဤသည့် ငါတို့ ဆရာ ဘုရား ညွှန်ပြသည့် နိဗ္ဗာန်ကား၊ သုခံ—ချမ်းသာ၏၊ ဣတိ—ဤသို့ တရား စလေပြီ၊ ဧဝံ ဝုတ္တေ—ဤသို့ အရှင်သာရိပုတ်က တရား စလိုက်သော်၊ အာယသ္မာ ဥဒါယိ—အရှင်ဥဒါယိမထေရ်က၊ အာဟ—ဆိုလေသည်ကား၊ အာဝုသော သာရိပုတ္တ—ငါ့ရှင် သာရိပုတ်၊ ဧတ္ထ—ယင်းသည့် ချမ်းသာ ခေါ်သော နိဗ္ဗာန်၌၊ ဝေဒယိတံ — ခံစားခြင်း ဝေဒနာသည်၊ ယဒိ နတ္ထိ—အကယ်၍ မရှိခဲ့အံ့၊ ဧတ္ထ—ထိုသို့သော ဝေဒယိတ သုခမဲ့ နိဗ္ဗာန်၌၊ ကိံ သုခံ—အဘယ်သို့ ချမ်းသာပါသနည်း၊ ဣတိ—ဤသို့ မေးလေပြီ၊ အာဝုသော—ငါ့ရှင် ဒါယိ၊ ဧတ္ထ—ဤသည့် နိဗ္ဗာန်၌၊ ဝေဒယိတံ—ခံစားခြင်း

ဝေဒနာသည်၊ ယံ နတ္ထိ—အကြင့်ကြောင့် မရှိ၊ ဝါ—ယဒိ နတ္ထိ—အကယ် စင်စစ် မရှိ၊ တေဒေဝ စ—ဤသည့် ဝေဒယိတသုခ မရှိခြင်းသည် ပင်၊ ဧတ္ထ—ဤသည့် နိဗ္ဗာန်၌၊ သုခံ—ချမ်းသာတည်း။ ( ဧဝေဒနာ မရှိခြင်း ပင် ချမ်းသာ ဟူလို)

ယခုအခါ ဝေဒနာ၏ ဒုက္ခကို ပြလိုသောကြောင့် "ပဉ္စိမေ" စသည့်ကို ဆို၏။

အာဝုသော—ငါ့ရှင်၊ ကာမဂုဏာ—ကာမဂုဏ် တို့သည်၊ ဝါ—ကာမ အစုတို့သည်၊ ဣမေ ပဉ္စ—ဤငါမျိုးတို့တည်း၊ ကတမေ ပဉ္စ—အဘယ် ငါးမျိုးတို့နည်း၊ စက္ခုဝိညေယျာ—မျက်စိဖြင့် သိအပ်ကုန်၍၊ ဣဋ္ဌာ—လိုအပ် နှစ်သက်အပ်၊ မနာပါ—နှစ်လိုအပ်၊ ပိယရူပါ—ချစ်စရာဖြစ်၊ ကာမူပသဉ္ဟိတာ—ကြိုက်စရာနှင့်စပ်၊ ရဇနိယာ—တသ်မက်ဖွယ် ဖြစ်ကုန်သော၊ ရူပါ—အဆင်းတို့ပေါင်း၊ သောတဝိညေယျာ—နားဖြင့် သိအပ်ကုန်သော၊ သဒ္ဒါ—အသံတို့ပေါင်း၊ ဃာနဝိညေယျာ—နှာခေါင်းဖြင့် သိအပ်ကုန်သော၊ ဂန္ဓာ—အနံ့တို့ပေါင်း၊ ဇိဝှါဝိညေယျာ—လျှာဖြင့် သိအပ်ကုန်သော၊ ရသာ—အရသာတို့ပေါင်း၊ ကာယဝိညေယျာ—ကိုယ်ဖြင့် သိအပ်ကုန်သော၊ ဖောဋ္ဌဗ္ဗာ-အတွေ့တို့ပေါင်း တည်း၊ ဣမေ ခေါ အာဝုသော ပဉ္စ ကာမဂုဏာ—ငါ့ရှင် ဤကား ကာမဂုဏ် ငါးပါးတို့တည်း၊ အာဝုသော—ငါ့ရှင်၊ ဣမေ ပဉ္စ ကာမဂုဏေ—ဤ ကာမအစု ငါးမျိုးတို့ကို၊ ပဋိစ္စ—စွဲ၍-အကြောင်းပြု၍၊ ယံ သုခံ သောမနဿံ—

အကြောင် ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည်၊ အတ္ထိ—ရှိ၏၊ အာဝုသော—ငါ့ရှင်၊ ဣဒံ—ဤသည့် ချမ်းသာ ဝမ်းမြောက်ခြင်းကို၊ ကာမသုခံ—ကာမချမ်းသာဟု၊ ဝုစ္စတိ—ဆိုအပ်၏။ (ဤကား ကာမသုခကို ပြဆိုချက်)

အာဝုသော—ငါ့ရှင်၊ ဣဓ—ဤသာသနာ၌၊ ဘိက္ခု—ရဟန်းသည်၊ ကာမေဟိ—ကာမဂုဏ်ငါးပါးတို့မှ၊ ဝိဝိစ္စေဝ—ကင်းကွာ၍ သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ—အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ—ကင်း၍ သာလျှင်၊ သဝိတက္ကံ—ကြံစည်ခြင်း ရှိသော၊ သဝိစာရံ—စဉ်းစားခြင်း ရှိသော၊ ဝိဝေကဇံ—ကာမ နှင့် အကုသိုလ်တို့မှ ဆိတ်ငြိမ်၍ ဖြစ်သော၊ ပီတိသုခံ—နှစ်သက်ခြင်း နှင့် ချမ်းသာခြင်း ရှိသော၊ ပဌမဇ္ဈာနံ—ပဌမ သမာဓိကို၊ ဥပသမ္ပဇ္ဇ—ရရောက်၍၊ ဝိဟရတိ—နေ၏၊ အာဝုသော—ငါ့ရှင်၊ တဿ ဘိက္ခုနော—ထိုပဌမဈာန်ရရဟန်းမှာ၊ ဣမိနာ ဝိဟာရေန—ယင်းသည့် နေထိုင်ခြင်းမျိုးဖြင့်၊ ဝိဟရတော—နေထိုင်စဉ်၊ ကာမသဟဂတာ—ကာမနှင့်တကွ ဖြစ်ကုန်သော၊ သညာ မနသိကာရာ—အမှတ်သညာ နှင့် နှစ်လုံးသွင်းမိခြင်းတို့သည်၊ သမုဒါစရန္တိ—ဖြစ်ပေါ်ကုန်ခဲ့အံ့၊ သော—ထိုသို့သော ကာမသညာ နှင့် မနသိကာရသည်၊ အဿ—ထိုရဟန်းအား၊ အာဗာဓော—နာကျင်ခြင်းသည်၊ ဟောတိ—ဖြစ်၏၊ အာဝုသော—ငါ့ရှင်၊ သေယျထာပိ—ဥပမာ အားဖြင့်၊ သုခိနော—ချမ်းသာမှ၊ ဒုက္ခံ မုပ္ပဇ္ဇေယျ—ဆင်းရဲ ဖြစ်ခဲ့အံ့၊ ယာဝဒေဝ အာဗာဓာယ—အလွန် နာကျင်

၏၊ ဝေမေဝ— ဤအတူပင်၊ အာဝုသော—ငါ့ရှင်ဖြစ်ကုန်သော သဟာဂတ (ပေ) အာဗာဓော—ကာမသညာသည် နာကျင်ခြင်း၏၊ အာဝုသော—ငါ့ရှင်၊ ယော ခေါ ပန အာဗာဓော—အကြင် မေတံ ဝုတ္တံ ဘဂဝတာ--ဤသို့ နာကျင်ခြြင်းကို ဆင်းရဲဟု ဘုရား ဟောတော်မူ၏၊ ဣမိနာ ခေါ ဧတံ မာဝုသော ပရိယာယေန ဝေဒိတဗ္ဗံ ယထာ သုခံ နိဗ္ဗာနံ—ငါ့ရှင်-ဤသည်ကြောင့် အကြောင်းအားဖြင့် နိဗ္ဗာန်ကို ချမ်းသာ ဟု သိအပ်၏။

အာဝုသော—ငါ့ရှင်၊ ပုန စ ပရံ—ဆိုမှ တပါးလည်း ဒုတိယစျာန် ရသူမှာ ဝိတက် ဝိစာရသည် ဆင်းရဲတည်း၊ တတိယစျာန် ရသူမှာ ပီတိသည် ဆင်းရဲတည်း၊ စတုတ္ထစျာန် ရသူမှာ သုခသည် ဆင်းရဲတည်း၊ အာကာသာနဉ္စာယတနစျာန် ရသူမှာ ရုပ်နှင့် စပ်သော သညာ, ထိခိုက်မှု သညာ, နာနတ္တသညာသည် ဆင်းရဲတည်း၊ ဝိညာဏဉ္စာယတနစျာန် ရသူမှာ အာကာသသညာသည် ဆင်းရဲ သာတည်း၊ အာကိဉ္စညာယတနစျာန် ရသူမှာ ဝိညာဏသညာသည် ဆင်းရဲတည်း၊ နေဝသညာနာသညာယတနစျာန် ရသူမှာ အာကိဉ္စညာယတနသညာသည် ဆင်းရဲဘည်း၊ ဤကား ဝေဒနာ ရှိမှ ဟူသမျှမှာ ဒုက္ခ ဆင်းရဲ ရှိသည် ဟု ပြဆိုချက်တည်း။

ယခုအခါ ဝေဒနာ ကင်းသော ချမ်းသာကို ပြလို သောကြောင့် "ပုန စ ပရ မာဝုသော" စသည်ကို မိန့်ဆို လေသည်၊ ဤမျှကား လောကချမ်းသာ ဆိုသမျှ ဒုက္ခ ဟု ညွှန်ပြချက်တည်း။

ပုန စ ပရ မာဝုသော — ငါ့ရှင် ထိုမှ တပါးတုံသည်း၊ ဘိက္ခု— ရဟန်းသည်၊ သဗ္ဗသော—အချင်းခပ်သိမ်း အားဖြင့်၊ နေဝသညာနာသညာယတနံ — နေဝသညာနာသညာယတန စျာန်ကို၊ သမတိက္ကမ — လွန်မြောက်၍၊ သညာ ဝေဒယိတ နိရောဓံ—သညာ ဝေဒနာ ချုပ်ငြိမ်းသော သမာပတ်ကို၊ ဥပသမ္ပဇ္ဇ — ရရောက်၍၊ ဝိဟရတိ—ခနေ၏၊ စ—စင်စစ်ကား၊ အဿ—ထိုရဟန်းအား၊ ပညာယ — အရဟတ္တမဂ်ဉာဏ်ဖြင့်၊ ဒိသွာ—မြင်၍၊ အာသဝါ—အာသဝေါတို့သည်၊ ပရိက္ခီဏာ— ကုန်ခန်းကုန်သည်၊ ဟောန္တိ—ဖြစ်ကုန်၏၊ ဣမိနာ ပိ ခေါ တေ မာဝုသော ပရိယာယေန ဝေဒိတဗ္ဗံ ယထာ သုခံ နိဗ္ဗာနံ— ငါ့ရှင် ဤသို့သော အကြောင်းအားဖြင့် နိဗ္ဗာန်ကို ချမ်းသာ ဟု သိအပ်၏။

ဤ၌ သညာ, ဝေဒနာကို ဆိုသဖြင့် ကြွင်း စေတ သိက်များ, စိတ်များ မချုပ်ပဲ ရှိနေ ပါသလား ဟု စဉ်းစားဉာဏ် ထုတ်ရမည်။

ဤနေရာ၌ သီဟိုဠ်ဆရာကြီးတို့ နှင့် မြန်မာဆရာ ကြီးတို့၏ အယူအဆသည် တသဘောတည်း ဖြစ်နေ သည်၊ ငါတို့ အယူအဆကို ဖော်ပြပေအံ့။

နိရောဓသမာပတ် ဝင်စားသော အခါ စိတ် စေ တနာ ချုပ်နေ၏၊ စေတနာသည် စိတ်၏ တောင်ပန် ဖြစ်၍ ချုပ်နိုင်ပါမည်လော· အတောင် ကြိုးသော

ကြိုးကြာအိုဖြစ်က သေသည်နှင့် မည်သို့ ခြားနား နိုင်ပါမည်နည်း ဟု မေးဘွယ် ရှိ၏၊ အဖြေကား ဝင်စားမှု သမာပတ်စိတ် ရှိနေ၏၊ ထိုစိတ်သည် သမာဓိ ပင် ဖြစ်၏၊ ထိုမှ တပါး သေခြင်း မဟုတ်၍ စိတ် စေတနာ ချုပ်ငြိမ်းပါမည်လော- နိရောဓ သမာပန္န ပုဂ္ဂိုလ်ကို မီးနှင့် ရှို့လျှင် မလောင်နိုင်သည် မဟုတ် ပါလော ဟု မေးသင့်၏၊ အဖြေကား တကယ် သေ သော လူသေကောင် အချို့ ပင် မီးမလောင်ပုံ တွေ့ မြင်နိုင်၏၊ အမှန်ကား သညာ ဝေဒနာ အားလုံး ချုပ်နေခြင်းကြောင့် ဟူ၍ သိအပ်၏။

ထို့ကြောင့် ဤပါဠိတော်၌ "ပညာယ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ" ဟူသော စကားသည် မရှိသင့်ပေ၊ အဘယ့်ကြောင့် ဆိုသော် ထိုသမာပတ်ကို ရဟန္တာ နှင့် အနာဂါမ် သာ ဝင်စား နိုင်သောကြောင့်တည်း။

နိဗ္ဗာနသုခသုတ်နိသျ ပြီး၏

# ၁၃–သန္တပဏီတသုတ္တံ

[ နဝင်္ဂုတ္တရ·စတုတ္ထဝဂ္ဂ·ပဥ္စမသုတ္တ ]

---

ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သော ယဒေဝ တတ္ထ ဟောတိ၊ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရ ဂတံ ဝိညာဏဂတံ တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာ ဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿတိ၊ သော တေဟိ စိတ္တံ ပတိပါဒေတိ သော တေဟိ ဓမ္မေဟိ စိတ္တံ ပတိပါဒေတွာ အမတာယ စိတ္တံ ဥပသံ ဟရတိ။ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ သဗ္ဗသင်္ခါရ သမထော သဗ္ဗူပဓိပတိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ၊ သော တတ္ထ ဌိတော အာသဝါနံ ခယံ ပါပုဏာတိ နော စေ အာသဝါနံ ခယံ ပါပုဏာတိ တေနေဝ ဓမ္မရာဂေန တာယ ဓမ္မနန္ဒိယာ ပဉ္စန္နံ ဩရမ္ဘာဂိယ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကော ဟောတိ၊ တတ္ထ

ပရိနိဗ္ဗာယိ အနာဝတ္တိ ဓမ္မော တသ္မာ လောကာ တထာ ဒုတိယံ ဈာနံ တတိယံ ဈာနံ စတုတ္ထံ ဈာနံ အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သော ယဒေဝ တတ္ထ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ တေ ဓမ္မေ အနိစ္စတော (ပ) ဥပသံဟရတိ၊ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ၊ (ပ) တသ္မာ လောကော။

# သန္တပ္ပဏီတသုတ်နိဿယ

[ နဝင်္ဂုတ္တရ·စတုတ္ထဝဂ်·ပဌမသုတ် ]

ဣဓ ဘိက္ခဝေ ဘိက္ခု—ရဟန်းတို့ ဤသာသနာတော်က ရဟန်းသည်၊ ဝိဝိစ္စေဝ ကာမေဟိ ( ပ ) ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ—ပဌမဈာန်ကို ရရောက် နေထိုင်လေ၏၊ သော—ထိုရဟန်းသည်၊ တတ္ထ—ထိုပဌမဈာန်၌၊ ယဒေဝ ဟောတိ ရူပ ဂတံ ဝေဒနာ ဂတံ သညာ ဂတံ သင်္ခါရ ဂတံ ဝိညာဏ ဂတံ—ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဖြစ်ပေါ၏၊ တေ ဓမ္မေ—ထို ကိုယ်အစု တရား ငါးပါးတို့ကို၊ အနိစ္စတော—မမြဲရွဲချေတကား ဟု၊ ဒုက္ခတော—ဆင်းရဲလေစွာတကား ဟု၊ ရောဂတော—ရောဂါအစစ် ဖြစ်စွာတကား ဟု၊ ဝါ—ရောဂါဖြစ်ရာကြီး ပေတကား ဟု၊ ဂဏ္ဍတော—အိုင်းအမာကြီးတည်း ဟု၊ သလ္လတော—အမြဲ ထိုးဆွ စူးဝင်သော ငြောင့်ကြီးတကား ဟု၊ အဃတော—အပြစ်တုံးကြီး ဖြစ်စွာတကား ဟု၊ အာဗာဓော—နာကျင်ရာ အစစ် ဖြစ်စွာတကား ဟု၊ ပရတော—ငါမှု, သူမှု, နတ်မှု, ပုဂ္ဂိုလ်မှု တပါး အခြား

ပေတကား ဟု၊ ပလောကတော—ပျက်စီးခြင်း သဘောပါ တကားဟု၊ သုညတော — ငါ့ငါ့ဟာ အဖြစ်မှ သုဉ်းစွာ တကား ဟု၊ အနတ္တတော— မြဲစွဲ ခန့်ခိုင်ခြင်း, ကိုယ့်အလို အတိုင်း ဖြစ်ခြင်း မရှိစွာ့ တကား ဟု၊ သမနုပဿတိ—အမြဲ ရှုမြင်ရာ၏၊ သော — ထိုရဟန်းသည်၊ တေဟိ — ထိုအနိစ္စ စသော သဘောတရားတို့ဖြင့်၊ စိတ္တံ—စိတ်ကို၊ ပတိပါဒေတိ— ပြီးမြောက်ခစေ၏- အစဉ် ရောက်စေ၏။

သော—ထိုရဟန်းသည်၊ တေဟိ ဓမ္မေဟိ—ထိုသည့် အနိစ္စ အစရှိသော တရားတို့ဖြင့်၊ စိတ္တံ—စိတ်ကို၊ ပတိပါဒေတွာ— အစဉ် ဆိုက်ရောက် ပြီးမြောက်စေ၍၊ အမတာယဓာတုယာ— နိဗ္ဗာန်ဓာတ်၌၊ စိတ္တံ—စိတ်ကို၊ ဥပသံဟရတိ— ရောက်အောင် ကပ်၍ ဆောင်၏၊ ဝါ—အနီး ကပ်စေ၏၊ ဝါ—စိတ်ကို နိဗ္ဗာန် သို့ ပူးလိုက် ကပ်လိုက်၏။

ဤစကားစုဖြင့် ဆိုလိုရင်းကား ပထမက သီလ ပြည့်စုံပြီးသူသည် သမာဓိ ကိစ္စကို ပြီးဆုံးစေ၍ ရ ရောက် ဝင်စားသော ဈာန်၌ ဖြစ်သော ကိုယ်အစု ငါးမျိုးကို အနိစ္စ စသည်ဖြင့် ဝိပဿနာရှု- အနိစ္စ သသော ထင်လာမည်၊ လောက၏ မမြဲသော သဘော စသည် ထင်လျှင် ၎င်းမှ စိတ်ကို ခွါ၍ နိဗ္ဗာန်ဓာတ်သို့ သွင်းပေးရမည်၊ ဝိပဿနာဖြင့် ကြည် လင်နေသော အဆစ်အကြေး မတင် စင်ကြယ်သည့် ဓာတ်လုံးသည် မီးမှ ထုတ်ဆယ်ထားလျှင် ကြည်လင်

ဧးမြစွာ ဖြစ်သကဲ့သို့ အမတဓာတ် ဆိုက်လိမ့်မည်ဟု ဆိုလို၏၊ ၎င်းအမတဓာတ် သွင်းပုံကို ထင်စွာ ပြလို၍ "တေံ သန္တံ" စသည်ကို ဆို၏။

တေံ —ဤနိဗ္ဗာန်သည်ကား၊ သန္တံ — ဧးမြ၏၊ တေံ — ဤနိဗ္ဗာန်ကား၊ ပဏီတံ—မွန်မြတ်၏၊ ယဒိဒံ — အကြောင်းကား၊ သဗ္ဗသင်္ခါရသမထော—ပြုပြင် စီမံရေး အားလုံးမှ ဧးငြိမ်း၏၊ သဗ္ဗုပဓိပဋိနိဿဂ္ဂေါ—တသိမကာ် စွဲလမ်းခြင်း အားလုံးကို စွန့်ပယ်၏၊ တဏှာက္ခယော—တသိမက်ခြင်း ကုန်ခန်း၏၊ ဝိရာဂေါ—တသိခြင်း ကင်း၏၊ နိရောဓော — တသ်ခြင်း ချုပ်ငြိမ်း၏၊ နိဗ္ဗာနံ—အတသ် ငြိမ်းစေ၏၊ ဣတိ—ဤသို့ ဆောင်၏၊ သော—ထိုယောဂီ ပုဂ္ဂိုလ်သည်၊ တတ္ထ—ထိုနိဗ္ဗာန် ဓာတ်၌၊ ဌိတော—တည်လျက်၊ အာသဝါနံ ခယံ ပါပုဏာတိ— အာသဝေါ လေးပါး ကုန်၏၊ နော စေ အာသဝါနံ ခယံ ပါပုဏာတိ— အကယ်၍ အာသဝေါ မကုန်ခဲ့အံ့၊ တေနေဝ ဓမ္မရာဂေန—ထိုသည့် တရား စွဲမက်ခြင်းဖြင့် ပင်၊ တာယ ဓမ္မနန္ဒိယာ—ထိုသည့် တရား၌ နှစ်သိမ့်ခြင်းဖြင့် ပင်၊ ပဉ္စန္နံ ဩရမ္ဘာဂိယသံယောဇနာနံ—အောက် ကာမဓာတ်ဆိုင်ရာ လှောကဲ့ကြိုး ငါးမျိုးတို့၏၊ ပရိက္ခယာ—ကုန်ခြင်းကြောင့်၊ ဩပပါတိကော — ကိုယ် ထင်ရှား ဖြစ်၍၊ တတ္ထ — ထိုဗြဟ္မာ့ဘုံ၌၊ ပရိနိဗ္ဗာယီ— လောဘမီး ငြိမ်းနိုင်သူသည်၊ ဟောတိ — ဖြစ်၏၊ တသ္မာ လောကာ— ထိုဗြဟ္မာ့လောကမှ၊ အနာဝတ္တိဓမ္မော— မပြန်လည်ရခြင်း သဘော ရှိ၏။

ဒုတိယ, တတိယ, စတုတ္ထ မှ အာကိဉ္စညာယတန ဈာန် အထိ ဝင်စား၍ ရှုခြင်းရာ၌လည်း ဤနည်း ပင်ဟု ပြခြင်းငှာ "တထာ ဒုတိယ ဈာနံ" စသည်ကို ဆို၏၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူသော အာသဝေါ လေးပါးသော်မှ ကုန်ရမည်၊ သို့မဟုတ် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ကာမရာဂ, ဥဒ္ဓစ္စ, ကုက္ကုစ္စ သံယောဇဉ် ငါးပါး ဤသံယောဇဉ်ကြိုး ပြတ်၍ သုဒ္ဓါဝါသပြဟ္မာ ဖြစ်လျက် ထိုဘုံ၌သော် ပရိနိဗ္ဗာန် စံရသည်၊ အနာဂါမ် ဖြစ်ရမည် ဟု ဆိုလို၏။ ( ဤသုတ်လည်း သုတ္တာနုလောမ ပင် )

သန္တပ္ပဏီတသုတ်နိဿျ ပြီး၏။

# ၁၄ — သန္တပ္ပဏီတသညသုတ္တံ

[ ဧကာဒသင်္ဂုတ္တရ-နိဿယဝဂ္ဂ ]

ဣဓ ဘိက္ခဝေ ဘိက္ခု ဧဝံ သညီ ဟောတိ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။ ဧဝံ ခေါ ဘိက္ခဝေ သိယာ ဘိက္ခုနော တထာရူပေါ သမာဓိပဋိလာဘော ယထာ နေဝ ပထဝိယံ ပထဝိ သညီ အဿ န အာပသ္မိံ န တေဇသ္မိံ န ဝါယသ္မိံ န အာကာသာနဉ္စာယတနေ န ဝိညာဏဉ္စာယတနေ န အာကိဉ္စညာယတနေ န နေဝသညာနာသညာယတနေ န ဣဓလောကေ န ဣဓလောကေ ပရလောကသညီ အဿ ယမ္ပိဒံ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုဝိစရိတံ မနသာ တတြာပိ န သညီ အဿ သညီ စ ပနဿာတိ။

# သန္တပ္ပဏီတသညာသုတ်နိသျ

[ ဧကာဒသင်္ဂုတ္တရ-နိဿယဝဂ် ]

---

ဣဓ ဘိက္ခဝေ ဘိက္ခု— ရဟန်းတို့ ဤသာသနာတော်က ရဟန်း တစုံတဦးသည်၊ ဧဝံ သညီ ဟောတိ— ဤသို့ အမှတ်သညာရှိ၏- ဤသို့ အမှတ်သညာ ထား၏၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော—ဤသည့် ပြုပြင်ရေး အားလုံး၏ ငြိမ်းရာသည်၊ ယဒိဒံ သဗ္ဗုပဓိပဋိနိဿဂ္ဂေါ— ဤလောက ဆက်သွယ်ရေး အားလုံး စွန့်ပစ်ရာသည်၊ ယဒိဒံ တဏှက္ခယော— ဤသည့် တဏှာမက်ရေး ကုန်းခန်းရာသည်၊ ယဒိဒံ ဝိရာဂေါ— ဤသည့် အတဏှာ ကင်းငြိမ်းရာသည်၊ ယဒိဒံ နိရောဓော — ဤသည့် အတဏှာ၏ ချုပ်ငြိမ်းရာသည်၊ ယဒိဒံ နိဗ္ဗာနံ—ဤသည့် တဏှာမက်ခြင်း နေငြိမ်းရာသည်၊ အတ္ထိ—ထင်စွာရှိ၏၊ ဧတံ—ဤနိဗ္ဗာန်ဌာနသည်၊ ဝါ—ငြိမ်းခြင်း သဘောသည်၊ သန္တံ — ငြိမ်၏၊ ဧတံ—ဤငြိမ်းနေခြင်း သဘောသည်၊ ပဏီတံ—တောင့်တအပ်၍ မွန်မြတ်၏၊ ဣတိ— ဤသို့ အမှတ်သညာ ထားလေ၏၊ ဘိက္ခဝေ—အို....ရဟန်းတို့၊ ဘိက္ခုနော—ရဟန်းအား၊ ခေါ—

အမှန်၊ တထာရူပေါ — ထိုသို့ သဘောရှိသော၊ သမာဒ်
ပဋိလာဘော— စိတ်အား တည်တံ့ စူးစိုက်ရေးကို ရခြင်း
သည်၊ သိယာ—ဖြစ်ရာ၏၊ ယဿာ— ယင်းသို့သော သညာ
ဖြင့်၊ ပထဝီယံ—မြေပေါ်၌၊ နေဝ ပထဝီ သညီ အဿ—
မြေ အမှတ်သညာ မရှိတော့လေရာ၊ အာပသ္မိံ—ရေပေါ်၌၊
န အာပေါ သညီ အဿ — ရေ အမှတ်သညာ မဲ့ ဖြစ်လေ
ရာ၏၊ တေဇသ္မိံ— မီးအပေါ်၌၊ ဝါယသ္မိံ—လေအပေါ်၌၊
အာကာသာနဉ္စာယတနေ — အဆုံးမဲ့ ကောင်းကင် အာရုံ
အပေါ်၌၊ ဝိညာဏဉ္စာယတနေ—အဆုံးမဲ့ ဝိညာဉ် အပေါ်၌၊
အာကိဉ္စညာယတနေ — ဝိညာဉ်မဲ့ အာရုံ အပေါ်၌၊ နေဝ
သညာနာသညာယတနေ—သညာရှိမဲ့ကင်း အာရုံ အပေါ်၌၊
ဣဓ လောကသ္မိံ—ဤလောက အပေါ်၌၊ ပရ လောကသ္မိံ—
တပါးသော လောက အပေါ်၌၊ န ပရ လောက သညီ
အဿ—တပါးသော လောက ဟု အမှတ်သညာ ရှိသည်
မဖြစ်ရာ၊ ဒိဋ္ဌံ — မြင်အပ်သော၊ သုတံ — ကြားအပ်သော၊
မုတံ—နံအပ်, အရသာ ခံအပ်, တွေ့ထိအပ်သော၊ ဝိညာတံ—
သိအပ်သော၊ ပတ္တံ — ရရောက်အပ်သော၊ ပရိယေသိတံ—
ရှာမှီးအပ်သော၊ မနသာ—စိတ်ဖြင့်၊ အနုဝိစရိတံ—အစဉ်တ
စိုက် စဉ်းစားအပ်သော၊ ယံပိဒံ—အကြင် အာရုံ အထွေထွေ
သည်လည်း၊ အတ္ထိ—ရှိ၏၊ တတြာပိ—ထိုသည့် အာရုံ အထွေ
၌လည်း၊ န သညီ အဿ—အမှတ် သညာမဲ့ ဖြစ်လေရာ၏၊
ပန—စင်စစ်ကား၊ သညီ စ အဿ—နိဗ္ဗာန် သညာ ရှိသူ
သည်မူကား ဖြစ်လေရာ၏။

ဤစကားဖြင့် ဥပသမာနုဿတိ လုပ်ငန်းကိုလည်း ညွှန်ပြ၏၊ ယင်းသို့ အခြား အာရုံ အပေါ်၌ အမှတ် သညာ မထားပဲ နိဗ္ဗာန် သညာ ထား၍ နေခြင်း မှာ အရိယာ၏ လုပ်ငန်း သာ ဟု မမှတ်ရ၊ ပုထုဇဉ် များ၏ အရာလည်း ဖြစ်သည်ကို သိမှတ်ရမည်။

သန္တပ္ပဏီတသညာသုတ်နိဿျ ပြီး၏။

# ၁၅ – သင်္ဂါရဝူပသမသုတ္တံ

[ သဂါထာဝဂ္ဂသံယုတ္တ-ဒုနန္ဒနဝဂ္ဂ ]

---

အနိစ္စာ သဗ္ဗ သင်္ခါရာ,
ဥပ္ပါဒ ဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ,
တေသံ ဝူပသမော သုခေါ။

# သင်္ခါရ ရူပသမ သုတ် နိဿယ

[ သဂါထာဝဂ္ဂသံယုတ်-ဒုတိယ-နန္ဒနဝဂ် ]

---

သဗ္ဗ သင်္ခါရာ—ကုန်အောင် စုံသော ပြုပြင်ရ ကောင်းသော သဝိညာဉ် အဝိညာဉ် တရားတို့သည်၊ အနိစ္စာ— မမြဲ စွဲကြကုန်· ရွေ့ရှား ပျက်စီးခြင်း ဖြစ်ကုန်၏၊ ဥပ္ပါဒ ဝယ ဓမ္မိနော—ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိကုန်၏၊ ဥပ္ပဇ္ဇိတွာ— ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ—ချုပ်ငြိမ်းကုန်၏၊ တေသံ—ထို ဥပ္ပါဒ သဘော ဝယ သဘော နိရောဓ သဘော အားဖြင့် အနိစ္စ လက္ခဏာရှိ တရားတို့၏၊ ဝူပသမော — ငြိမ်းဧးရာ နိဗ္ဗာန် သည်ကား၊ သုခေါ—ချမ်းသာ၏။

ဤဂါထာ၌ သင်္ခါရ ဟူသည် သက်ရှိ သက်မဲ့ အားလုံးတည်း၊ ၎င်းသည် အနိစ္စ, ဥပ္ပါဒ, ဝယ, နိရောဓ ၄-မျိုး ဖြစ်ခြင်း သဘောရှိ၏၊ ရှေး လက္ခဏာ ၃-မျိုးကား သင်္ခတ လက္ခဏာတည်း၊

စတုတ္ထ လက္ခဏာကား အသင်္ခတ လက္ခဏာတည်း။ ဤ စကားဖြင့် အဝိညာဏက ဖြစ်သော မြေ, တော, တောင်, သစ်ပင် စသည်၌လည်း အသင်္ခတ ဓာတ် ရှိသည်ကို သိအပ်၏၊ ဥပမာ သစ်ရွက်တခုကို ကြည့်ရမည်၊ ၎င်း၏ ပထမဆုံး သစ်ရွက် အဖြစ် သည် ဥပ္ပါဒ သဘောတည်း၊ တဖြည်းဖြည်း ရင့်ယော် သွေ့ခြောက်၍ သွားခြင်းသည် အနိစ္စ သဘောတည်း၊ သစ်ရွက် အဖြစ်က ရွေ့လျော ပျက်စီး သွားခြင်းသည် ဝယသဘောတည်း၊ ထိုသစ်ရွက် ရှိ မူလ ဖြစ်ပွါးခဲ့သည့် အဆင်း, အရသာ, အနံ့, အတွေ့ စသည် ကွယ်ပျောက်ခြင်းတား နိရောဓ သဘောတည်း၊ သဝိညာဏက ရုပ်၌လည်း ဤသဘော ပင် ဖြစ်၏၊ နာမ်ကား သဘော အားဖြင့် ချုပ် ခြင်း မရှိ၊ စင်စစ် သမ္မုတိချုပ် မျှ သာ ရှိ၏၊ စေတ နာဓာတ်များ သက်ဝင်နေသော ဝိညာဏ် သတ္တိ ကောင်းသော ကြောင့်၎င်း ၎င်း၏ ခြေကုတ် အဝိဇ္ဇာ, တဏှာ, ဥပါဒါန် တို့၏ အမြစ် အတွယ် နက်လှ သောကြောင့်၎င်း ၎င်းမှ သင်္ခါရ အမျိုးမျိုး ဆက်လက် တိုးပွါးခြင်း သဘော ရှိသောကြောင့်၎င်း တည်း။

သင်္ခါရဝိုပသမသုတ်နိသျ ပြီး၏။

# ၁၆ – ဝိဝေကသုတ္တံ

[ သဂါထာဝဂ္ဂသံယုတ္တ-နဋ္ဌဝဂ္ဂ-ဒုတိယဂါထာ ]

---

ကော ဒေဝတာ ဘဂဝန္တံ အဝေါစ ဇာနာသိနော တွံ မာရိသ သတ္တာနံ နိမောက္ခံ ပမောက္ခံ ဝိဝေကန္တိ၊ ယထာ ကထံ ပန တွံ မာရိသ ဇာနာသိ သတ္တာနံ နိမောက္ခံ ပမောက္ခံ ဝိဝေကန္တိ၊ နန္ဒီဘဝပရိက္ခယာ သညာ ဝိညာဏ သင်္ခယာ ဝေဒနာ နိရောဓာ ဥပသမာ ဧဝံ ခွါဟ အာဝုသော ဇာနာမိ သတ္တာနံ နိမောက္ခံ ပမောက္ခံ ဝိဝေကန္တိ။

---

# ဝိဝေကသုတ်နိသျ

[ သဂါထာဝဂ္ဂသံယုတ်-နဋ္ဌဝဂ်-ဒုတိယဂါထာ ]

ကော ဒေဝတာ— နတ်တဦးက၊ ဘဂဝန္တံ—ဘုရားရှင်ကို၊
အဝေါစ— လျှောက်ထားလေပြီ၊ ကိ မဝေါစ— အဘယ်သို့
လျှောက်ထားသနည်း၊ မာရိသ—အရှင်ဘုရား၊ တွံ— အရှင်
ဘုရားသည်၊ သတ္တာနံ—သတ္တဝါတို့၏၊ နိမောက္ခံ—လွတ်လပ်
ရာကို၊ ပမောက္ခံ—ထွက်မြောက်ရာကို၊ ဝိဝေကံ— ဆိတ်သုဉ်း
ရာကို၊ ဇာနာသိနော—သိပါ၏လော၊ ဣတိ—ဤသို့ ဆိုလေပြီ၊
ဘဂဝါ အဝေါစ— ဘုရား ဟောသည်ကား၊ အာဝုသော—
တကာ နတ်သား၊ အဟံ—ငါကား၊ သတ္တာနံ—သတ္တဝါတို့
၏၊ နိမောက္ခံ-လွတ်လပ်ရာကို၊ ပမောက္ခံ— ထွက်မြောက်
ရာကို၊ ဝိဝေကံ—ဆိတ်သုဉ်းရာကို၊ ဇာနာမိ ခေါ— အမှန်
သိ၏၊ ဣတိ—ဤသို့ ဆိုလေပြီ၊ မာရိသ—အရှင်ဘုရား၊ တွံ—
အရှင်ဘုရားသည်၊ ယထာ ကထံ ပန — အဘယ်သို့လျှင်၊
သတ္တာနံ — သတ္တဝါတို့၏၊ နိမောက္ခံ — လွတ်လပ်ရာကို၊
ပမောက္ခံ— ထွက်မြောက်ရာကို၊ ဝိဝေကံ— ဆိတ်သုဉ်းရာကို၊
ဇာနာသိ—သိပါသနည်း။ ဣတိ—ဤသို့ မေးပြန်၏၊ နန္ဒိဘဝ
ပရိက္ခယာ — နှစ်သက်ခြင်း ဘဝတဏှာ ကုန်သောကြောင့်၊

ဝေဒနာနိရောဓာ — ဝေဒနာ ချုပ်သောကြောင့်၊ သညာ ဝိညာဏ သင်္ခါ — သညာ ဝိညာဉ် ကုန်သောကြောင့်၊ ဥပသမာ—ငြိမ်းခြင်းကြောင့်၊ အာဝုသော—တကာ နတ်သား၊ ဧဝံ ခေါ—ဤသို့လျှင်၊ သတ္တာနံ—သတ္တဝါတို့၏၊ နိမောက္ခံ— လွတ်လပ်ခြင်းကို ( ပ ) ဝိဝေကံ — ဆိတ်သုဉ်းခြင်းကို၊ ဇာနာမိ—သိ၏၊ ဣတိ — ဤသို့ ဆို၏။

ဤ စကားစုတွင် "နန္ဒီဘဝ ပရိက္ခယာ=နှစ်သက်သော ဘဝတဏှာ ကုန်၏" ဟူရာ၌ ဘဝကို နှစ်သက်ခြင်း တဏှာ ကုန်ခန်းသည် ဟု သိရမည်၊ "ဝေဒနာ နိရောဓာ" ဟူသော စကား အရ ဝေဒနာ အစု ချုပ်သည်ကို မှတ်၊ "သညာ ဝိညာဏ သင်္ခါ" ဟူသော စကား အရ သညာအစု နှင့် ဝိညာဉ် အစု ကုန်သည်ကို မှတ်။

ဘဝ၌ တပ်မက်သော တဏှာ ချုပ်သော ကြောင့် ဝေဒနာ, သညာ, ဝိညာဉ် ချုပ်သည်၊ ထို့ကြောင့် သတ္တဝါတို့ လွတ်လပ်သည် ဟု ဆို၏၊ ကိုယ်အစုတို့ကား ရုပ်ကိုယ်, ဝေဒနာကိုယ်, သညာကိုယ်, သင်္ခါရကိုယ်, ဝိညာဉ်ကိုယ် ဟု ငါးမျိုး ရှိကုန်၏၊ ၎င်းတွင် ရုပ်ကိုယ် မထည့်သည်မှာ အဘယ့်ကြောင့်နည်း— အခြား ကိုယ်အစုများ ကွယ်ပခဲ့သော် ရုပ်ကိုယ် အစုလည်း ကွယ်ပခြင်းမှာ ထင်ရှားသောကြောင့် အထူး မဆို၊ သင်္ခါရကိုယ် မထည့်

သည်မှာ အဘယ့်ကြောင့်နည်း—ဝိညာဉ်ကိုယ် ချုပ်လျှင် စေတနာ ချုပ်ပြီး ဖြစ်၍ငြိမ်း တကျော ကုန်ခြင်းဖြင့် ဥပါဒါန် ကုန်၏- ဥပါဒါန် ကုန်သော် ကမ်စေတနာ ဟူသော သင်္ခါရမှာ ချုပ်ပြီး ကွယ်ပြီး ပင်ဖြစ်၍ငြိမ်း ဤသင်္ခါရကိုယ်မထည့်ဘဲ ထားသည်၊ စင်စစ်ကား မေးသော နတ်မှာ ဉာဏ် မရှိ၊ သို့ကြောင့် ဘုရား၏ လိုရင်း အဖြေ၌ ဖြည့်စွက် မေးမြန်းရန်နားမလည်ချေ၊ ဘုရား၏ ရည်ရွယ်ချက်မှာ ချုပ်ငြိမ်းကြောင်း ကျင့်ဝတ် ပဋိပတ်ကို ပြရန် သင်္ခါရကိုယ်ကို ချန်ထားခြင်း ဖြစ်၏၊ ၎င်းမှာလည်း မခမး၍ မခဖြေရ၊ တကျော ချုပ်ခြင်းဖြင့် သင်္ခါရချုပ်မှာ သဘာဝသိဒ္ဓိတည်း၊ အဝိဇ္ဇာ ချုပ်၍ သင်္ခါရ ချုပ်သည်မှာလည်း သဘာဝသိဒ္ဓိ ပင်တည်း။

ဝိဓဝကသုတ်နိသျ ပြီး၏။

# ၁၇ – အမာရဝိသယသုတ္တံ

[ မာရသံယုတ္တ-ဒုတိယ ]

ယတ္ထ စ ခေါ ပါပိမ နတ္ထိ စက္ခု နတ္ထိ ရူပါ နတ္ထိ စက္ခုသမ္ဖဿဝိညာဏာယတနံ အဂတိ တဝ တတ္ထ ပါပိမ ယတ္ထ စ ခေါ ပါပိမ နတ္ထိ သောတံ နတ္ထိ သဒ္ဒါ သောတသမ္ဖဿဝိညာဏာယတနံ ဃာနံ ဂန္ဓာ ဃာနသမ္ဖဿဝိညာဏာယတနံ ဇိဝှါ ရသာ ဇိဝှါသမ္ဖဿဝိညာဏာယတနံ နတ္ထိ ကာယော ဖောဋ္ဌဗ္ဗာ ကာယသမ္ဖဿဝိညာဏာယတနံ ယတ္ထ စ ခေါ ပါပိမ နတ္ထိ မနော နတ္ထိ ဓမ္မာ နတ္ထိ မနောသမ္ဖဿဝိညာဏာယတနံ, အဂတိ တဝ တတ္ထ ပါပိမ။

# အမာရဝိသယသုတ်နိဿယ

[ မာရသံယုတ်-ဒုတိယ ]

ပါပိမ — အလိုယုတ်စွာသော ဟယ် ကာမ၊ ယတ္ထ — အကြင် အရပ်ဌာန, နေရာ, ဒေသ, ပုဂ္ဂိုလ်, သတ္တဝါမှာ၊ ဝါ— အကြင် နိဗ္ဗာန်၌၊ စခေါ—ကေန် စင်စစ်၊ စက္ခု—မျက်စိသည်၊ နတ္ထိ—မရှိ၊ ရူပါ—အဆင်းတို့သည်၊ နတ္ထိ—ထင်ရှား မရှိကုန်၊ စက္ခုသမ္ဖဿဝိညာဏာယတနံ—မျက်စိ၌ တွေ့ထိခြင်း ဖဿကို ဖြစ်စေတတ်သော ဝိညာဉ်သည်၊ နတ္ထိ — ထင်ရှား မရှိ၊ ပါပိမ—အလိုယုတ်စွာသော ဟယ် ကာမ၊ တတ္ထ—ထို အရပ် ဌာန, နေရာ, ဒေသ, ပုဂ္ဂိုလ်, သတ္တဝါ၌၊ ဝါ—ထိုနိဗ္ဗာန် မှာ၊ တဝ—သင် ကာမ၏၊ အဂတိ—မရောက်ရာတည်း၊ ဝါ— မရောက်နိုင်၊ ဝါ—သွားလမ်း မရှိ။

အဂ္ဂိပ္ပါယ်မှာ မျက်စိ အဆင်း နှင့် အသိစိတ်၃-မျိုး စုံ ရှိရာတွင် သာ အလိုကာမ ရောက်ဆိုက်နိုင်သည်၊ မျက်စိ အဆင်း နှင့် အသိစိတ် မရှိရာ၌ အလိုကာမ မရောက်ဆိုက်နိုင်၊ အကြောင်းကား တည်မက်ခြင်း မရှိသောကြောင့်တည်း၊

ပါပိမကား ပုဂ္ဂိုလ်စွဲ အားဖြင့် မာရ်နတ် ဟောတည်း၊ ကာမနတ်ကား ကိလေသာကို ပိုင်သည်၊ ၎င်းကိလေသာ မျှားစဖြင့် သတ္တဝါများကို ပစ်ခတ်၍ ကာမနယ်သို့ သွင်းသည်၊ ၎င်းမှာလည်း ဗြဟ္မာတို့၏ အလိုနှင့် ဖြစ်နိုင်သည် ဟု ဟိန္ဒူ တို့၏ အယူဟောင်းကြီး ဖြစ်၏၊ ၎င်းအတိုင်း ရေး ထားသော ရှေးစာပေများ အရ မာရပါပိမ ပါရှိ ရာ၌ ကာမနတ်စွဲ ထား၍ ဗုဒ္ဓဘာသာ၌ မာရ်နတ် ဖြစ်ပေါ်လာ၏။

ဗုဒ္ဓဘာသာသည် မာရ်ဆိုင်ရာတွင် မာရ်နတ်ကို မမှတ်ရ၊ ကိလေသာကာမကို သာ မှတ်ရမည်၊ ရှေး သီဟိုဠ်ဋီကာကြီးများ၏ အမှားလမ်းကို လိုက်၍ ပြနေ သော သီဟိုဠ်သုတ္တာနုလောမကျမ်း နှင့် အဋ္ဌကထာ သစ် ဝါဒများကို မလိုက်ကြလင့်၊ ဗုဒ္ဓဘာသာ ပီပီ သဘာဝတရားမှန်၌ ထိုင်ကြပါ၊ တည်တည်တံ့တံ့ မယိမ်းမယိုင် မရွေ့မရှား တည်နေကြပါ၊ ကုလား စည်း လိုက်သော သီဟိုဠ်တုကို မလိုက်ကြ-မခိုးကြ- မတုကြပါလင့်၊ ဘုရားစည်း ကို သာ လိုက်ကြပါ။

ပါပိမ—အလိုယုတ်စွာသော ဟယ် ကာမ၊ ယတ္ထ— အကြင် နိဗ္ဗာန်၌၊ ဝါ—အရပ်, ဒေသ, ပုဂ္ဂိုလ်၌၊ စ ခေါ— စင်စစ်၊ သောတံ—နားသည်၊ သဒ္ဒါ—အသံတို့သည်၊ သောတသမ္ဖဿ ဝိညာဏာယတနံ—နား အသိစိတ်သည်၊ နတ္ထိ—ထင်ရှား မရှိ

ဃာန်—နှာခေါင်းသည်၊ ဂန္ဓာ—အနံ့တို့သည်၊ ဃာနသမ္ဖဿဝိညာဏာယတနံ—နှာ အသိစိတ်သည်၊ နတ္ထိ–ထင်ရှား မရှိ၊ ဇိဝှါ—လျှာသည်၊ ရသာ—အရသာတို့သည်၊ ဇိဝှါသမ္ဖဿဝိညာဏာယတနံ— လျှာ အသိစိတ်သည်၊ နတ္ထိ — ထင်ရှား မရှိ၊ ကာယော—ကိုယ်သည်၊ ဖောဋ္ဌဗ္ဗာ— အတွေ့တို့သည်၊ ကာယသမ္ဖဿဝိညာဏာယတနံ—ကိုယ်အသိစိတ်သည်၊ နတ္ထိ—ထင်ရှား မရှိ၊ မနော—စိတ်ကူးသည်၊ ဓမ္မာ — စိတ်ကူးရရာ အာရုံတို့သည်၊ မနောသမ္ဖဿဝိညာဏာယတနံ — စိတ်ကူး အသိစိတ်သည်၊ နတ္ထိ—မရှိ၊ တတ္ထ — ထို နေရာ၌၊ ဝါ—နိဗ္ဗာန်၌၊ တဝ—သင် ကာမ၏၊ အဂတိ— မရောက်ဆိုက်ရာ တည်း၊ ဝါ—သွားလမ်း မရှိ။

အမာရဝိသယသုတ်နိဿျ ပြီး၏။

## ၁၈—ပဇ္ဇောတနိဗ္ဗာနသုတ္တံ

[ ဒီဃမဟာပရိနိဗ္ဗာန-ဗြဟ္မသံယုတ္တ ]

---

( က ) နာဟု အဿာသပဿာသော,
ဌိတ စိတ္တဿ တာဒိနော၊
အနေဇော သန္တိ မာရဗ္ဘ,
စက္ခုမာ ပရိနိဗ္ဗုတော။

( ခ ) အသလ္လီနေန စိတ္တေန,
ဝေဒနံ အဇ္ဈဝါသယိ၊
ပဇ္ဇောတဿေဝ နိဗ္ဗာနံ,
ဝိမောက္ခော စေတသော အဟု။

# ပဋ္ဌောတနိဗ္ဗာနသုတ်နိသျှ

[ ဒီဃမဟာပရိနိဗ္ဗာန-ဗြဟ္မသံယုတ် ]

---

( က ) ဌိတစိတ္တဿ — တည်တံ့ မြဲခိုင်သော စိတ်ရှိ တော်မူထသော၊ တာဒိနော — လောကဓံ၌ ခံရည် ရှိ၍ တည်တံ့စွာထသော ဘုရားရှင်၏၊ အဿာသ ပဿာသော— ထွက်သက် ဝင်သက်သည်၊ နာဟု — ချုပ်ငြိမ်း သေပြီ၊ အနေဇော— ဘဝတဏှာ ကင်းတော်မူသော၊ စက္ခုမာ — သဗ္ဗညုတ ဉာဏ်တော်ရှင်သည်၊ သန္တိံ — ရာဂ စသော မီး တဆဲ့တသီးတို့၏ ဧးမြခြင်းကို၊ အာရဗ္ဘ—အကြောင်းပြု၍၊ ဝါ—သန္တိမာရဗ္ဘ— ရာဂ စသည် မီးငြိမ်းဧးသည် ဖြစ်၍၊ ပရိနိဗ္ဗုတော—ပရိနိဗ္ဗာန် စံလေပြီ၊ ဝါ—ခန္ဓာဇာတ်သိမ်း ငြိမ်းဧးတော်မူလေပြီ။

ဘုရားရှင်ပျံတော်မူပြီ ဟု ဆိုလိုသည်၊ သို့သော် ပုထုဇဉ် သေက္ခတို့၏ ပျံတော်မူခြင်းကဲ့သို့ စုတိစိတ် ကျခြင်းကား မဟုတ်၊ ဘုံ, ဘဝ, ဂတိ အားလုံး၌ ဖြစ်ရခြင်းမှာ ငြိမ်းစဲလေပြီ၊ ထို့ကြောင့် "ပရိနိဗ္ဗုတော" ဟု ဆိုလေလည်၊ ဒီဃနိကာယ် မဟာ-

ပရိနိဗ္ဗာနသုတ်၌ "ယံကာလ မကာရိမှနိ" ဟု ရှိ၏၊ "သန္တိ မာရဗ္ဘ" အရ အနက်မှန် မထင် ကြ၍ အဂိပ္ပါယ်မှန် မသိကြ၊ အရှင်အာဒိစ္စဝံသ မှ တပါးမည်သူမျှ ပုဒ်ကို အနက် မထင်ခဲ့ပူးသေးချေ၊ "နိဗ္ဗာန်ကို အာရုံပြု၍"ဟု အနက် တချို့ ထင်ကြ၏၊ "ပဋိသန္ဓိ, ဘဝင်, စုတိ တူမြဲ" ဟူသော သင်္ခတနယ်က စိတ်တုတ် နှင့် အသင်္ခတနယ်က တင်းတောင်းကို တိုက် နေကြ၏၊ ဘုရားကား ရာဂ စသည် ငြိမ်း၍ ပျံတော် မူ၏။

ဘယ်သွားသနည်း— ဘယ်မှ မသွား မကြွ မပျံ မငုပ် မပြန်လည်း ထိုဘဝ စုတိ အဆုံးတွင် ပင် ဘဝ ဇာတ် သိမ်းလေသည်၊ ဘယ်ကို အာရုံ ပြုသနည်း— အာရုံ လုံးလုံး မပြု၊ ဘုံ, ဘဝ, တဏှာ ရှိမှ သာ အာရုံပြု၏၊ ဘုရား ရဟန္တာတို့မှာ အာသဝေါ ကင်း ခင်ပြီး ဖြစ်၍ အာရုံ လုံးလုံး မရှိ၊ ဆိုလတ္တံ့ ဂါထာ ဖြင့် ထင်ရှား သိရမည်။

( ၁ ) အသလ္လီနေန စိတ္တေန—တွံ့ရှုံ့ခြင်း ကင်းသော စိတ်ရှိသည် ဖြစ်၍၊ ဝေဒနံ—သေးသွန် ရောဂါ ဝေဒနာကို၊ အဇ္ဈဝါသယိ— သည်းခံတော်မူပြီ၊ ( နာကျင်မှု မရှိဟူလို ) ပဇ္ဇောတဿ—ဆီမီးတိုင်၏၊ နိဗ္ဗာနံ ဣဝ—ငြိမ်းစဲခြင်း ကဲ့သို့၊ စေတသော—စိတ်တော်၏၊ ဝိမောက္ခော—လွတ်လပ် ပေါက် ရောက် ထွက်မြောက်တော်မူသည်၊ အဟု—ဖြစ်လတ်ပြီ။

ဤ စကားဖြင့် ကမ် စသည် နိမိတ်စွဲ မရှိ ဉပါဒါနစွဲ လွတ်သည်၊ ဉပမာ ဆီမီးတောက် ငြိမ်းငြံ သကဲ့သို့တည်း ဟု သိစေ၏၊ ဤသို့ ပင် အရှင်အနုရုဒ္ဓ မထေရ်က ပရိနိဗ္ဗာန် စံပြီး ပြီးချင်း ရှင်းလင်းခဲ့ချက် ရှိပါလျက် အဋ္ဌကထာ ဋီကာ လက်ာတွေ အမျိုးမျိုး ရှုပ်ထွေးကဲ့ကြ၏၊ ဤနိသျှဖြင့် နောက်သား နောက် လာတို့ ရှင်းလင်းကြပါလိမ့်မည် ဟု မျှော်လင့်ပါ သည်။

ပဋ္ဌာတနိဗ္ဗာနသုတ်နိသျှ ပြီး၏။

# ၁၉- ရာဂက္ခယသုတ္တံ

[ ဇမ္ဗုခါဒက-သဠာယတန-အသင်္ခတသံယုတ္တ ]

---

နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ ကတမံ နု ခေါ အာဝုသော နိဗ္ဗာနန္တိ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အာဝုသော် နိဗ္ဗာနန္တိ။

# ရာဂက္ခယသုတ်နိဿျ

[ ဇမ္ဗုခါဒက-သဠာယတန-အသင်္ခတသံယုတ် ]

နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ—ငါ့ရှင်သာရိပုတ်- နိဗ္ဗာန် နိဗ္ဗာန် ဟု ဆိုအပ်ပါသည်၊ တတမံ နုခေါ အာဝုသော နိဗ္ဗာနန္တိ—အဘယ် တရားသည် နိဗ္ဗာန် မည်ပါသနည်း ငါ့ရှင်၊ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော — အို....ငါ့ရှင်- ရာဂ တပ်မက်ခြင်း, ဒေါသ အမျက်ထွက်ခြင်း - ပြစ်မှားခြင်း, မောဟ တွေဝေ မိန်းမောခြင်းများ ကုန်ခန်းခြင်း မည်သည် ရှိ၏၊ ဣဒံ ဝုစ္စတိ အာဝုသော နိဗ္ဗာနန္တိ—အို.... ငါ့ရှင်-ဤအရာကို နိဗ္ဗာန် ဟု ဆိုအပ်၏။

ဤနေရာ၌ ရှေး ပိဋကဆောင် ဆရာကြီးများ ပိဋကတော်ကို အရုပ်ဆိုးအောင် ပြုလုပ်ထားချက်ကား "အသင်္ခတံ အသင်္ခတန္တိ အာဝုသော ဝုစ္စတိ" စသည် သဒ္ဒါပရိယာယ်မျှ ကွဲပြားလျက် အလားတူ နိဗ္ဗာနသုတ်များကို ဆိုထား၏။

ၛင်း၌ အောက်ပါ နိဗ္ဗာန် ပရိယာယ်စု များ သောအားဖြင့် ပါဝင်လေသည်၊ ၎င်းများကို နိဗ္ဗာန် ဆိုရာ၌ သဘော ပေါက်စေရန် ပုဒ်နက်မျှ ညွှန်ပြ ထားအပ် သတည်း။

၁။ အစ္စုတ=မရွေ့လျောရာ
၂။ အစ္ဆရိယ=အံ့သြဘွယ်ရာ
၃။ အဇဇ္ဇရန္တ=မအိုရာ - မဆွေးရာ
၄။ အဇရ=မအိုရာ
၅။ အဇာတိ=မဖြစ်ရာ
၆။ အဒုက္ခ=မဆင်းရဲရာ
၇။ အနုဟ=မညှတ်ကိုင်းရာ
၈။ အနာလယ=အမှီ ကင်းရာ
၉။ အနာသဝ=မပွါးစီးရာ
၁၀။ အနိဒဿန=မညွှန်ပြရာ
၁၁။ အနီတိက=ဥပါဒ် ကင်းရာ
၁၂။ အပလောကန=မပျက်စီးရာ
၁၃။ အစ္ဆုတ=မဖြစ်သင့်ရာ
၁၄။ အဗျာဓိ=အဖျား ကင်းရာ
၁၅။ အဗျာပဇ္ဇ=ကြောင့်ကြ ကင်းရာ

၁၆။ အမတ = မခသေရာ

၁၇။ အသင်္ခတ = ပြုပြင် ကင်းရာ

၁၈။ အသောက = မစိုးရိမ်ရာ

၁၉။ ခေမ = အေးမြရာ·ဘေးကင်းရာ

၂၀။ တဏှက္ခယ = တဏှာမက် ကုန်ရာ

၂၁။ တာဏ = လုံခြုံရာ

၂၂။ ဒီပ = မှီခိုရာ

၂၃။ ဒုက္ခက္ခယ = ဆင်းရဲ ကုန်ရာ

၂၄။ ဒေါသက္ခယ = စိတ်ဆိုး ကုန်ရာ

၂၅။ ဓမ္မ = သဘော မှန်ရာ

၂၆။ ဓုဝ = မြဲခိုင်ရာ

၂၇။ နိပုဏ = သိမ်မွေ့ရာ

၂၈။ နိပ္ပပဉ္စ = နှယ်မချဲ့ရာ

၂၉။ နိဗ္ဗာန = ငြိမ်းရာ·အစေးမရှိရာ

၃၀။ နိဗ္ဗုတိ = အေးမြရာ

၃၁။ ပဏီတ = တောင့်တရာ

၃၂။ ပဒ = ရောက်ဆိုက်ရာ

၃၃။ ပရာယဏ = လည်းလျောင်းရာ

၃၄။ ပါရ = ဟိုမှာဘက်ကမ်း

၃၅။ မုတ္တိ = လွတ်လပ်ရာ

၃၆။ မောဟက္ခယ = မတွေဝေရာ

၃၇။ ရာဂက္ခယ=တဆိမကင်းရာ
၃၈။ လေဏ=ပုန်းအောင်းရာ
၃၉။ ဝိရာဂ=တဆိမကင်းရာ
၄၀။ ဝိဝေက=ဆိတ်ကွယ်ရာ
၄၁။ သစ္စ=မှဲ့ရာ-မှန်ရာ
၄၂။ သန္တိ=ငြိမ်းရာ
၄၃။ သရဏ=ကိုးစားရာ
၄၄။ သီတ=ငြိမ်းရာ
၄၅။ သုခ=ချမ်းသာရာ
၄၆။ သုဒုဒ္ဒသ=အမြင်ခက်ရာ
၄၇။ သုဒ္ဓိ=စင်ကြယ်ရာ

ရာဂက္ခယသုတ်နိဿယ ပြီး၏။

# ၂၀ - ရာဂဝိနယသုတ္တံ

[ သံယုတ္တ-မဟာဝဂ္ဂ ]

---

ရာဂဝိနယော ဒေါသဝိနယော မောဟဝိနယော တိ ဘန္တေ ဝုစ္စတိ၊ ကိဿ နု ခေါ ဧတံ ဘန္တေ အဓိဝစနံ ရာဂဝိနယော ဒေါသဝိနယော မောဟဝိနယော တိ၊ နိဗ္ဗာနဓာတုယာ ခေါ ဧတံ ဘိက္ခု အဓိဝစနံ ရာဂဝိနယော ဒေါသဝိနယော မောဟဝိနယော တိ အာသဝါနံ ခယော တေန ဝုစ္စတိ။

# ရာဂဝိနယသုတ်နိသျ

[ သံယုတ်-မဟာဝဂ် ]

---

ရာဂဝိနယော ဒေါသဝိနယော မောဟဝိနယော တိ ဘန္တေ ဝုစ္စတိ—အိုး... မြတ်စွာဘုရား - အတသ်မက် ပျောက်ရာ, စိတ်ပြစ်မှား ပျောက်ရာ, တွေဝေ ပျောက်ရာ ဟု ဆို ပါသည်၊ ကိဿ နု ခေါ ဘန္တေ အဓိဝစနံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ—ယင်းများသည် အဘယ် အရာ၏ အမည် ဖြစ်ပါသနည်း၊ နိဗ္ဗာနဓာတုယာ ခေါ ဧတံ ဘိက္ခု အဓိဝစနံ ရာဂဝိနယော ဒေါသဝိနယော မောဟဝိနယောတိ—အိုး... ရဟန်း ယင်းများကား နိဗ္ဗာနဓာတ် အတသ်အမက် ငြိမ်းခြင်း သဘောတရား၏ အမည် ဖြစ်၏၊ ထို့ကြောင့် ဧဝံ အာသဝက္ခယ ပွါးစီးရေး ကုန်ရာ ဟု ဆို အပ်၏။

( အဓိပ္ပါယ် မခဲခက် )

ရာဂဝိနယသုတ်နိသျ ပြီး၏။

# ၂၁—အနုပါဒါပရိနိဗ္ဗာနသုတ္တံ

[ အင်္ဂုတ္တရ·သတ္တကနိပါတ·ပုရိသဂတိသုတ္တ ]

---

ကတမဉ္စ ဘိက္ခဝေ အနုပါဒါ ပရိနိဗ္ဗာနံ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဧဝံ ပဋိပန္နော ဟောတိ၊ နော စဿ နော စ မေ သိယာ န ဘဝိဿတိ န မေ ဘဝိဿတိ ယဒတ္ထိ ယံ ဘူတံ တံ ပဇဟာမီတိ ဥပေက္ခံ ပဋိလဘတိ၊ သော ဘဝေ န ရဇ္ဇတိ သမ္ဘဝေ န ရဇ္ဇတိ၊ အတ္ထုတ္တရိ ပဒံ သန္တံ သမ္မပ္ပညာယ ပဿတိ၊ တဉ္စ ခွဿ ပဒံ သဗ္ဗေန သဗ္ဗံ သစ္ဆိကတံ ဟောတိ၊ တဿ သဗ္ဗေန သဗ္ဗံ မာနာနုသယော ပဟီနော ဟောတိ၊ သဗ္ဗေန သဗ္ဗံ ဘဝရာဂါနုသယော ပဟီနော ဟောတိ၊ သဗ္ဗေန သဗ္ဗံ အဝိဇ္ဇာနုသယော ပဟီနော ဟောတိ၊ သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒါ ပရိနိဗ္ဗာနံ။

# အနုပါဒါပရိနိဗ္ဗာန သုတ်နိသျ

[ အင်္ဂုတ္တရ-သတ္တနိပါတ-ပုရိသဂတိသုတ် ]

---

ကတမံ စ ဘိက္ခဝေ အနုပါဒါ ပရိနိဗ္ဗာနံ—ရဟန်းတို့.... အစွဲးကင်း၍ ပတ်ဝန်းကျင်မှ ငြိမ်းအေးခြင်း ဟူသည် အဘယ်နည်း၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဧဝံ ပဋိပန္နော ဟောတိ — ရဟန်းတို့ .... ဤ သာသနာတော်၌ ရဟန်းသည် ဤသို့ ကျင့်ဆောင်၏၊ နော စဿ — ငါမဖြစ်ရာ၊ နော စ မေ သိယာ — ငါ့ဟာလည်း မဖြစ်ရာ၊ နဘဝိဿတိ — ငါ မဖြစ်လတ္တံ့၊ န စ မေ ဘဝိဿတိ— ငါလည်း မဖြစ်လတ္တံ့၊ ယဒတ္ထိ ယံ ဘူတံ တံ ပဇဟာမိ တိ ဥပေက္ခံ ပတိလဘတိ— ထင်စွာ ရှိသော အရာ နှင့် ထင်စွာ ဖြစ်သော အရာကို စွန့်ပယ်၏ ဟု လျစ်လျူစိတ်ကို စွဲးယူလေသည်၊ သော ဘဝေ န ရဇ္ဇတိ—ရင်းသည် ဖြစ်ဆဲ ဘုံဘဝ ကို မတသ်မက်၊ သမ္ဘဝေ န ရဇ္ဇတိ — ဘဝ ဖြစ်အောင် လုပ်သည့် ကမ်ကို လည်း မတသ်မက်၊ အထုတ္တရိ ပဒံ သန္တံ သမ္မာ ပညာယ ပဿတိ — ထို့နောက် ဤထက် အလွန် မဂ်ဖြင့် ရောက်

အပ်သည့် ဘဝ တသ်မက်ရေး ဧမြရာ နိဗ္ဗာန်ကို မှန်ကန်သော ဉာဏ်ဖြင့် ရှုမြင်၏၊ တံ စ ခွဿ ပဒံ သဗ္ဗေန သဗ္ဗံ သစ္ဆိကတံ ဟောတိ—ယင်းသည့် နိဗ္ဗာန်သည်လည်း ၎င်းမှာ အချင်း ခပ်သိမ်း မျက်မှောက် ဖြစ်၏၊ တဿ သဗ္ဗေန သဗ္ဗံ မာနာ နုသယော ပဟီနော ဟောတိ—ထိုသူမှာ အချင်း ခပ်သိမ်း လူ နတ် စသည် အထင်အမှတ်သည်လည်း ပယ်ပြီး ဖြစ်လေသည်၊ သဗ္ဗေန သဗ္ဗံ အဝိဇ္ဇာနုသယော ပဟီနော ဟောတိ—အချင်းခပ်သိမ်း တွေဝေ မိန်းမောခြင်း သည်လည်း ပယ်ခွါပြီး ဖြစ်လေသည်။

သော အာသဝါနံ ခယာ အနာသဝံ စေတော ဝိမုတ္တိံ ပညာ ဝိမုတ္တိံ သစ္ဆိကတွာ ဥပသံပဇ္ဇ ဝိဟရတိ — ၎င်းသည် လောက ပွါးစီးရေးတို့ ကုန်ခန်း၍ ပွါးစီးရေး ကင်းသော စိတ်လွတ်လပ်ခြင်း, ပညာလွတ်လပ်ခြင်းကို မျက်မှောက် ပြုလုပ် ရောက်နေ၏၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒါ ပရိနိဗ္ဗာနံ—ရဟန်းတို့...၎င်းတို့ကို အစွဲကင်း၍ ပတ်ဝန်းကျင်မှ ငြိမ်းဧးခြင်း ဟု ဆိုအပ်၏။

ဤ၌ အနုပါဒါ ပရိနိဗ္ဗာန် ဟူသည်ကား ကာမ အစရှိသော အစွဲးလေးပါးမှ ကင်း၍ ပတ်ဝန်းကျင်မှ ငြိမ်းဧးခြင်းကို ဆို၏၊ ၎င်းမှာ လက်ငင်း သန္ဒိဋ္ဌိက နိဗ္ဗာန်ကို ဆို၏၊ ၎င်းမှာ ရဟန္တာ၏. မဂ်ခဏမှ စ၍ မှတ်အပ်၏၊ ဤသို့ ဖြစ်ရန် ကျင့်ဝတ်ကား "နေ့ဝစသာ" စသည် ငါးချက် ပင် တည်း၊ အားလုံးတို့

သော အတ္တ၊ အတ္တနိယ ၂-ပါးကို ပယ်စွန့်ခြင်းကို အချုပ် ဆိုလို၏၊ "သော ဘဝေ န ရဇ္ဇတိ" စသည် ပုဒ်ကား ၎င်း၏ အရဟတ္တမဂ်ကို ဆို၏၊ "အထုတ္တရိ" စသည် ဝါကျကား ၎င်းဖလ လက္ခဏာကို ပြ၏၊ "တံ စ ခ္ဂသာ" စသော ဝါကျကား ပစ္စဝေက္ခဏာ ဉာဏ်ကို ဆို၏၊ ဤမျှဖြင့် ကိစ္စပြီး၍ "ဣဒံ ဝုစ္စတိ ဘိက္ခဝေ" ဟူသော နိဂုံးဝါကျ သတိ ပြုသင့်လေပြီ၊ ထို့ကြောင့် "တဿ သဗ္ဗေန သဗ္ဗံ" မှ "ဥပသမ္ပဇ္ဇ ဝိဟရတိ" တိုင် အကြား ဝါကျစုကား အပို နှုတ် မှား လက်မှားတည်း၊ ဉာဏ်မှားနှင့် ထည့်ထား ချက် ဖြစ်ကြောင်းကား "စေတော ဝိမုတ္တိ" ကို ထည့်မှုဖြင့် ပေါ်လွင်၏၊ "စေတော ဝိမုတ္တိ" ဖြစ်ခွင့် လုံးလောက်သော ကျင့်ဝတ် မဟုတ်သောကြောင့် တည်း။

အနုပါဒါပရိနိဗ္ဗာနသုတ်နိဿယ ပြီး၏။

# နိဂမန်

၁။ ဗာဟိယော တဒါယာဘန်,
အဇာတံ စ အနိဿိတံ၊
အယောဃနံ စ ဝိညာဏံ,
နိရောဓံ လောကဿန္တကံ။

၂။ ပဒီပေါပမံ ပပဉ္စ,
နိရောဓံ ဒုက္ခဿန္တကံ၊
အဂတိဒိသံ နိဗ္ဗာန,
သုခံ သန္တပဏီတကံ။

၃။ သန္တပဏီတသညံ စ,
သင်္ခါရာနံ ဝူပသမံ၊
ဝိဝေကာ မာရဝိသယံ,
ပဇ္ဇောတနိဗ္ဗာနံ တထာ။

၄။ ရာဂက္ခယံ စ ရာဂါနံ ,
ဝိနယံ စ ပုနာ ပရံ၊
အနုပါဒါယ နိဗ္ဗာနံ ,
သုတ္တာနိ ဧကဝီသတိ။

၅။ ပဥ္စနိကာယဏ္ဏဝါနိ ,
အာဒိစ္စာစရိယဿ မေ၊
ဥဒ္ဓရတော သမာသေန ,
ဥဒ္ဓဋာနိ တတော တတော။

ဣတိ

အာဒိစ္စဝံသာ စရိယေန ဝိရစိတော
နိဗ္ဗာနသုတ္တသင်္ဂဟော နိဋ္ဌိတော။

# ကျမ်းနိဂုံးနိသျ

စ—ကျမ်းပြီး အချုပ် နိဂုံးအုပ်အုံ၊ တွေ့ာ၁ကား—ဤဒွေ့
ဤမျှသော စကား အစဉ်ဖြင့်၊ ( ၁ ) ဗာဟိယော ဝ—
ဗာဟိယသုတ်၊ ( ၂ ) တဒါယတနံ စ—တဒါယတနသုတ်၊
( ၃ ) အဇာတံ — အဇာတသုတ်၊ ( ၄ ) အနိဿိတံ —
အနိဿိတသုတ်၊ ( ၅ ) အယောဃနံ — အယောဃန
သုတ်၊ ( ၆ ) ဝိညာဏနိရောဓံ — ဝိညာဏနိရောဓသုတ်၊
( ၇ ) လောကသန္တံ—လောကသန္တသုတ်၊ ( ၈ ) ပဒီပေါ
ပမံ— ပဒီပေါပမသုတ်၊ ( ၉ ) ပပဉ္စနိရောဓံ — ပပဉ္စနိရောဓ
သုတ်၊ ( ၁၀ ) ဒုက္ခသန္တကံ—ဒုက္ခသန္တသုတ်၊ ( ၁၁ ) အဂတ
ဒိသံ— အဂတဒိသသုတ်၊ ( ၁၂ ) နိဗ္ဗာနသုခံ — နိဗ္ဗာနသုခ
သုတ်၊ ( ၁၃ ) သန္တပဏီတကံ — သန္တပဏီတသုတ်၊
( ၁၄ ) သန္တပဏီတသညံ—သန္တပဏီတသညသုတ်၊ ( ၁၅ ) သင်္ခါ
ရုပသမံ — သင်္ခါရုပသမသုတ်၊ ( ၁၆ ) ဝိဝေကံ —
ဝိဝေကသုတ်၊ ( ၁၇ ) အမာရဝိသယံ — အမာရဝိသယ
သုတ်၊ ( ၁၈ ) ပစ္စောတနိဗ္ဗာနံ — ပစ္စောတနိဗ္ဗာနသုတ်၊
တထာ -- ထိုမှို၊ ( ၁၉ ) ရာဂက္ခယံ စ— ရာဂက္ခယသုတ်
( ၂၀ ) ရာဂါနံ ဝိနယံ—ရာဂဝိနယသုတ်၊ ပုနာ ပရံ —

သို့မှ တဖန်၊ ( ၂၁ ) အနုပါဒါယနိဗ္ဗာနံ— အနုပါဒါပရိနိဗ္ဗာနသုတ်၊ ဣတိ— သို့၊ ဧကဝီသတိ သုတ္တာနိ — ၂၁-သုတ်တို့ကို၊ အာဒိစ္စာစရိယဿ—အရှင်အာဒိစ္စဝံသ ဆရာဖြစ်သော၊ မေ—ငါသည်၊ ဆမာသေန — ၆-လ အားဖြင့်၊ ပဉ္စနိကာယဏ္ဏဝါနိ—နိကာယ်ငါးဝ ပိဋက ဟူသော သမုဒ္ဒရာကြီးကို၊ ဥတ္တရတော—ကူးခပ် ချပို့စဉ်၊ တတော တတော—ဆိုထို ပါဠိတော် ကျမ်းများမှ၊ ဥဒ္ဓဋ္ဌာနိ — ထုတ်ဆောင်သိမ်းကျုံး အပ်ကုန်၏။

သင်္ဂဟိတော မယာ အတ္ထိ,
နိဗ္ဗာနသုတ္တ သင်္ဂဟော၊
မယာ ဝေ ကတာ တဿ,
ဝဏ္ဏနာ နိဋ္ဌိတံ ဂတာ။

မယာ— ငါသည်၊ သင်္ဂဟိတော— သိမ်းကျုံး စုရုံး ထားအပ်သော၊ နိဗ္ဗာနသုတ္တသင်္ဂဟော— နိဗ္ဗာနသုတ္တသင်္ဂဟ မည်သောကျမ်းသည်၊ အတ္ထိ— စာအုပ်တွင်းတွင် ထင်ရှားစွာ ရှိကဲ့၏၊ မယာ ဝေ—ငါသည် ပင်၊ ကတာ — ရေးသားစီရင်အပ်သော၊ တဿ—ထို နိဗ္ဗာနသုတ္တသင်္ဂဟကျမ်း၏၊ ဝဏ္ဏနာ—အဖွင့်သည်၊ နိဋ္ဌိတံ— ပြီးဆုံးခြင်းသို့၊ ဂတာ—၁၂၉၆ - ခုနှစ် ဝါခေါင်လဆန်း ၁၀—ရက်နေ့ ည ၁၀—နာရီ ၁၀—မိနစ် အချိန်တွင် ပြီးဆုံးပါသတည်း။

ဤ နိဗ္ဗာနသုတ္တသင်္ဂဟကျမ်း၏ နိဿယ ရေးသား ရန် သော ၇-ရက်ခန့်သော အခါ ကာလ အတွင်း စာချချိန်မှ အားလပ်သည့် အချိန်တို့ ပတ်လုံး စုဆည်းပူးပေါင်း ကူညီ အဖွဲ့ကို....

ပထမဆုံး ကျွန်ုပ်အား မွေးဖွားကဲ့သည့် အမိ အဖ နှင့် ဦးဘို့အား ပေးဝေပါသည်။

ဒုတိယ ကျွန်ုပ် အရွယ် ငါးနှစ်သားမှ စ၍ ၁၄-နှစ်သား အထိ အ-အာ စသော သရ, ဗျည်း, အက္ခရာမှ စ၍ လောက ရေးတွင် ပညာရှိ တယောက် ဖြစ်လောက်သော အခြေ တိုင်ရုံး လောကုတ္တရာရေးတွင် ပိဋကတော် အခြေခံမိလောက် အောင်ရုံး ကဗျာရေးတွင် ရေးဖွဲ့ စီကုံးနိုင်သည့် အခြေထိုင်ရုံး သင်ပြပေသော သာမဏေ ဥပဇ္ဈာယ် ဦးရိုး ဆရာတော် ဘုရားကြီးအား ပေးဝေပါသည်။

တတိယ ရဟန်းပြုရန် စိတ် အလျဉ်း မရှိကဲ့သော ကျွန်ုပ် အား အတင်း အဓမ္မ ရဟန်းမပြု မနေရအောင် တရားဓမ္မ ဟောပြော တိုက်တွန်းကဲ့ပေသော ပျော်ဘွယ်မြို့ ဝေဇယန် ဆရာတော် ဖြစ်သည့် ကျွန်ုပ်၏ ပဗ္ဗဇ္ဇာစရိယ ဥပဇ္ဈာယ် ဆရာ တော် အရှင်ဝိမလာနန္ဒထေရ်အား ပေးဝေပါသည်။

စတုတ္ထ ပျော်ဘွယ်မြို့ လေသာကျောင်း ဆရာတော်

အရှင်ဝိလာသမထေရ် မည်သော ဓမ္မကထိကကောင်း ကျွန်ုပ်၏ ဝိနည်းငယ်လေးစောင်, ကင်္ခါ, ဋီကာကျော်, စာချ ဓမ္မာစရိယအား ပေးဝေပါသည်။

ပဉ္စမ မန္တလေးမြို့ ဘုရားကြီးတိုက် မြို့အုပ်ကြီးကျောင်း ပဋ္ဌာနကြိဝါစက ဖြစ်၍ ကျွန်ုပ်၏ သဒ္ဒါ, ဆန်း, အလင်္ကာရ, အဘိဓာန်, ကစ္စာယနသာရ, ဘေဒစိန္တာ, ပုဒ်စစ်, အဘိဓမ္မာ, ညဝါရ်, ဝိနည်းပါဠိတော် ကျမ်းများကို ချပို့ပေးပေသော ဓမ္မာစရိယ အရှင်ဝိသုဒ္ဓ ဆရာတော်အား ပေးဝေပါသည်။

ဆဋ္ဌမ ကျွန်ုပ်သည် ထိုအခါက ပိဋကတော်ကို တနေ့လုံး ထိုင်ရာ မထ ချပို့နိုင်စွမ်းသော ဆရာကို ရှာဖွေနေသည့် အတွင်း အလျဉ်းသင့် တွေ့ရရွေ့ သင်ရိုး အဋ္ဌကထာစုံနှင့် ပဒရူပသိဒ္ဓိ, ဋီကာကျော်, သဂ္ဂတဗျာကရဏ်းကျမ်းများကို ချပို့ပေးပေသော ဓမ္မာစရိယ အရှင်ညာဏိန္ဒာဘိဝံသ (ဋီကာကျော်ယောဇနာ ကျမ်းပြု ဆရာကြီး) အား ပေးဝေပါသည်။

သတ္တမ ကျွန်ုပ်၏ နိဿယဉ်း ဆရာတော်များ ဖြစ်ကြသော (၁) ရန်ကုန်မြို့ ရွှေကျင် ကျောင်းတော်ရာ ဆရာတော် အရှင်သာသနထေရ်၊ (၂) မော်လမြိုင်မြို့ ဟောင်ဝိုင်းကြီး တောရဆရာတော်၊ (၃) ဒိုင်းဝန်ကွင်း ဓမ္မကထိက တောရဆရာတော် အရှင်ပညာသာမိ၊ (၄) ရတနာဘုံပျံ

ဆရာတော် အရှင်ကေတုမာလာ၊ (၅) သထုံမြို့ ခေမာသီဝံ တောရ ဆရာတော် အရှင်ဥက္ကံသထေရ် နှင့် (၆) ကမာကလိတ်ဆရာတော် အရှင်ဇာနေယျမထေရ် များအား ပေးဝေပါသည်။

အဖွင့် သံဝဏ္ဏနာနှင့် တကွသော
နိဗ္ဗာနသုတ္တသင်္ဂဟပါဠိတော် နှင့် နိဿယ
ပြီးဆုံးပြီ။

# အရှင်အာဒိစ္စဝံသ စာပေများ

## အာသောက ကျောက်စာတော် မြန်မာပြန်

ဂင်္ဂါမြစ် ကမ်းရိုးတန်းရှိ ဣန္ဒိယနိုင်ငံ အတွင်းမှ ဗုဒ္ဓ သာသနာကို ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့အောင် သာသနာပြုစု ခဲ့သော အသောက မင်းတရားကြီး၏ ကမ္ဘာ့သာသနာပြု လုပ်ငန်းသည် ဘာ့ကြောင့်အောင်မြင်ခဲ့သလဲ— အာသောက ကျောက်စာတွင် ကြည့်ပါ။

## ဘာသန္တရ လမ်းညွှန်

ရဟန်းတော်များ ဘာသန္တရသင်ကြားလျှင် မဟာအဝိစိ ငရဲ ကျရတော့မတတ် တရားသေ စွဲယူချက်များကို ချွတ်လှဲ့ ထားသော စာအုပ်ဖြစ်၍ ယနေ့ ဘာသန္တရသင် ရဟန်း တော်များ၏ ကျေးဇူးရှင်လည်းဖြစ် — ကမ္ဘာ့ သာသနာပြု လုပ်ငန်းတွင် ( One century ) တစ်ရာစုလောက် ခေတ် ရှေ့ ပြေးနေသော စာအုပ်လည်း ဖြစ်သည်။

## မိလိန္ဒပဥ္စာနိသျ

မှီရာ အဋ္ဌကထာ မရှိဘဲနှင့် မူလ ကျမ်းဆရာ၏ အာ- ဘော်ကို ငုံမိအောင် နိသျ ဖွင့်ဆိုနိုင်သဖြင့် အဂ္ဂမဟာပဏ္ဍိတ ဆရာဖြေကိုယ်တိုင် အကြိမ်ကြိမ် ချီးကျူးခဲ့ရသော စာအုပ် ဖြစ်သည်၊ "အာဒိစ္စဝံသပဥ္စာ" အမည်ဖြင့် ပါဠိလို ရေးသား

ရန် ရည်ရွယ်ကာ - မာန်လည်ဆရာတော် ဘုရားကြီးထံ သွားရောက် နေထိုင်ရာမှ မရေးဖြစ်ဘဲ မိလိန္ဒပဥှာနိသုံ ကို သာ အဘယ့်ကြောင့် ရေးခဲ့ရပုံကို "မြင့်ဆွေ" က "ကျမ်းပလ္လင်" တွင် စိတ်ဝင်စားဘွယ် ဖော်ပြ ထားသည်။

---

## ဘိကျွနီသာသနောပဒေသ

ဗုဒ္ဓသာသနာ့သမိုင်းတွင် ပေါ်တော်ငှ ပေါ်ခဲ့လေ့သော အယူအဆများ နှင့် ပဟေဠိ ဆန်လှသော အရေးအသား များကြောင့် ကိုယ့်အရှက်ကို ကိုယ်တိုင် ခွဲခွဲကြသော ပကာသနိယကမ် နှင့် အပ္ပသာဒပ္ပဝေသနကမ်ပွဲကြီး ဖြစ်ပေါ် လာစေခဲ့ရသော ကျမ်းတဆူ ဖြစ်သည်။

---

## ဘိကျွနီအရေးပုံ

၁၄—တွဲလုံးစုပေါင်းချုပ်ထားသည်၊ ဗုဒ္ဓသာသနာ့ သမိုင်း တွင် ကျောက်ထက် အက္ခရာဖြင့် မော်ကွန်းထိုး ထားထိုက် သော ကြေကွဲဘွယ် ဖြစ်ရပ်များကို အမှန်အတိုင်း မှတ်တမ်း ပြုထားသော "သာသနာ့ မှတ်တိုင်" သဖွယ် စာအုပ်ကြီး ဖြစ် သည်၊ သမိုင်းရေးရာ အတွက်သာ မဟုတ် - မြန်မာ့စကားပြေ နှင့် မြန်မာကဗျာ အရေး အသား အတွက်လည်း စာပေ သမားတိုင်း လက်မလွှတ်နိုင်သော စာအုပ် ဖြစ်သည်။

မင်္ဂလာပိဋကပုံနှိပ်တိုက်

၁၃၂၊ ၃၈—လမ်း၊ [illegible]၊ ကန်တော်လေးစာတိုက်၊
ရန်ကုန်မြို့

ကျမ်းပေါင်း ၄၀၀ – ကျော်မှ အချို့သော

# အရှင်အာဒိစ္စဝံသစာပေများ

ဇမ္ဗူဒ္ဒီပ ဗုဒ္ဓသာသနာ့ သမိုင်းတွင် အယူအဆခန်းအရှင်း, အရေး အသား အရှင်း တောက်ပြောင်လှ သဖြင့် မြန်မာနိုင်ငံ၌ သာ မက ဣန္ဒိယ, သီဟိုဠ်, ယိုးဒယား နှင့် အင်္ဂလန်နိုင်ငံ အထိ အရှင်အာဒိစ္စဝံသ၏ ဂုဏ်သတင်းကို ထင်ပေါ်ကျော်ကြားအောင် ပို့ဆောင်ခဲ့သော အောက်ပါ ကျမ်းစာကောင်းများကို ဖတ်ဘူးပါပြီလား—

ပရိတ္တသင်္ဂဟ ( ပါဠိ, နိဿျ နှင့် အဖွင့် )
သရဏဂုံ နှင့် ကိုးကွယ်ထုံး
ဂုဏ်တော် နှင့် သုံးစွဲထုံး
ဝိမုတ္တိညာဏောပဒေသ
ကဗျာ့မှန် နှင့် ကဗျာ့ချိန်ခွင်
ပဒ္ဒသင်္ဂဟပါဠိ နှင့် ရင်း နိဿျ
ကစ္စာယနသင်္ဂဟပါဠိနိဿျ
နိယာမောပဒေသ
ပဉ္စနိကာယဒပ္ပဏ ( နိကာယ မှန်တော်ကြီး )

●

မင်္ဂလာ ပိဋက ပုံနှိပ်တိုက်
၁၃၊ ၉၇ – လမ်း၊ ဗင်္ဂါလီစု၊ ရန်ကုန်မြို့။

တအုပ် – ၂ – ကျပ်